www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ခင်ဦးခင်ခင် (ဆေးတက္ကသိုလ်)

## ကျွန်တော်လူအ သူလူနောက်


စာမူခွင့်ပြုချက်အမှတ် - ၅၀၁၂၁၇၀၈၀၉

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၂၁၆၀၉၀၉

၂၀၀၉ ခုနှစ်၊ နိုဝင်ဘာလ

ပထမအကြိမ်

တန်ဖိုး - ၁၀၀၀/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ ... ဦးကျော်လှိုင်(၀၃၈၈၇)၊ စေတနာစာပေ အမှတ်(၅၉)၊ ၁၉-လမ်း၊ လသာမြို့နယ်၊ ရန်ကုန်။

ပုံနှိပ်သူ ... ဦးကျော်လှိုင်(၅၅၇၃)၊ စေတနာ-OFFSET အမှတ်(၅၉)၊ ၁၉-လမ်း၊ ရန်ကုန်။

၈၉၅.၈၃

ခင်ဦးခင်ခင်(ဆေးတက္ကသိုလ်)

ကျွန်တော်လူအ သူလူနောက်/ခင်ဦးခင်ခင်(ဆေးတက္ကသိုလ်)-ရန်ကုန်။

စေတနာစာပေ၊ ၂၀၀၉။

၂၅၆- စာ၊ ၁၂×၁၈ စင်တီ။

(၁) ကျွန်တော်လူအ သူလူနောက်


### ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး

တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး

အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

### လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

www.burmeseclassic.com

www.burmeseclassic.com







စီစဉ်သူ

မောင်ကျော်လှိုင်

(စေတနာစာပေ)

# ခင်ဦးခင်ခင်

(ဆေးတက္ကသိုလ်)

## ကျန်ခေါ်လူ့အ၊ သူလူ့နောက်

www.burmeseclassic.com





ဆင်ခြေဖုံးရပ်ကွက်ကလေးတစ်ခုရဲ့ အစွန်က 'ပျော်တော်ဆက်ဘီယာဂါးဒင်း'ဟု ဆိုင်းဘုတ်ချိတ်ဆွဲထားသော ဆိုင်ကလေး တစ်ဆိုင်မှာဖြစ်သည်။

ခုခေတ် နာမည်ကြီးနေကြသော ဆိုင်ကြီးတွေရဲ့ ... အမည်ပေးပုံကိုယူလျက် (ဘီယာဂါးဒင်း)လို့ ကြီးကြီးကျယ်ကျယ် နာမည်တပ်ထားသော်လည်း ခြံစည်းရိုးကျိုးဝင်ကွဲတဲ့ ခပ်ကျဉ်းကျဉ်းနေရာလေးမှာ တဲကုပ်လေးနှစ်လုံးနဲ့၊ တဲကုပ်ထဲမှာက စားပွဲခုံပုကလေးတွေရယ်၊ သစ်ပင်ရိပ်အောက်မှာ ဝါး စားပွဲနဲ့ ခုံတန်းရှည်နှစ်စုံစာရယ်သာရှိသော ဘုံဆိုင်ခပ်ညံ့ညံ့လေးသာပင်။

'လူနေထူထပ်သော ရပ်ကွက်ဝေးမို့ ထိုဆိုင်ကလေးမှာ ညနေ နေဝင်ရီတရောက ညမိုးချုပ်သည်အထိတော့ လူက

www.burmeseclassic.com



မဖြတ်ပါ။ အရက်မူးလာလျှင် သွေးဆိုးသောင်းကျန်းတတ်သူရော၊ ငြိမ်ကုပ်တိတ်ဆိတ်သွားသူရော၊ သီချင်းတွေအော်ဆိုကာ ထ,က တတ်သူရော၊ အကြောင်းမဲ့ တဟားဟား အော်ရယ်တတ်သူရော၊ စကားတွေ့ဖောင်ဖောင်ကျဲ ပြောတတ်သူရော၊ အော်ကြီးဟစ်ကျယ် ငိုချတတ်သူရော လူမျိုးပေါင်းစုံသည်။

ဒီကနေ့မှာတော့ ထုံးစံအတိုင်း စည်ကားပြီး သကာလ ညဆယ်နာရီဝန်းကျင်လောက်မှာ လူရှင်းသွားပြီ။ ထူးထူးဆန်းဆန်း ဧည့်သည်အသစ်နှစ်ယောက်သာ ကျန်ခဲ့တော့သည်။

လူသစ်နှစ်ယောက်ကလည်း အတူတွဲထိုင်နေတာ မဟုတ်။ ဆိုင်ထဲဝ,ရောက်ကတည်းကသူတို့စိတ်ကြိုက်ရွေးချယ်ထားသော ဆိုင်ထောင့်စွန်းတစ်ဖက်တစ်ချက်စီက စားပွဲလေးတွေမှာ ငြိမ်ငြိမ်ကုပ်ကုပ်ကလေးတွေ ထိုင်နေကြတာပင်။

ဆိုင်ရှင် ကိုဟုတ်စိန်က ဧည့်သည်နှစ်ယောက်ကို ကြည့်လိုက်သည်။ ဧည့်သည်ထပ်မလာတော့ဘူးဆိုလျှင် သူလည်း ဆိုင်ကို စောစောပိတ်ချင်ပြီ။ ခက်နေတာက ဒီနှစ်ယောက်ဟာ ထ,ပြန်ဖို့လည်း စိတ်ကူးရှိပုံမရ။ ထပ်ပြီးမှာသောက်သလားဆိုတော့လည်း သောက်တော့တာမဟုတ်။ နှစ်ယောက်စလုံး အခုမှ အရက်ကို စတင်ထိတွေ့ဖူးဟန်ဖြင့် ... မြန်မာရမ်လေးနှစ်ပက်သုံးပက်



လောက်နဲ့တင် ခေါင်းဖော်နိုင်ကြတော့တာမဟုတ်ပါ။

"ဆရာတို့ ... ဟိုလေ ... ကျွန်တော်စားပွဲအလွတ်တွေသိမ်းလိုက်ချင်လို့ နှစ်ယောက်အတူ ဝိုင်းပေးပါလား ခင်ဗျာ"

မတတ်သာသည့်အဆုံး ကိုဟုတ်စိန်က သူ့စားပွဲထိုး 'ကောင်လေး'ကို အပြောခိုင်းလိုက်ရသည်။ ဒီလိုဆိုတော့လည်း ငြင်းတယ်ဆန့်ဟယ်မဟုတ်ဘဲ ... တစ်ယောက်က ထ,သွားကာ တံခါးပေါက်နားက စားပွဲမှာ ပြောင်းထိုင်ပေးသွားပါပဲ။

နဂိုက စားပွဲပေါ် ခေါင်းစိုက်ချရင်း တစ်ချက်တစ်ချက်မှ ... အာလူးကြော်ထုပ်ထဲက အာလူးကြော်လေးတစ်ဖတ်လောက်ထ, ထဝါးတတ်သော ကောင်လေးက နောက်ရောက်လာသူကို တစ်ချက်မော့ကြည့်လိုက်သည်။

"ဘီယာတစ်ကျားပေးစမ်းကွာ ... "

"ဆရာ ... သောက်နိုင်သေးလို့လား"

"သောက်နိုင်တာ မသောက်နိုင်တာ မင်းအလုပ်မဟုတ်ဘူး ပေးမှာသာပေး ... ဒီမှာ သူငယ်ချင်း ... မင်းသောက်နိုင်သေးလား"

"မရတော့ဘူး ထင်တယ်"

"တစ်ခွက်လောက်တော့ ဝင်ကြိတ်လိုက်စမ်းပါ ... ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



တို့ ဘာမှဆက်မသောက်ဘဲ ဒီမှာထိုင်နေတာကို ဆိုင်ရှင်က သိပ်ကြည့်ပုံမရဘူးဗျ … ဘယ်မှလဲ သွားစရာနေရာမရှိမယ့် အတူတူ ဒီမှာ အချိန်ရသလောက်လေး ကုပ်ကပ်နေလို့ရအောင် မှာလို့ရတာလေး မှာဦးမှ … ”

“ဒါဆို အမြည်းလည်းလိုမှာပဲ … မြေပဲကြော်တစ်ပွဲပေးဦးဟေ့ … ”

“ကောင်းတာလေးမှာပါဗျာ … ပုစွန်ကြော်ရှိသေးလား”

“ကုန်ပြီ ခင်ဗျ … ”

“ဝက်အူချောင်းရော … ”

“မရှိတော့ပါဘူး … ”

“ကြက်ကြော် … ကြက်သားသုပ် … ဝက်သားကင်”

“ကုန်ပြီခင်ဗျ … ”

“တော်ပါပြီကွာ … ဒါဆိုလည်း မြေပဲ့ပဲပေးတော့”

“ခုနကတည်းက ကျွန်တော်မှာကြည့်ပြီးပြီ … အာလူးကြော် ငါးမုန့်ကြော် … မြေပဲကြော်ပဲရတော့တာသိပြီးသား … ဒါကြောင့် မြေပဲ့ပဲ ထပ်မှာတာ … ”

“ပြောတော့သာ ဘီယာဂါးခင်းတဲ့ … စိတ်လိုက်တာဗျာ”

“ဒီလိုရပ်ကွက်မှာတော့ ဒီလိုဆိုင်ပဲရှိမှာပေ့ါ … လက်လုပ်



လက်စား အလုပ်ကြမ်းသမားတွေပဲ အားကိုးဖွင့်ထားတဲ့ဟာ … ”

“ခင်ဗျားက ဒီရပ်ကွက်သားလား … ”

“မဟုတ်ဘူးဗျ … ကျွန်တော်က နယ်ကလာတာ … ရန်ကုန်ရောက်တာတောင် သိပ်မကြာသေးဘူး … ”

“ဒီလိုလား … ကျွန်တော်ကတော့ ရန်ကုန်သားပဲဗျ … ဒါပေမဲ့ ဒီရပ်ကွက်ကတော့ မဟုတ်ဘူး … ဒီလိုနေရာမျိုးကို ပထမဆုံးရောက်ဖူးတာပဲ … ”

“မှန်တာဝန်ခံရရင် ကျွန်တော်လည်း အရက်ဆိုင်ထိုင်ဖူးတာ တစ်သက်မှာ ဒီတစ်ကြိမ် ပထမဆုံးပါဗျာ … ”

“ခင်ဗျား ကြည့်ရတာ … စိတ်ညစ်စရာတစ်ခုခု ရှိပုံရတယ်ဗျ … ”

“ဟုတ်လိုက်လေဗျာ … ခင်ဗျားက အကြားအမြင်ပေါက်နေတယ် ထင်တယ် … ”

နယ်ကလာတာဆိုသည့် လူက စားပွဲကို လက်ဝါးနဲ့ [illegible]ခနဲ ရိုက်ချကာ တအံ့တသြပြောသည်။ တကယ်တော့ ရန်ကုန်သားက သိပ်တော်လွန်းတာမဟုတ်ပါ။ သူ့ပုံစံကိုက ဘယ်သူပဲကြည့်ကြည့် စိတ်ညစ်သည့်ပုံကြီး ထင်ထင်ရှားရှားပေါက်နေတာပဲဟာ။

www.burmeseclassic.com

www.burmeseclassic.com



“ဘဝတူချင်းကိုဗျ ... ကျွန်တော့်မှာလည်း တော်တော်ကြီးမားတဲ့ စိတ်ညစ်စရာကြီးရှိနေတာကိုး ... အိုဗျာ ... ဒုက္ခခြင်းယှဉ်ရင် ခင်ဗျား ဒုက္ခက ကျွန်တော့်ဒုက္ခလောက် မကြီးနိုင်ပါဘူး ... ကျွန်တော် အာမခံရဲတယ် ... ”

“ဒါတော့ပြောလို့မရဘူးထင်တယ် ... ကျွန်တော့် ဒုက္ခက ဘယ်လောက်ကြီးမားခဲ့တယ်ဆိုတာ ခင်ဗျားဖြင့် သိမှမသိရသေးဘဲ ... ”

“သေချာပါတယ် ... သိစရာကိုမလိုဘူး ... ကျွန်တော့် ... နေဦး ... ခင်ဗျား အသက်ဘယ်လောက်ရှိပြီလဲ ... ”

“နှစ်ဆယ့်နှစ်နှစ် ... ”

“ဟာ ... ကျွန်တော်လည်း နှစ်ဆယ့်နှစ်ပဲဗျ ... ဒါဆို ဒီလိုလုပ် ... အသက်ချင်းအတူတူပဲဆိုတော့ ဟိတ်တွေဟန်တွေနဲ့ ခင်ဗျားက ကျွန်တော်ပြောမနေတော့ဘူးဗျာ ... မင်းနဲ့ငါနဲ့ပဲ ကြိတ်ရအောင် ... ”

“ကောင်းတယ် ... ကျွန်တော် ... အဲ ... ငါလည်း ဒီလိုပဲပြောချင်နေတာ ... ”

“ခုနက စကားကို ပြန်ကောက်ရအောင် ... ငါ့ဒုက္ခက ဂိတ်ဆုံးကြီးတာပဲကွ ... ရှင်းရှင်းပြောရရင်ကွာ ... လူတစ်



ယောက်ဟာ သူများကပေးတဲ့ ဒုက္ခကိုခံရရင် ညဉ်းညူတာ သာလုပ်ချင်လုပ်မယ် ဘယ်လောက်ကြီးကြီးခံနိုင်တယ်ကွ ကိုယ်တိုင်က ကိုယ့်ကိုယ်ကိုယ်ရော သူများကိုရော ဒုက္ခတွေ့အောင် လုပ်မိပြီဆိုတော့ ... ဘယ်လိုမှ ခံနိုင်ရည်မရှိကြဘူး ... စိတ်ဆင်းရဲတာက တစ်မျိုး ... နောင်တရတာက တစ်မျိုး ... ကိုယ့်ကိုယ်ကိုယ် ခွင့်မလွှတ်နိုင်တာက တစ်မျိုးနဲ့ သိပ်ခံစားရတာ ... ”

“မင်းဆိုလိုတာက မင်းက သူများကို ဒုက္ခပေးမိခဲ့တယ်ပေါ့”

“ဒါပေါ့ ... ”

“ဒါဆိုရင်တော့ ငါ့ဒုက္ခကိုလည်းပိုသက်သာတယ်လို့ပြောလို့မရတော့ဘူး သူငယ်ချင်း ... ငါလည်း သူများကို ဒုက္ခပေးမိခဲ့တာပဲ ... ပိုပြီး တိတိကျကျပြောရရင်တော့ကွာ ... ငါ့ရဲ့ ညံ့ဖျင်းမှုကြောင့် တခြားသူတွေကို ဒုက္ခဖြစ်စေခဲ့တာပါပဲ”

“ဒီလိုကိုး ... ဒါဖြင့် မင်းအကြောင်း ငါ့ကိုပြောပြစမ်းပါလား ငါ့မှာကွာ ... ငါ့လောက်အပြစ်ကြီးတဲ့လူ ဒီလောကမှာ မရှိနိုင်တော့ဘူးဆိုပြီး ကိုယ့်ကိုယ်ကိုယ် ခွင့်မလွှတ်နိုင်ဖြစ်နေတာကွ ... တကယ်လို့ မင်းအဖြစ်ကလည်း သိပ်ဆိုးတယ်ဆိုရင် ငါ့လိုလူ မမွှာမှာရှိသေးတယ်ဆိုပြီး ဖြေသာတာပေါ့”

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင် မင်းလည်း မင်းအကြောင်း ငါ့ကိုပြန်ပြောမလား"

"သိပ်ပြောပြတာပေါ့ကွာ ... ဟောဒီရင်ဘတ်ကြီးထဲမှာလေ (သူ့ရင်ဘတ်သူ တဖြန်းဖြန်းပုတ်ပြ၍) သောကအပူတွေနဲ့ တင်းပြီး ဆို့နေတာကွ ... ပြောပြစရာလူလည်းမရှိဘူး ... တစ်ယောက်ယောက်ကိုသာပြောပြလိုက်ရရင် တော်တော် ပေါ့သွားလိမ့်မယ် ထင်တာပဲ ... "

နှစ်ယောက်သား ... တစ်ယောက်အကြောင်းတစ်ယောက်ပြောဖို့ပြင်ဆင်နေကြချိန်မှာပဲ စားပွဲထိုးကောင်လေးရောက်လာကာ ...

"ဆရာတို့ ... ဆိုင်ပိတ်တော့မှာ ခင်ဗျ ... "

"အေး ... ပိတ်လေကွာ ... မင်းတို့ဘာသာပိတ်ပေါ့ ... တို့က ကူရှီးမှာလား ... "

"မဟုတ်ဘူးလေ ... ဟို ... ဟို ... ဆိုင်ပိတ်တော့မယ်ဆိုတော့ ဆရာတို့ ... ဟိုဒင်း ... အိမ် ... အိမ်ပြန် ... "

(နှစ်ယောက်သား တစ်ညီတစ်ညာတည်း)

"ငါတို့မှာ ပြန်စရာအိမ်မှ မရှိတာဘဲကွာ ... "

"ဒါတော့ ကျွန်တော်မသိဘူးလေဗျာ ... ကျွန်တော်တို့ဆိုင်ကတော့ ပိတ်ရမှာပဲ ... ဆရာတို့ကိုလည်း ဆိုင်ထဲမှာ လက်



ခံထားလို့မဖြစ်ဘူးဗျ ... "

နှစ်ယောက်သား ... တစ်ယောက်မျက်နှာတစ်ယောက် ကြည့်သည်။ (အလင်းရောင်က ခပ်မှိန်မှိန်၊ နှစ်ယောက်စလုံးလည်း ဒေါင်ချာစိုင်းအောင်မူးနေကြတာမို့ တစ်ယောက်ကိုတစ်ယောက် ကောင်းကောင်းတော့မမြင်ရ)။ စားပွဲထိုးကောင်လေးကလည်း နှစ်ယောက်စလုံးကိုကြည့်သည်။ (သူ့မျက်နှာမှာ ... အံ့ဩသည့်အရိပ် အယောင်ပေါ်လာသည်။)

"ဒါလို လုပ်စမ်းပါဦး ... ဒီနားမှာ တည်းခိုစရာ ဟိုတယ်လေး ဘာလေးမရှိဘူးလား ... "

ရန်ကုန်သားက မေးလိုက်လျှင် စားပွဲထိုးက ဟာသ ပြက်လုံးကောင်းကောင်းတစ်ခုကို နားထောင်ရသလို တဟားဟား အော်ရယ်လိုက်ပြီး ...

"ဆရာတို့ရယ် ... ရပ်ကွက်ကိုလည်းကြည့်ပါဦး ... ဒီလောက် စုတ်ချာတဲ့ဟာ ... ဟိုတယ်မပြောနဲ့ ... စားသောက်ဆိုင် တောင်မရှိဘူး ... "

"ပြဿနာပဲ ... ဒါဆို ဘယ်လိုလုပ်ကြမလဲ ... ဒီအချိန်ကြီး အိမ်ပြန်ဖို့လည်း ... မလွယ်တော့ဘူး ... အိမ်ပြန်ဖို့လွယ်ရင် တောင် ပြန်လို့မဖြစ်နိုင်တော့ပါဘူး ... "

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုလုပ်ကြပါလား ဆရာတို့"

ဆိုင်ရှင်ထောင်ကဲကို အသာကြည့်နေရာက သူတို့ဝိုင်းထဲရောက်လာသည်။

"ကျွန်တော့်ဆိုင်နောက်ဘက်မှာ ဆိုင်အလုပ်သမားလေး ... တွေနဲ့ တူလေးတစ်ယောက်နေတဲ့ တန်းလျားရှိတယ် ... တူလေးက နယ်ခဏပြန်နေတော့ သူ့အခန်းတစ်ခန်းလွတ်တာ ... ဆရာတို့ နေနိုင်မယ်ဆိုရင် ဒီတစ်ညတော့ တည်းလို့ရပါတယ် ... "

"အေးဗျာ ... အခြေအနေက ဒီလိုစီစဉ်မှပဲ ရတော့မယ်ထင်ပါရဲ့ ... "

"ဒါဆို မောင်သန်း ... မင်းသွားစမ်း ... ငါ့တူနေတဲ့ အခန်းကို နည်းနည်းသပ်ရပ်အောင်ပြင်ပေး ... ငါ့မိန်းမဆီမှာ ခေါင်းအုံးစွပ်တို့ အိပ်ရာခင်းတို့ အသစ်တောင်းပြီးလဲပေးလိုက် ... မောင်ရွှေကိုပါခေါ်ပြီး တံမြက်စည်းလှည်းခိုင်း... မြန်မြန်လုပ် ... "

ဆိုင်ရှင်ထောင်ကဲရဲ့ အစီအမံနဲ့ မကြာခင်မှာပဲ ယာယီတည်းခိုခန်းလေးတစ်ခု ဖြစ်မြောက်သွားသည်။

ဖုန်နံ့ ပစ္စည်းအဟောင်းနံ့ နဂို အခန်းရှင်ရဲ့ ညစ်စုတ်



စုတ်ချွေးနံ့တို့ တထောင်းထောင်းထ,နေသည့် အခန်းကျဉ်းကလေးဟာ ပြတင်းပေါက်သေးသေးတစ်ခုပဲ ရှိတာမို့ လေဝင်လေထွက်မကောင်းဘဲ ပူပူအိုက်အိုက်ရှိလှသည်။

တစ်ယောက်အိပ်ခုတင်တစ်လုံး၊ ထိုင်ခုံတစ်လုံးပဲရှိတာမို့ နှစ်ယောက်စလုံး အိပ်ဖို့လည်း မဖြစ်နိုင်သေးဘဲ အခန်းထဲရောက်တတ်ရာရ ငူငူငေါင်ငေါင်ပဲ ထိုင်နေကြရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်အဘွားက စိန်ပွဲစားပေါ့ကွာ ... ဒေါ်တင်တင်ထိုက်တဲ့ ... မန္တလေးမှာတော့ စိန်ပွဲစား ဒေါ်တင်တင်ထိုက်ဆိုရင် မသိသူမရှိသလောက်ဘဲပေါ့ ... "

"နာမည်ကြီးပေါ့"

"အေးကွ ... နာမည်ကြီးတယ်ဆိုရာမှာ တိကျမှန်ကန်ပြီး ယုံကြည်စိတ်ချရတယ်ဆိုတဲ့ ဂုဏ်သတင်းက အကြီးဆုံးပါပဲ စိန်ပွဲစားတွေထဲမှာတော့ အဘွားလောက် မှန်ကန်စိတ်ချရတယ်ဆိုတဲ့ ဂုဏ်သိက္ခာ အရှိဆုံး လူမရှိတော့သလောက်ပါပဲ ... "

သူ့အကြောင်းပြောပါဆိုမှ သူ့အဘွားအကြောင်းက အစချီနေသော တစ်နယ်သား ကိုရန်ကုန်သားက နည်းနည်းစိတ်



ညစ်သွားသည်။ ဒီကောင် လိုရင်းရောက်အောင်မပြောဘဲ ဆွေစုနစ်ဆက် မျိုးခုနစ်ဆက်အကြောင်းတွေကို အကုန်လျှောက်ပြောနေရင်တော့ ဒုက္ခပါပဲ။

"ကျွန်တော့မှာ အစ်ခနှစ်ယောက်ရှိတယ်ဗျ ... အစ်မတွေက လည်လည်ပတ်ပတ်တွေ ... တစ်ယောက်က ကိုယ်ပိုင်စီးပွားရေးလုပ်တယ် ... တစ်ယောက်က အမေ့ရဲ့ မန္တလေးထွက် မုန့်လုပ်ငန်းမှာ ဝင်အုပ်ချုပ်တယ် ... နှစ်ယောက်စလုံးက ကိုယ့်အလုပ်ကိုယ် အောင်မြင်အောင်လုပ်နိုင်ကြတာချည်းပဲ ... ငါကသာ ခပ်ထုံထုံခပ်အ,အ ဘာမှမလုပ်တတ်မကိုင်တတ်တော့ အားလုံးက ဝိုင်းနှိမ် ... ဝိုင်းပယ်တာကိုခံရတော့တာပေါ့ကွာ ... "

"ဟုတ်လောက်ပါတယ် ... "

"ဘာလဲကွ ... မင်းက ဘာပြောတာလဲ ... "

"ဪ ... အ,တယ်ထင်မှတော့ ဝိုင်းပယ်ကြမှာပေါ့ ... မင်းခံစားရမယ့် အနေအထားကို ငါက လိုက်မြင်ယောင်ကြည့်ပြီး ဝင်ပြောတာပါကွ ... "

"ငါကလည်း ငါပဲ ... ဘာလုပ်လုပ် ချွတ်ချွတ်ချော်ချော်ဖြစ်တာချည်းပဲ ... ဥပမာကွာ ... အဖေ့ရဲ့ မုန့်လုပ်ငန်းမှာ ဝင်ကူတယ်ဆိုပါတော့ ... အော်ဒါမှာထားတဲ့ သူက ထိုးမုန့်ဘူး

www.burmeseclassic.com



ငါးဆယ်မှာသွားတာကို ငါက ချော်ထိချော်ချွတ်နဲ့ သုညဖြုတ်ပြီး ငါးဘူးပဲထားမိတော့ တကယ်လည်းလာဝယ်ရော … ပြဿနာတက်ရတာမျိုး … အာလူးဆန္ဒင်းမကင်းထဲထည့်ဖို့ အာလူးအချိုးအစားကို အိတ်အကြီးနဲ့အသေးမှားထည့်မိလို့ မုန့်ပျက်တာမျိုး … ဆိုင်မှာဝင်ကူလို့မရတော့ အိမ်ကိစ္စပဲလုပ်မယ်ဆိုတော့လည်း ကားသွားပြင်တာ ဝပ်ရှော့ကပစ္စည်းအသစ်ဝယ်ထည့်တယ် စာရင်းပြပြီး … သူ့ရှိတဲ့ အဟောင်းတွေထည့်ပေးလိုက်တာကို မသိတာမျိုး … မီးပျက်လို့ ဂျင်နရေတာမောင်းတာမှာ မိန်းခလုတ်ကို မချမိတော့ မီးလည်းပြန်လာရော တကယ်လာတဲ့ လျှပ်စီးကြောင်းနဲ့ ဂျင်နရေတာကထွက်တဲ့ လျှပ်စီးကြောင်းတွေဆုံလို့ ရှော့ခ်ဖြစ်ပြီး မီတာပုံးလောင်သွားတာမျိုး … တစ်နေရာရာလိုက်ပို့ခိုင်းရင် လမ်းမှားတာမျိုး … အဘွားရဲ့ သစ်ခွပင်တွေကို ဆေးကျွေးတာ အချိုးအစားမှန်အောင်မရောလို့ အပင်တွေသေကုန်တာမျိုး … ”

“ဟေ့ … ဟေ့ … တော်လောက်ပြီလေ … မင်းမွေးကတည်းက ဒီအရွယ်အထိ လုပ်ခဲ့သမျှအမှားတွေကို ထိုင်ပြောနေလို့ကတော့ တစ်ထောင့်တစ်ညပြီးမှာမဟုတ်ဘူး … ”

“ငါက ငါညံ့တာကိုပေါ်လွင်စေချင်လို့ပါကွာ … ”



“အေး … ဒီလောက်ကြည့်လိုက်ယုံနဲ့သိပြီ … ”

“နောက်ဆုံးတော့ကွာ … တခြားအလုပ်လည်း စဉ်းစားမရ အရွယ်ရောက်ယောက်ျားတစ်ယောက်ဖြစ်ရဲ့နဲ့ အလုပ်မရှိဘဲ ထိုင်စားနေရတာလည်းရှက်တော့ … ငါလည်း ကိုယ်ပိုင်တဲ့ နေရာမှာပဲ အလုပ်ဝင်လုပ်ရတော့တာပေါ့ … ”

“ဘယ်မှာများလဲ … ”

“အဘွားရဲ့ လက်ဝတ်ရတနာဆိုင်မှာ … ”

“ဪ … တော်တော် အဂတိကင်းကင်းနဲ့ရထားတဲ့အလုပ်ပဲ … ”

“မင်းဘာသိလို့လဲ … အဘွားက စိန်ပွဲစားလည်းလုပ် … ရတနာဆိုင်လည်းဖွင့်လာခဲ့တာ … အဖိုးဘဝကတည်းက သူ့မျိုးဆက်ထဲမှာ ရွှေးမဖြစ်တဲ့ငါ့အမေရော မြေးမိန်းကလေး ငါ့အစ်မနှစ်ယောက်ကရော ရတနာလုပ်ငန်းကိုစိတ်မဝင်စားတာ … အဲ … ငါကတော့ ငယ်ငယ်လေးတည်းက အဘွားစိန်တွေ၊ ကျောက်တွေကို စိတ်ဝင်စားလာတာ … လက်ဝတ်ရတနာလုပ်ဖို့ အနာကင်းတဲ့ကျောက်တွေ ရွေးပေးတဲ့အလုပ်ကို ဆယ်နှစ်သားလောက်ကတည်းက အဘွားကိုကူလုပ်ပေးခဲ့တာ … ”

“အင်း … အင်း … ဟုတ်ပါပြီ … မင်းရဲ့ ကျွမ်းကျင်မှုကို

www.burmeseclassic.com

www.burmeseclassic.com



ငါအသိအမှတ်ပြုပါပြီ ... မင်းအလုပ်ကို မင်း ထိုက်ထိုက်တန်တန်ရထားတာပေါ့ ... ”

“ဒါပေမဲ့ ငါဟာ တော်တော်ရှော်တဲ့အကောင်ပါကွာ ... တစ်နေ့ကျတော့ အဘွားက တော်တော်အရေးကြီးတဲ့ စိန်တစ်ထုပ်ကို ငါ့လက်အပ်တယ် ... မင်းတွက်ကြည့်ကွာ ... စိန်တစ်ပွင့်ကို သုံးသိန်းလောက်တန်တာမျိုး အလုံးငါးဆယ်လောက်ပါတာဆိုရင် ဘယ်လောက်တန်မလဲ ... ”

“သိန်းထောင့်ငါးရာဖိုးလောက်ရှိမှာပေါ့ ... ”

“အေး ... အဟုတ်ပဲ ... အဲဒီလောက် တန်ဖိုးကြီးတဲ့ ပစ္စည်းကို အဘွားက ငါလိုကောင်လက်ထဲ ယုံယုံကြည်ကြည်နဲ့ အပ်ပြီး ဘုရားဖူးထွက်သွားတယ်ကွ ... ပထမတစ်ရက် နှစ်ရက်ကတော့ ဘာမှမဖြစ်သေးဘူး ... အဘွားပြန်မလာ ခင် တစ်ရက်မှာ စိန်တွေအပ်ထားတဲ့ အမျိုးသမီးကြီးရဲ့ မောင်ဆိုတာ ရောက်လာတယ် ... ဒေါသတကြီးနဲ့ ပြော လိုက်တာတွေလည်း ရှုပ်နေတာပဲ ... ဒီစိန်တွေကပဲ မိ ချန်ထားတဲ့ အမွေဆိုင်ပစ္စည်းလိုလို ... မိဘအမွေတွေ ရောင်းပြီး ဒီစိန်တွေပဲဝယ်ပစ်တာလိုလို...သူ့အပေါ်မတ တာရော အတ္တကြီးတာရော ... ယုတ်မာတာရော ... စုံ တာပဲကွာ ... အပြောနေပုံကလည်း ကာယကံရှင်ကို ဘာ



မလုပ်နိုင်တိုင်း ... ရှေ့မှာရှိတဲ့ ငါ့ကိုပဲ ဆွဲထိုးတော့မယ့်ပုံနဲ့ ... ”

“ဒါနဲ့ မင်းကြောင်ပြီး ဝပ်နေတုန်း စိန်ထုပ်ကို သုတ်ပြေးရောလား ... ”

“အဲဒီလိုတော့ မဟုတ်ဘူးကွ ... စိန်တွေကိုပေးစမ်းဆိုပြီး တောင်းတော့ကြည့်တယ် ... အထုပ်ထဲကနေ တစ်လုံးချင်း ယူကြည့်လိုက် ပြန်ချလိုက်နဲ့ အလုံးငါးဆယ်စလုံးကို သူ့စိတ်ကြိုက်ကြည့်ပြီးတော့မှ သူ့ဘာသာပဲ အထုပ်ပြန်ထုပ်ပြီး ငါ့လက်ထဲအပ်သွားတာ ... ငါ့ရှေ့တင်ပဲ ... ဒီတော့လည်း အေးဆေးပေါ့လေ ... ပြန်သိမ်းထားလိုက်တာ ... အဘွားပြန်ရောက်ပြီး နောက်တစ်နေ့လည်းကျရော ပိုင်ရှင်မိန်းမကြီး ရောက်လာပြီး သူ့စိန်တွေပြန်ယူမယ်ဖြစ်ရော ... စိန်တွေလည်းရရော အဲဒါတွေအားလုံး အတုတွေဖြစ်နေတယ်တဲ့ကွာ ... ”

“မင်းကို မျက်လှည့်ပြသွားတာပေါ့ ... ”

“အေးကွာ ... ငါ့မျက်လုံးကြီးပြူးပြီး ထိုင်ကြည့်နေတဲ့ကြားက တစ်လုံးချင်း ယူကြည့်ရင်းပဲ လဲသလား ... အထုပ်လိုက်ပဲလဲသလား မသိတော့ပါဘူး ... ဟိုလူပဲဖြစ်မှာ ... ”

“ဒါဆိုလည်း သူ့မောင်ဟုတ်မဟုတ် စုံစမ်းပြီး ဟုတ်နေရင်

www.burmeseclassic.com

www.burmeseclassic.com



မောင်နှမချင်း ရှင်းပစေပေါ့ ... ”

“သူ့မောင်တော့ မဟုတ်ဘူးလေကွာ ... ဟိုက ဂုဏ်သိက္ခာနဲ့နေတဲ့ နာမည်ကျော် ရုပ်ရှင်မင်းသားကြီးမဟုတ်လား”

“ငါပြောတာက သူ့ရဲ့မောင် ... စိန်တွေအပ်ထားတဲ့ မိန်းမကြီးရဲ့ မောင်ဆိုတာကိုပြောနေတာကွ ... ရုပ်ရှင်မင်းသား သူ့မောင်မဟုတ်ဘူး ... ”

“ဒီလိုလား ... လုပ်ပြီးပြီ ... စိန်ထုပ်ကို လာဖွင့်ကြည့်တဲ့လူနဲ့ ပိုင်ရှင်အမျိုးသမီးက မောင်နှမအရင်းတော့ဟုတ်တယ် ဒါပေမဲ့ အရှုပ်အရှင်းတွေဖြစ်ပြီး မောင်နှမနှစ်ယောက် အကြီးအကျယ်ရန်ဖြစ်ကြတာတဲ့ ... ဟိုလူက ... လေးကောင်ကျွင်သမားတဲ့ ... အကြွေးတွေ ... ပတ်လည်ဝိုင်းနေတာတဲ့ ... ဒါကြောင့် အစ်မပစ္စည်းကို လာလိမ်ယူသွားတာပဲဖြစ်မယ် ခက်နေတာက သူတို့ချင်း အမွေပေးစရာ ဘယ်လောက်ပဲရှိရှိလေ ... ကိုယ့်လက်ထဲမှာဖြစ်သွားတော့ ကိုယ့်တာဝန်ပဲလေ ... တကယ်ဟုတ်တာကိုယူဦးတော့ လက်ခံမှာမဟုတ်ဘူး ... ပေးရမယ့်ငွေကလည်း သိန်းထောင်ငါးရာကျော်တယ် ... ”

“ကြောက်စရာပါလားကွာ ... ငါတို့ တစ်ခွေလုံး တစ်မျိုးလုံးရှိတဲ့ ပိုင်ဆိုင်မှုတွေပေါင်းရင်တောင် အဲဒီတစ်ဝက်မရှိဘူး



မင်းတို့ရော ပေးနိုင်ရဲ့လား ... ”

“လက်ထဲမှာ ငွေသားအနေနဲ့တော့ အဲဒီလောက်ဘယ်လွယ်လွယ်ကူကူနဲ့ ရှိပါ့မလဲ ... ဒီလိုပဲ စုကြဆောင်းကြရမှာပေါ့ အဲဒီအတွက် အချိန်တစ်လတောင်းတာကို မပေးဘူး ... နှစ်ပတ်ပဲတဲ့ကွာ ... နှစ်ပတ်ပြည့်တော့ မပေးနိုင်ဘူး ... ဒါနဲ့ အဘွားကို ဖမ်းချုပ်ပါလေရောကွာ ... ”

“အကျိုးနည်း ... ”

“ငါ့အဘွားက ကျန်းမာသန်စွမ်းတယ်ဆိုပေမယ့် အသက်ခုနစ်ဆယ်နီးနေတဲ့ လူကြီးပါကွာ ... မိန်းမလည်းဖြစ်သေးတယ် ... ဒီကြားထဲ ဂုဏ်သရေနဲ့နေတဲ့ နာမည်တစ်လုံးနဲ့ လုပ်စားနေတဲ့ လူမျိုးပါ ... အခုလို ကြုံရတယ်ဆိုတော့ကွာ စိတ်ကလည်းပူ ... အရှက်ကလည်းကွဲ ... တစ်အိမ်လုံးဆိုတာ ငရဲပွက်သလိုပဲ ... ငါ့ကိုလည်း ဝိုင်းပြီးဆူ ... ပြောလိုက် အပြစ်တင်လိုက်ကြတာဆိုတာ ဝက်ဝက်ကွဲပါပဲကွာ”

“ဒါ နည်းနည်းတောင်နည်းသေးတယ် ... အခုရော ... မင်းကို အိမ်ပေါ်က နှင်ချလိုက်လို့လား ... မင်း အဘွားကိုရော ဘယ်လိုရှင်းပေးလိုက်လဲ”

“နှင်ချတယ်တော့မဟုတ်ပါဘူး ... ဒါပေမဲ့ နှင်ချသလိုပါပဲကွာ ... နေ့စဉ်နဲ့အမျှ ... ငါ့ညီကြောင်း ... သုံးမကျ

www.burmeseclassic.com

www.burmeseclassic.com



ကြောင်း ... မိသားစုကို ဒုက္ခပေးတဲ့ စုန်းပြူးဖြစ်တဲ့ _ အကြောင်း ... ရှေ့လျှောက်လည်း ငါ့ကို ဆက်ထားရင် အိမ်မှာ ကံဆိုးမိုးမှောင် ကျဦးမှာပဲဆိုတဲ့အကြောင်း ... ငါ ထွက်သွားရင်ကောင်းမယ်ဆိုတဲ့အကြောင်း ... လူတိုင်းက ပြောနေကြတာကိုး ... ကြာတော့ ငါလည်း ရှက်လာပြီး ဆက်နေချင်စိတ်ကိုမရှိတော့ပါဘူးကွာ ... အဘွား ကိစ္စဖြေ ရှင်းဖို့ကျတော့ ငါ့အစ်မတွေစီးတဲ့ ပရာဒိုကားတစ်စီးရယ် _ လက်ဝတ်လက်စားတချို့ရယ်ကို ဖဘာန်တဆလျှော့ဈေးနဲ့ ရောင်းထုတ်ပစ်လိုက်ရတယ် ... စုစုပေါင်း ... သိန်းနှစ်ရာ လောက်ရှုံးသွားတယ်ဆိုပဲ ... အဘွားကို ကယ်လိုက်နိုင် တာပဲ တော်တယ်လို့ဆိုရမယ် ... ”

“အေးပေါ့ကွာ ... လူ့အသက်နဲ့သိက္ခာရယ် ... ငွေကြေးဆုံး ရှုံးတာရယ် အားလုံးပေါင်းလိုက်တော့ မင်း မိသားစုက မင်း ကို စိတ်နာတာလည်း အပြစ်မတင်ထိုက်ဘူးကွ ... ဒါ ဖြစ် သင့်ဖြစ်ထိုက်တာပဲ”

“ငါ အပြစ်မတင်ပါဘူးကွာ ... ကိုယ့်အပြစ်အတွက် စိတ် မကောင်းဖြစ်တာပဲရှိပါတယ် ... အခုလို ... ထွက်လာတာ လည်း ငါ့ကို မမြင်ချင်တဲ့ သူတို့တတွေ စိတ်ချမ်းသာပါစေ တော့ဆိုတဲ့ စေတနာနဲ့ပါ”



“အင်း ... ပြောမယ့်သာပြောရ မင်းလုပ်ခဲ့တဲ့ အမှားက ငါ့ လောက်တောင်မှ ကြီးရဲ့လားလို့ တွေးစရာပဲ ... ငါ့အပြစ် ကလည်း ဇုတ်မ်တော့်ကို ခွင့်မလွှတ်နိုင်စရာကောင်းတာ ကွ ... ”

“ဒါဆိုလည်း ပြောပြပါဦး မင်းအကြောင်း ... ”

www.burmeseclassic.com

www.burmeseclassic.com



“ငါတို့ မိသားစုမှာ စည်းကမ်းကြီးပြီး သိပ်ဒေါသကြီးတဲ့ ... အဖေရယ် ... အယုံလွယ်တတ်တဲ့ အမေရယ် ... သိပ် ... သံယောဇဉ်ကြီးတတ်ပြီး မွေးရာပါ နှလုံးအဆို့ရှင်ကျဉ်းတဲ့ ရောဂါရှိတဲ့ ငါ့ညီမလေးရယ် ... ပြီးတော့ ငါရယ်ပေါ့ကွာ ရှိကြတယ် ... နောက်ပြီး အရေးပါတဲ့ မိသားစုဝင်တွေကို ပြောရရင် ငါ့အမေရဲ့ ညီမဝမ်းကွဲ သိပ်ပြီးကျပ်မပြည့်တဲ့ ငါ့ အဒေါ်ရယ် ... နောက်ပြီး ငါ့ညီမလေးရဲ့ အချစ်တော် ခွေး ကလေး အိဘုတ်ရယ် ရှိတယ်ပေါ့ကွာ”

“မင်းကလည်း ... မိသားစုဝင်ထဲမှာ ခွေးကိုထည့်ပြောရ



တယ်လို့ ... ”

“တကယ်ကွ ... ခွေးက တကယ့်မိသားစုဝင်လိုဖြစ်နေတာ ငါ့ညီမလေးက သူ့ခွေးကို ငါ့ထက်တောင် ပိုချစ်သေးတာ နောက်ပြီး ဒီဇာတ်လမ်းထဲမှာ ဒီခွေးက အဓိက နေရာက ပါတာကိုး ... ”

“ကောင်းပြီ ... ဆက်ပြောပါဦး ... ”

“ငါက အိမ်မှာတော့ သိုးမည်းခေါ်မလား ... စာဆိုလည်း မကြိုးစားချင်ဘူး ... ဖေဖေ့ စည်းကမ်းတွေလည်း မလိုက် နာချင်ဘူး ... အလုပ်အကိုင်လည်း လက်ကြောမတင်းဘူး နောက်တစ်ချက် ငါ့ကို အိမ်သားတွေ အမြင်ကတ်ကြတာက ငါက တော်တော်အစအနောက်ဝါသနာပါတာကွ ... ”

“အခုတော့ မင်းပုံကြည့်ရတာ ပျော်တတ်တဲ့ပုံမပေါ်ပါလား”

“ပျော်မှပျော်တော့ဘဲ ... အိမ်မှာတောင်ဆက်မနေနိုင်တော့ လို့ ဆင်းလာရပါတယ်ဆိုမှကွာ ... ဘယ်သူက ပျော်နေမှာ လဲ ... ”

“ဟုတ်သားပဲ ... ငါမေ့သွားတယ် ... ပြောပါဦး ... မင်းအဖြစ်ကို ... ”

“စောစောက ပြောသလိုပဲ ငါ့ညီမလေးက နှလုံးရောဂါသည် စိတ်ထိခိုက်တဲ့ ဒဏ်ကို မခံနိုင်ဘူး ... စိတ်ပင်ပန်းတဲ့ ဒဏ်ကို

www.burmeseclassic.com

www.burmeseclassic.com



မခံနိုင်ဘူး … ငါတို့ တစ်အိမ်လုံးကလည်း သူ့ကိုဆို ဝိုင်းပြီး ဂရုစိုက်ကြရတယ် … ညီမလေး စိတ်မထိခိုက်ရအောင် အမြဲ သတိထားနေကြရတယ် … အဲဒီအထဲမှာ ငါကတော့ မပါဘူး ငါက စိတ်ကူးပေါက်ရင် ခြောက်တာတို့ … လှန့်တာတို့ ပစ္စည်းတွေဖွက်တာတို့ … ချောက်ချတာတို့ အကုန်လုပ်တာပဲ … ငါ့စိတ်ထဲမှာ ညီမလေးဟာ တမင် နုလွန်းနေတာလို့ပဲထင်တယ် … ရောဂါလေး နည်းနည်းရှိတာကို … အကြောင်းပြပြီး တစ်အိမ်သားလုံးအပေါ် အခွင့်အရေးယူလွန်းတယ် … တကယ်က သူ့ရောဂါက ဘာမှမဖြစ်လောက်ပါဘူးလို့ပေါ့ … ငါပေါ့ပေါ့လေးထင်ရလောက်အောင်ပဲ ညီမလေးကလည်း ရောဂါရှိတယ်လို့ပြောပြီး ဆရာဝန်သာ ခဏခဏပြရတာ … ရောဂါဖောက်တယ်ရယ်လို့မှ မရှိခဲ့တာ … မှတ်မှတ်ရရ ငါးတန်းလောက်တုန်းက ရက်အရှည်ကြီးဖျားပြီး … ဆေးရုံတစ်လလောက်တက်လိုက်ရတာပဲရှိတယ် … ဒါကလည်း ကလေးအတော်များများမှာ ဖြစ်လေ့ဖြစ်ထရှိတာမျိုးပဲလေ … ”

“ဒါကတော့ ကံကောင်းလို့ ရောဂါမဖောက်တာ ဖြစ်မှာပေါ့ နှလုံးရောဂါသည်တွေဟာ … များသောအားဖြင့်တော့ … အကောင်းပဲ … အကြောင်းတစ်ခုခုကြောင့် ဖောက်ပြီဆိုရင်



လည်း အသက်နဲ့ရင်းရလောက်အောင်ဖြစ်တတ်တာ … ငါ့အဒေါ်တစ်ယောက်လည်း မွေးရာပါ နှလုံးရောဂါရှိတာပဲ … သူကျတော့ နှလုံးက ဘက်မှားနေတာတဲ့ … ”

“ဟုတ်ပါတယ်ကွာ … ငါကတော့ အရာရာကို ပေါ့ပေါ့ပဲ သဘောထားခဲ့တာ … ညီမလေးဆိုလည်း လူကောင်းတစ်ယောက်လိုပဲ စ,နောက်လာတာ … ညီမလေး သိပ်ကြိုက်တဲ့ အရုပ်တွေ ပုံပြင်စာအုပ်တွေကို ဖွက်ထားတာတို့ … ညီမလေးရေချိုးခန်းထဲဝင်နေတုန်း မီးပိတ်ပစ်တာတို့ … ညီမလေး လွယ်အိတ်ထဲ ရာဘာဖားရုပ်ထည့်တာတို့ … သူ့အိတ်ထဲက ရည်းစားစာနဲ့ ဓာတ်ပုံတွေ့တယ်ဆိုပြီး သူငယ်ချင်းဓာတ်ပုံနဲ့ လူကြီးတွေကို လျှောက်တိုင်တာတို့ … ညီမလေးအိပ်ရာမှာ ရေခွတ်ပြီး သူ ရှူရှူးပေါက်ချတယ်လို့ … သူ့သူငယ်ချင်းတွေရှေ့မှာ ချောက်ချတာ စုံနေတာပဲ … ”

“မင်းကွာ … ကိုယ့်ညီမ ရောဂါသည်လေးကိုများ … ”

“ငါ့စိတ်ထဲ သူ့ကို သာမန်လိုပဲ ထင်နေတာကိုးကွ … ငါတစ်သက်လုံး နောက်ပြောင်လာသမျှလည်း သူ လန့်အော်တာတို့ … ကြောက်လို့ ငိုတာတိ စိတ်ဆိုးပြီး လိုက်ရိုက်တာတို့ပဲဖြစ်ခဲ့တာကိုး … ဆိုးဆိုးဝါးဝါးမှမရှိတာ … နောက်ပြီး ငါက သူ့တစ်ယောက်တည်းမှ ကွက်ပြီး နောက်တာမဟုတ်

www.burmeseclassic.com

www.burmeseclassic.com



ဘူလေ ... နည်းနည်းကြောက်ရတဲ့ အဖေကလွဲရင် တစ်အိမ်သားလုံး ငါ့လက်ကလွှတ်တာမှ မဟုတ်တာ ... အယုံလွယ်တဲ့ အမေ့ကိုလည်း ဟိုညာဒီညာ ... အကြောင်းကြောင်းအဒေါ်ကိုကျတော့ ပိုပြီး ယောင်အောင်လုပ် ... မိသားစုတင်မဟုတ်ဘူး ... ဆွေမျိုးတွေ ... သူငယ်ချင်းတွေ ... အိမ်နီးနားချင်းတွေဟာ ငါ့ဆို အော့ကြောလန်တာပဲ ... ငါ့ဆိုရင် သူတို့ကို စ,တော့နောက်တော့မှာပဲလို့သိပြီး သတိထားနေတာတောင် လစ်တာနဲ့ ခံလိုက်ရပြီးသားဖြစ်ဖြစ်နေတတ်လို့လေ"

"ငါတော့ မင်းပြန်ပြောတာကြားရယုံနဲ့တင် မင်းကို ချဉ်နေပြီ"

"ငါကတော့ သိပ်ပျော်တာပဲ ... လူတွေ ငါ့ကြောင့် ... ကမောက်ကမနိုင်ကြတာကို ကြည့်ရတာ ငါ့အတွက် တစ်ခုတည်းသော အနှစ်သက်ဆုံးပျော်ဖြေမှုပဲကွ ... ဒီလိုနဲ့"

လူလည် လူနောက်ရဲ့မျက်နှာက သူ့လုပ်ရပ်တွေအပေါ် ကျေနပ်ပျော်ရွှင်နေသည့် ပုံစံကနေ ချက်ချင်းညှိုးကျသွားကာ ...

"တစ်နေ့မှာတော့ ငါ့အဒေါ် ကြောင်စီစီကို နောက်ချင်တာနဲ့ပဲ ငါ့ညီမလေးရဲ့ အချစ်တော် ခွေးလေးအိဘုတ်ကို ခိုးလာ



ခဲ့ရောဆိုပါတော့ ... ခွေးလေးက အဖြူရောင်မွေးစုတ်ဖွားရှည်ကလေး ... ဝကလည်းဝ,တော့ တစ်ကိုယ်လုံး အမွေးတွေပဲ ဖုံးပြီးလုံးနေတာ ... မျက်နှာပေါ်က အမွေးရှည်တွေကိုတောင် နဖူးထိပ်မှာ ဖဲကြိုးလေးနဲ့စုချည်ပေးထားရသေးတာ ... အဲဒီ ခွေးလေးကို ဖဲကြိုးစည်းထားတာဖြည်ချ ... စပရေးနဲ့ တစ်ကိုယ်လုံးအနက်ရောင်ဆိုးပြီး ဒေါ်လေးအခန်းထဲက ခုတင်ပေါ်မှာ စောင်နဲ့ဖုံးပြီး သွားထားလိုက်တာ ... ဒေါ်လေး ညအိပ်ရာဝင်ကာနီး နွားနို့နဲ့ဆေးထွက်သောက်နေတဲ့အချိန် သူ့အခန်းထဲ တိတ်တိတ်လေးဝင်ပြီးတော့ပေ့ါ"

"ကြံကြံဖန်ဖန်ဗျာ ... ခွေးကို အရောင်ဆိုးရသေးတယ်လို့"

"နဂိုအရောင်ဆို အိဘုတ်မှန်းမှတ်မိပြီး ဘယ်လန့်မလဲ ... "

"ဒါနဲ့ ... ဒေါ်လေးလည်း ခွေးကိုတွေ့ရော လန့်ပြီး သတိလစ်သွားရောလား"

"သတိလစ်တာမဟုတ်ဘူးဗျို့ ... တက်သွားတာ ... တက်တာတောင် ရိုးရိုးမတက်ဘူး"

"အက်စကာလေတာနဲ့ တက်တာလား ... ဓာတ်လှေကားနဲ့တက်သွားတာလား"

"ဘယ်ကလာ ... ဂစ်ဂစ်နဲ့တက်သွားတာကိုပြောတာ ... သူတက်သွားတော့ လက်ထဲမှာ ခွေးကလေးကို လည်ပင်းက

www.burmeseclassic.com

www.burmeseclassic.com



ထိုင်ထားတာ … တက်ရှင်းနဲ့ လက်တွေက ကွေးကောက်တွန့်ကုပ်လာတော့ ခွေးကလေး လည်ပင်းကို ညှစ်သလိုဖြစ်ပြီး နောက်ဆုံး ခွေးကလေးသေပါလေရော”

“ပြသနာပဲ”

“အေး … ပိုဆိုးတာကတော့ ဒေါ်လေးအော်သံကြားလို့ အိမ်သားတွေအားလုံး ပြေးဝင်လာကြတော့ အိဘုတ်ကလေး တကိန်ကိန်အောင်ပြီး ပါးစပ်ထဲက အမြှုပ်တွေတစီစီနဲ့ ဓာက်ကျိုးကျသွားတာကို မြင်လိုက်ကြရရောလေ … အဲဒီအထဲမှာ ညီမလေးလည်းပါလာတော့ နှလုံးရောဂါသည် ငါ့ညီမလေးဟာ ခွေခနဲလဲကျသွားပါလေရောကွာ”

“မင်းမိဘတွေတော့ ချက်ချင်းပဲ လူမမာနှစ်ယောက်ရသွားရောပေါ့”

“ဒေါ်လေးက ဘာမှမဟုတ်လောက်ပါဘူးကွာ … လျှာကို ဖွန်းတစ်ချောင်းနဲ့ဖိ … ခြေမချိုး … ငယ်ထိပ်မှုတ် … အိမ်အလုပ်သမားတွေကပဲ ဝိုင်းပြုစုပေးယုံနဲ့ပြီးပါတယ် … ညီမလေးကတော့ ဖေဖေနဲ့ငါ ပွေ့တင်ပြီး ကားနဲ့ဆေးရုံကိုပြေးအာရှတော်ဝင်က သူနဲ့ပြနေကျ နှလုံးအထူးကုဆရာဝန်ကြီးဆီသွားပြတော့ တစ်ခါတည်း ဆေးရုံတင်လိုက်ရတော့တာပဲ … အဲဒီကနေ သတိပြန်လည်မလာတာ နှစ်ရက်လောက်



ကြာတယ် … သတိရလာပေမဲ့လည်း အခြေအနေမကောင်းဘူး … ခဏခဏ အမောဖောက်လိုက် … အရေးပေါ်အခန်းထဲပို့လိုက် … ပြန်ထွက်လာလိုက် … ခဏနေ ထပ်ဖောက်လိုက် … သွင်းလိုက်ရတဲ့ဆေးတွေ … သောက်လိုက်ရတဲ့ဆေးတွေဆိုဟာလည်းကွာ … ရန်ကုန်မြို့က အကြီးဆုံးဆေးဆိုင်တစ်ဆိုင်စာလောက်ရှိမယ် … လူဆိုတာလည်း မျက်ကွင်းညိုနဲ့ အရိုးပေါ်အရေတင်နဲ့ ကမ္ဘာ့ဗွာန်းရုပ်ကိုချက်ချင်းပေါက်သွားတော့တာပဲ”

“ဖြစ်မှဖြစ်ရလေကွာ … ငါ့အဘွားကို အချုပ်ထဲသွားတွေ့ရတုန်းက … မြင်ကွင်းထက်တောင်ဆိုးဦးမယ့် အဖြစ်မျိုးပါလား”

“ဒါကြောင့် ငါ့အမှားက ပိုကြီးတယ်လို့ပြောတာပေါ့ … ဒါပေမဲ့ ငါ့အိမ်ကလူတွေက မင်းအိမ်ကလူတွေလို ဆူလားပူလားတော့ မလုပ်ကြဘူးကွ”

“မင်းကို ခွင့်လွှတ်ကြတယ်ပေါ့ … မဖြစ်နိုင်ဘူးထင်တယ်ငါတောင် … သတင်းကြားတာနဲ့တင် မင်းကို တော်တော်အမြင်ကတ်နေပြီ … မိဘအရင်းတွေနဲ့ ကာယကံရှင်ဆို … ဘယ်လောက်စိတ်ဆိုးမလဲ”

“ငါပြောတာ သေချာနားထောင်ပါဦး … သူတို့က မဆူ

www.burmeseclassic.com

www.burmeseclassic.com



မပူလို့ တော်လှပြီမထင်နဲ့ ... ငါ့မှာ ဆူလိုက်ပူလိုက် ... နောက်ဆုံး နားရင်းချည်း တစ်နေ့ အခါငါးဆယ်ပိတ်အုပ်နေဦး ခံသာသေးတယ် ... အခုဟာက အားလုံးက ငါ့ကို စကားတစ်ခွန်းမှ မပြောတော့ဘဲ ကျဉ်ထားကြတာကွ ... ငါ့ကို လူရိပ်မမြင် အသံမကြားရတဲ့ တဲ့ချွေတစ်ကောင်လိုပဲ ပစ်ပယ်ထားကြတာ"

"မင်းက မတောင်းပန်ဘူးလား ... ရှင်းမပြဘူးလား"

"အဖြစ်အပျက်က ရှင်းနေတာပဲ ... အထူးတလည်ရှင်းပြနေစရာလည်းမလိုဘူးလေ ... ဒီကိစ္စမှာ ဘယ်လိုဖြစ်သွားတယ်ဆိုတဲ့ အကြောင်းအရင်းက အဓိကမှမဟုတ်တာ ... ဘာဖြစ်သွားတယ်ဆိုတဲ့ အကျိုးတရားကပဲ အဓိကလေ ... တောင်းပန်တာကတော့ တောင်းပန်တာပေါ့ကွာ ... ဒါပေမဲ့ ဘယ်သူမှ နားမထောင်ဘူးလေ ... ကြာတော့ ငါ့ကိုယ်ငါ တစ္ဆေတစ်ကောင်လိုထင်လာတယ် ... ဘယ်သူမှ မတွေ့ရ ... မထိတွေ့ရတဲ့ တစ္ဆေလေ ... ရိုးရိုးတစ္ဆေမဟုတ်ဘူး ... ယူကျုံးမရ နောင်တတွေပြည့်နေတဲ့ တစ္ဆေ ... ငါအိမ်မှာနေရင်လည်း တစ်ယောက်တည်း သိပ်အထီးကျန်တယ် ... ဆေးရုံသွားတော့လည်း ညီမလေးမျက်နှာကိုမြင်ရင် အရမ်းခံစားရတယ် ... နောက်ဆုံးတော့ ငါဆက်မနေနိုင်တော့ဘူးကွာ"



"ငါ ကိုယ်ချင်းစာပါတယ် ... မင်း ... ဒုက္ခက ငါ့ဒုက္ခထက် တောင်ကြီးသေးတာပဲ ... ဒါဖြင့် မင်း အခုအိမ်ကဆင်းလာတာပေါ့"

"အေးပေါ့ကွာ ... မင်းလိုပဲပေါ့"

"ဒါဖြင့် ငါတို့နှစ်ယောက် ဘဝတူချင်းပေါင်းပြီး အတူတူနေကြမလား"

"ငါတော့မပြောတတ်တော့ဘူး ... ငါ့ကိုယ်ငါ ဘာလုပ်ချင်မှန်းလည်းမသိသေးဘူး ... မင်းအကြောင်းလည်း ငါက ဘာမှသိပ်သိရသေးတာမဟုတ်ဘူး ... ငါစဉ်းစားဦးမယ်ကွာ"

"ဘယ်လောက်ကြာကြာစဉ်းစားမှာလဲ ... မနက်ဖြန်မနက်ဆို ငါတို့ ဒီကထွက်ရမှာလေ"

"တစ်ညပေါ့ကွာ"

ရန်ကုန်သားက အိပ်ရာပေါ်ကျောဆန့် အိပ်ချလိုက်သည်။ မန္တလေးသား မောင်လူအကတော့ တစ်ယောက်အိပ်ခုတင်မှာ နှစ်ယောက်ပူးအိပ်ဖို့ အခက်အခဲရှိနေတာမို့ ချက်ချင်းလိုက်မအိပ်သေးဘဲ ခုတန်းခြေရင်းမှာ ငုတ်တုတ်ထိုင်နေသည်။

တဖြည်းဖြည်း ညဉ့်နက်လာ၏။ အဲဒီကတစ်ဆင့် အရွယ်ရောက်လာသည့်အခါကျမှ မောင်လူအလည်း တဖြည်းဖြည်းအိပ်ငိုက်လာကာ အိပ်ပျော်သွားတော့သည်။

www.burmeseclassic.com



မနက်စောစောမှာ ညှော်သည်နှစ်ယောက်ကို နိုးဖို့ အခန်းထဲဝင်လာခဲ့သော စားပွဲထိုး ကောင်းလေသည် တစ်ယောက်ရဲ့ခြေထောက်ကို တစ်ယောက်ခေါင်းခုက အိပ်နေကြသော မျက်နှာနှစ်ခုကို မြင်လျှင် ငယ်သံပါအောင်အထိတ်တလန့်အောင်ဟစ်လိုက်မိလေသည်။



"အံ့ဩစရာဗျာ ... မနေ့ညကတော့ မီးမှောင်မှောင်နဲ့မို့ သေချာမကြည့်မိတာ ... ဆရာတို့နှစ်ယောက်က အမြွှာတွေလားဗျာ ... မျက်နှာတစ်ခုတည်းကို ခန္ဓာကိုယ်နှစ်ခုမှာ တပ်ထားသလို ချွတ်စွပ်တူလိုက်တာ ... ကျွန်တော် မြင်မြင်ချင်း အရမ်းလန့်သွားတာဗျ ... ဆရာတို့က ခြေရင်းခေါင်းရင်း အိပ်နေကြတာဆိုတော့ အပေါ်ရော အောက်ရော ခေါင်းနှစ်လုံးနဲ့ပိတ်ထားတဲ့ သရဲလား သတ္တဝါဆန်းကြီးလားဆိုပြီး သွေးပျက်သွားတာ ... ခုထိတောင် ရင်တွေတုန်နေတုန်း"

စားပွဲထိုးလေး မောင်သန်းက စောစောလေးက ... မြင်ကွင်းကို ခုပြန်တွေးရင်း ခုကြက်သီးထ,သလို ပန်းတွေတွန့်ပြနေသည်။

www.burmeseclassic.com

www.burmeseclassic.com



မောင်သန်း လန့်မယ်ဆိုလည်း လန့်လောက်စရာပါပဲ။ ကာယကံရှင်နှစ်ယောက်တောင်မှ ကိုယ်အဖြစ်ကိုယ် တော်တော်လေးပဲလန့်သံသည်။

ညတုန်းက ... မီးမှောင်မှောင်နဲ့မို့ စကားတွေသာ အကြာကြီးထိုပြောဖြစ်တယ်။ တစ်ယောက်မျက်နှာ တစ်ယောက်သတိထားမကြည့်မိခဲ့။ မနက်မိုးလင်းမှ အမှုးလည်းပြေ၊ နေ့အလင်းရောင်ထဲလည်းရောက်ပြီဆိုတော့ တစ်ယောက်ကိုတစ်ယောက် ... ကြည့်လည်းကြည့်မိရော သူတို့နှစ်ယောက်ဟာ ရုပ်ချင်းက ခွဲမရအောင်တူလှပါလား။

"အေးကွာ ... ဘယ်လိုဖြစ်တာလဲ ... မင်းကိုကြည့်ရတာ ငါ့ကိုယ်ငါ မှန်ထဲပြန်ကြည့်ရသလိုပါပဲလား"

"မင်းက အသားပိုမည်းပါတယ်ကွ ... ငါက ပိုဖြူတယ်"

ရန်ကုန်သားက ဂုတ်သီးကတ်သက် စကားကြောတင်လိုက်သေးပေမယ့် အသားအရောင်က ဒီလောက်ကြီးသိသိသာသာကွာခြားတာတော့မဟုတ်ပါ။

"ဆရာတို့က အမြွှာတွေလားဟင် ... အတူတူလာကြတာမဟုတ်လို့"

"ဘာမှမဆိုင်ဘူး ... ငါတို့ အချင်းချင်းလည်း ဒီဆိုင်ရောက်မှတွေ့ဖူးတဲ့ဟာ"



"ဒါဆို ရုပ်ရှင်တွေထဲကလို အမြွှာညီအစ်ကိုနှစ်ယောက် မွေးကတည်းက ကွဲသွားပြီး ခုမှ မထင်မှတ်ဘဲ ပြန်ဆုံကြတာမျိုးလား"

"ဘယ်ကသာ ... ငါ့မှာ အစ်မနှစ်ယောက်ပဲရှိတာ ... အမြွှာမွေးတယ်လို့ ဘယ်ကမှ မကြားဖူးပါဘူး"

"ငါ့မှာက ညီမလေးတစ်ယောက်တည်းရှိတာပါကွာ ... ငါ့အမေကိုယ်တိုင်က အမြဲပြောတယ် ... နင့်ကိုလေ တစ်ယောက်တည်းမွေးမိလို့ပဲ ... နှစ်ယောက်သာမွေးမိရင်တော့ ငါတော့ သေမှာပဲတဲ့"

စားပွဲထိုး မောင်သန်းလည်း ဘာမှမစဉ်းစားတတ်တော့သလို ခေါင်းချည်းပဲ တကုတ်ကုတ်။

ဘေးလူတောင် ဒီလိုဖြစ်နေမှတော့ ကာယကံရှင်တွေလည်း ဦးနှောက်တော့ ခပ်ရှုပ်ရှုပ်ဖြစ်နေပြီ။

"မင်းမွေးနေ့က ဘယ်နေ့လဲ ... "

"မေသုံးဆယ့်တစ် ... တစ်ထောင့်ကိုးရာ ရှစ်ဆယ့်ခွန်"

"ငါလည်း ရှစ်ဆယ့်ခွန်ပဲ ... ရက်က ... အဲ ... ဇွန်လ ခုနှစ်ရက်"

"ဒါဖြင့် မင်းနဲ့ငါ ခုနစ်ရက်ပဲကွာတာပေါ့"

"ဘယ်လောက်ပဲကွာကွာ ... တစ်ရက်တည်းမွေးတာ ...

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လို့ အမြွာမဟုတ်တာတော့ သေချာသွားပြီကွာ ... တစ်ပတ်တောင်ခြားတဲ့ အမြွာရှိပါ့မလားကွ"

"အေး ... အဲဒါဟုတ်တယ်"

"ထားလိုက်ပါကွာ ... အမြွာဟုတ်မဟုတ်ဆိုတာတော့ ... လိုက်စဉ်းစားမနေပါနဲ့တော့ ... အရေးကြီးတာက ငါတို့ ရှေ့ဆက်ဘာလုပ်ကြမလဲဆိုတာပဲ ... မင်းမှာ ပိုက်ဆံဘယ် လောက်ပါလာလဲ"

"ငါးသောင်းကျော်တော့ရှိမယ်"

"ငါကတော့ နှစ်သောင်းလောက်ပဲ ပါလာတာကွ ... နာရီနဲ့ လက်စွပ်ချွတ်ရောင်းလည်း ရလာမှ ငါးသောင်းလောက်ပဲ ဒီလောက်ပိုက်ဆံလေးနဲ့ အိပ်ခန်းငှားနေဖို့ ... အလုပ်မရခင် စပ်ကြား ထိုင်စားဖို့က သိပ်မလွယ်လှဘူး"

"ငါဆို ပိုဆိုးတာပေါ့ ... ရန်ကုန်မှာ အသိမိတ်ဆွေလည်းသိပ် မရှိဘူး ... ထွက်လာတုန်းကတော့ ရန်ကုန်က သူငယ်ချင်း နှစ်ယောက်အိမ်လိပ်စာယူလာပြီး တစ်ယောက်ယောက်ဆီ နေမလို့ဘဲ ... ဖြစ်ချင်တော့ တစ်ယောက်က နိုင်ငံခြား ထွက်သွားပြီး နောက်တစ်ယောက်ကျတော့ မိန်းမရိုးပြီး အိမ်ပေါ်ပြန်တက်လာတာ နှစ်ရက်ပဲရှိသေးတာတဲ့ ... ဗူ ကြီးတွေ ဒီလောက်မကြည်မလင်ဖြစ်နေတဲ့ အချိန်မှာ ဘယ်



လိုလုပ် သူငယ်ချင်းတစ်ယောက်ပါထပ်ပြီး ခေါ်တင်ထား နိုင်မလဲ"

"ကံဆိုးပါ့ကွာ"

"ဒါနဲ့ ငါလည်း စိတ်ညစ်ညစ်နဲ့ ကြို့ရာဘတ်(စ်)ကား တက် စီးပြီး ဒီအထိရောက်လာတာပဲ ... ငါ့မှာ အကြံတော့ လော လောဆယ်မရှိဘူး ... ပိုက်ဆံကလည်း ငါးသောင်းရယ် ... နာရီရယ် ... ဆွဲကြိုးရယ် ဒါပဲရှိတာ ... မင်းပြောသလို ရက် ရှည်ထိုင်စားဖို့တော့ မဖြစ်လောက်ဘူး"

"လောလောဆယ် အရေးကြီးတာက နေရေးထိုင်ရေးကွ ... စားရေးသောက်ရေကတော့ နည်းနည်းပါးပါး ချွေတာရင် ရဦးမယ် ... ငါ့ကို အားလုံးက ချဉ်ဖတ်ဆိုတော့ အိမ်ပေါ်မှာ ခေါ်ထားမယ့် သူငယ်ချင်းလုံးဝမရှိဘူး"

"ဘုန်းကြီးကျောင်းမှာ ခဏတည်းရင်ကော"

"စိတ်ညစ်စရာကြီးကွာ"

"ဒါဆိုရင်တော့ ငါလည်း မစဉ်းစားတတ်တော့ဘူး"

မန္တလေးသားက အကြံကုန်သွားသည့်ပုံမျိုးနဲ့ စားပွဲ ပေါ် မေးထောက်လျက် ငိုင်တိုင်တိုင်ထိုင်နေသည်။

ဒီလူအနဲ့ကတော့ သူပဲ အကြံထုတ်ရတော့မှာပဲဆို တာ ရန်ကုန်သားက သဘောပေါက်လိုက်ပြီ။ အရင်ကမှလော်သေး။

www.burmeseclassic.com

www.burmeseclassic.com



သူ့တစ်ယောက်စာပဲတွေးရတာ။ ခုတော့ ဟိုကောင်လူအ,အတွက်ပါ ထည့်ပြီးစဉ်းစားပေးရပြီ။ တာဝန်ပိုပါ့ကွာ။

သူ့မှာလည်း နေစရာမရှိ။ ဟိုကောင့်မှာလည်း နေစရာမရှိ။ အရေးထဲ ကိုယ့်မျက်နှာနဲ့ချွတ်စွပ်တူနေသော မျက်ခွက်ကြီးကို တစ်ချက်တစ်ချက်ကြည့်မိပြီး လန့်လန့်သွားရသေးသည်။

ကိုယ့်မျက်ခွက်နဲ့ သူ့မျက်ခွက်နဲ့ ချွတ်စွပ်။ ကိုယ့်မှာလည်း နေစရာမရှိ၊ သူ့မှာလည်း ... ။

"ဟာ ... အကြံရပြီ"

"ဘာလဲ ... ဘာအကြံလဲ ... ထမင်းကျန်ဟင်းကျန်လား ... မိုက်ဆာနေတာနဲ့အတော်ပဲ"

"စကားကောင်းပြောစမ်းကွာ ... ငါက အကြံကောင်းဉာဏ်ကောင်း ရပြီလို့ပြောတာ"

"ဒီလိုလား ... ဘာအကြံလဲ ... ပြောပါဦး"

"မင်းက မင်းအိမ်မှာနေလို့မဖြစ်ဘူးမဟုတ်လား ... ငါကလည်း ငါ့အိမ်မှာ ဆက်မနေရဲတော့ဘူးလေ"

"အေးလေ ... ဒါ ပြောပြီးသားပဲဟာ"

"ပြီးတော့ မင်းနဲ့ငါက ရုပ်ချင်းလည်း ခွဲမရအောင်တူတယ်"

"မင်းပဲ မင်းအသားက ပိုဖြူတယ်ဆို"

အရေးထဲ စကားနာထိုးနေရသေး။



"အသားအရောက်က ပြောင်းလဲနိုင်ပါတယ် ... မပြောင်းနိုင်တဲ့ ရုပ်ကြီးက တူနေရင်ပြီးရောပေါ့ ... ငါတို့က ကိုယ့်အိမ်မှာကိုယ် မနေနိုင်ကြပေမယ့် မင်းအိမ်မှာဆိုရင် ငါက နေနိုင်တယ်ကွာ ... ငါ့အိမ်မှာလည်း မင်းက နေနိုင်မှာပဲ ... ကိုယ့်ကိစ္စမှ မဟုတ်တာကိုး"

"မင်းက ငါ့ကို မင်းအိမ်ခေါ်သွားမလို့လား"

"ခေါ်သွားမှာမဟုတ်ဘူး ... ပို့လိုက်မှာ ... မင်းက ငါ့အိမ်မှာသွားနေ ... ငါက မင်းအိမ်မှာနေမယ် ... လူချင်းချိန်းမယ်ကွာ"

"ငါက မင်းအိမ်မှာသွားနေ ... မင်းက ငါ့အိမ်မှာ ... ဖြစ်ပါ့မလား ... မင်းအိမ်က ငါ့ကို မင်းမဟုတ်မှန်းသိမှာပေါ့ကွ"

"ပုံမှန်အခြေအနေဆိုရင်တော့ ချက်ချင်းသိမှာပဲ ... လတ်တလောအခြေအနေမှာတော့ သူတို့က ငါ့ကို လှည့်တောင်ကြည့်ကြတာမဟုတ်ဘူးလေ ... စကားလည်း မပြောကြဘူး ... ငါကိုယ်တိုင်ကလည်း နောင်တတွေရ ... စိတ်တွေဆင်းရဲပြီး ဘယ် သူ့ကိုမှ မနောက်မပြောင်နိုင် ... ဟာသတွေမပြောနိုင် ... မရယ်နိုင် ဖြစ်နေတာဆိုတော့ အထူးတလည်ဟန်ဆောင်နေစရာမလိုတော့ ဘူးပေါ့ကွာ"

"ဒါပေမဲ့ မင်းအိမ်အကြောင်း ... အိမ်သားတွေအကြောင်း

www.burmeseclassic.com

www.burmeseclassic.com



ငါက ဘာမှလည်းသိတာမဟုတ်"

"ငါ့သေချာပြောပြလိုက်မှာပေါ့ကွ ... မင်းရော မှန်းကြည့်စမ်း ... မင်းအိမ်က ငါ့ကို မင်းမဟုတ်မှန်း ချက်ချင်းသိနိုင်မလား ... ငါ့အရင်ပုံစံအတိုင်းတော့ မနေဘူးလေကွာ ... ငြိမ်ငြိမ်ပဲနေမှာပေါ့"

"ငါ့အိမ်သားတွေကတော့ အမူအခင်းမဖြစ်ခင်ကတည်းက ငါ့ဆို ဂရုမစိုက်ကြဘူးကွ ... ဘယ်နေရာမှ တိုင်ပင်လို့မရ အားကိုးလို့မရတဲ့ တုံးပဲဆိုပြီး ပစ်ပယ်ထားကြတာ ... အဘွားတစ်ယောက်ပဲ ငါ့ကို ဂရုစိုက်တာ ... အခုတော့... အဘွားကပါ စိတ်နာသွားပြီလေ"

"ဒါဆို ငါနေချင်သလိုနေလို့ရတာပေါ့ ... အိုကေပဲကွာ ... ငါ့အတွက်ကတော့ အေးဆေးပဲ ... မင်းအိမ်ရဲ့ ပုံစံကို ငါ့ကို ပြောလိုက် ... အားလုံးပြောနော် ... အိမ်သားတွေရဲ့အကျင့်ပုံသဏ္ဌာန် ... အခေါ်အဝေါ် ... အလုပ်သမားတွေရော အိမ်က အခန်းဖွဲ့စည်းပုံ ... နောက် မင်းနဲ့ အရင်းနှီးဆုံး ... အပြင်လူတချို့ ... မင်းမှာ ရည်းစားရောရှိလား"

"ရည်းစားတော့မဟုတ်ဘူး ... ငါ့ကို လာတွယ်နေတဲ့ ... ကောင်မလေးတစ်ယောက်တော့ရှိတယ် ... လည်လွန်းပတ်လွန်းလို့ ငါက ကြောက်တာနဲ့ ရှောင်နေတာ"



"သူ့အကြောင်းပါ ထည့်ပြောကွာ ... ငါ့မှာတော့ လူကြီးတွေသဘောတူထားတဲ့ မိန်းကလေးရှိတယ် ... သမိုင်းဘာသာနဲ့ ကျောင်းပြီးပြီး သုတေသနကို ဝါသနာပါလွန်းလို့ ခရီးတွေထွက်ပြီး မြန်မာအစ ... လူသားအစတွေကို လိုက်ပြီး လေ့လာနေတာ ... အခုလည်း ပုံတောင်ပုံညာဘက် ခရီးထွက်သွားပြန်ပြီ ... သူက ရိုးရိုးအေးအေးနဲ့ ကိုယ့်အလုပ်ကလွဲရင် ဘာမှ စိတ်မဝင်စားတတ်တဲ့ တိုက်ပိမျိုးဆိုရင်တော့ ငါနဲ့ ကီးမညီဘူးကွ ... မင်းကို သူ့အကြောင်းပါ သေချာပြောလိုက်မယ် ... ဒါနဲ့ ငါ့နာမည်လည်းမှတ်ထား ... ကမ္ဘာဦးတဲ့"

"ငါ့နာမည်က ဘွားရွှေရောင်တဲ့"

www.burmeseclassic.com

www.burmeseclassic.com



အိမ်လိပ်စာကလည်းတူ။ အိမ်ပုံစံနဲ့ အရောင်အသွေးကလည်း ကမ္ဘာဦးပြောလိုက်တဲ့ အတိုင်းက တစ်ထပ်တည်းတူနေပြီဆိုမှတော့ ဒီအိမ်ပဲဖြစ်တော့မှာပါ။

စေ့ယုံစေ့ထားသော ... ခြံဝင်းတံခါးကို တွန်းဖွင့်ဖို့ လက်လှမ်းလိုက်ပြီးမှ ကိုယ့်ရင်တွေ တဒိတ်ဒိတ်တုန်နေတာကို ... သတိထားမိလျက် ခဏငြိမ်သက်အနားယူနေရသေးသည်။

အရေးထဲ ဒူးတွေကလည်း တုန်လိုက်တာ။ ဒီနေရာကို ရောက်လာရတာ သားရွှေရောင်အတွက်တော့ တစ်သက်မှာ အကြီးမားဆုံးသော စွန့်စားခန်းကြီးပဲဖြစ်သည်။

ကမ္ဘာဦးကတော့ သေသေချာချာအာမခံလိုက်တာပဲ။ ဘယ်သူမှ မသိနိုင်လောက်ပါဘူးလို့။ ဟုတ်တော့လည်းဟုတ်တာပါပဲ။ ရုပ်ချင်းက ဒီလောက်တူတာ။ အမြွှာညီအစ်ကိုသာမရှိဘူး



ဆိုလျှင် ကိုယ့်သား၊ ကိုယ့်အစ်ကိုနဲ့ ဒီလောက်ရုပ်ချင်းတူသည့် သူနောက်တစ်ယောက်ပေါ်လာပြီး ဟန်ဆောင်လိမ်ညာမှုတွေ လာလုပ်နေလိမ့်မည်လို့ ဘယ်သူကမှ တွေးမိမှာမဟုတ်။

အားတင်းထားစမ်းကွာ။ အိမ်မှာ ဘယ်လိမှ ဆက်နေလို့မဖြစ်နိုင်တာမို့ နေစရာတစ်ခုခုတော့ မဖြစ်မနေရှာရမှာ။ ကိုယ့်လက်ထဲရှိသည့် ပိုက်ဆံရယ်၊ အသုံးမကျလှသော ဦးနှောက်ရယ်ပေါင်းလျှင် ကောင်းကောင်းမွန်မွန်နေစရာဆိုတာလည်း ဘယ်မှာမှမရှိနိုင်။ ဒီလို သားသားနားနား၊ လုံလုံခြုံခြုံနဲ့ မျက်နှာလည်းမငယ်။ ဝင်လည်းပင်ပန်းစရာမလိုဘဲ နေရမည့် နေရာမျိုးဟာ ရှာရခက်လိုက်မည့်အမျိုး။

သားရွှေရောင်က ကိုယ့်ကိုယ်ကိုယ် အားပေးလိုက်သည်။ တံခါးကို တွန်းဖွင့်ကာ အိမ်ထဲခပ်တည်တည်ဝင်ချသွားလိုက်သည်။

ဟိုကောင် ... ကမ္ဘာဦးမှာလိုက်တာက ဘယ်လိုပါလိမ့်။ အိမ်ရှေ့တံခါးက တည့်တည့်ဝင်။ ညှိခန်းတွေ့ပြီဆိုရင် ညချိုးလှေကားကိုတက် ဘုရားခန်းအရင်ဆုံးတွေ့မယ်။ ဘုရားခန်းဘေးတပ်လျက်က သူ့အခန်းပဲတဲ့။

အိမ်ထဲမှာလည်း လူရိပ်လူခြေရယ်လို့ မတွေ့ရပါဘူး။ အိမ်ဖော်လို့ထင်ရသည့် ကောင်မလေးတစ်ယောက်ကတော့

www.burmeseclassic.com



ဟိုးနောက်ဖေးဘက်လမ်းအကူးလေးကနေ ဖြတ်ကူးသွားရင်း တစ်ချက်လှမ်းကြည့်လိုက်ပါသေးရဲ့။ ပြီးတော့လည်း မထူးသလို။

မဆိုးပါဘူး။ အနေချောင်မယ့်ပုံရှိပါရဲ့။ အိမ်မှာလို နည်းနည်းလေး အိမ်ပြန်နောက်ကျတာနဲ့ အိမ်သားတွေ လူစုံတက်စုံထွက်လာကာ ပြန်ရောက်ပြီလား။ ဘယ်သွားနေတာလဲ၊ ဘာလုပ်နေတာလဲ၊ ဒီလိုလျှောက်သွားနေလို့ ဖြစ်မလား။ စည်းကမ်းမရှိ နေချင်တိုင်းနေလို့ရမလား။ ဒီကောင်ကတော့ ပြောမရဆိုမရနဲ့ကွာ။ နောက်ကို ဒါမျိုးမလုပ်နဲ့ကြားလား စသည့် ရှုမဖြန်းဆူပူဆုံးမသံတွေဟာ ကြွက်ကြွက်ညံနေတော့မှာ။

ဟိုကောင် ကမ္ဘာဦးတစ်ယောက်တော့ အဲဒါတွေနဲ့ ရင်ဆိုင်ရမှာသေချာသည်။ ပိုဆိုးတာက ကမ္ဘာဦး အိမ်ကထွက်လာတာ တစ်ညပဲရှိသေးပေမယ့် သူ့အိမ်ကထွက်လာတာကတော့ နှစ်ညနဲ့သုံးရက်ရှိပြီ။ ဒီတစ်ရက်လုံးလည်း ကားပေါ်မှာနေရဦးမှာဆိုတော့ သုံးညကျော်မှ အိမ်ပြန်ရောက်မှာ။ အမေးအမြန်း အစစ်အဆေးကတော့ ကောင်းကောင်းခံရမှာပဲ။

သားရွှေရောင်က အတတ်နိုင်ဆုံး ဟန်တင်းကာ — ကမ္ဘာဦးပြောထားသည့်အတိုင်း သူ့ အခန်းထဲဝင်လိုက်သည်။

အဲယားကွန်းရဲ့ အေးစိမ့်နေသည့် အထိအတွေ့က အပူထဲလာသူကို နှစ်လိုဖွယ်ဆီးကြိုလိုက်သည်။



ဒီကောင် တော်တော်စည်းကမ်းမဲ့တာပဲ။ သူထွက်သွားတာတောင် အဲယားကွန်းကို မပိတ်ခဲ့ဘူးထင်သည်။ အလကားသက်သက် ကိုယ့်မိဘပိုက်ဆံကို ကုန်အောင်ဖြုန်းတာ။

ဒါပေမဲ့ အဲယားကွန်းလေး အဆင်သင့်ဖွင့်ထားတော့လည်း နေရထိုင်ရတာ အကောင်းသား။ အေးစိမ့်နေတာပဲ။ အဲဒ်ရောက်ရှိနာရဲ့ လာဗင်ဒါပန်းနံ့လေး တသင်းသင်းနဲ့ဆိုတော့ ပန်းတောကြီးထဲပဲရောက်သွားသလို မွှေးပျံ့ကြည်လင်သွားတော့တာ။

အခန်းထဲမှာ အဝတ်တွေ တော်တော်များများ ဟိုပုံဒီပုံ။ ရေချိုးခန်းနားမှာ ကပ်ထောင်ထားသည့် အဝတ်လှန်းစင်မှာလည်း ရှိန်ခွဲထားတာတွေရော၊ ပစ်တင်ထားတာတွေရော၊ တစ်စတ်တစ်ပျက်တွဲလောင်းဖြစ်နေတာတွေရော။

ကြည့်ရတာက ကမ္ဘာဦးဆိုတဲ့ ကောင်ဟာ တော်တော်ပစ္စလက္ခတ်နေတတ်တဲ့ကောင်ပဲဖြစ်မှာ။ အခန်းကို ကိုယ်တိုင်လည်းမသိမ်း။ သူများကိုလည်း သိမ်းခိုင်းဖို့ စိတ်ကူးရှိပုံမပေါ်။

ပထမတော့ အဝတ်တွေသုံးလေးထည်လောက်ကို ရှုပြီး ခေါက်ကြည့်သေးသည်။ ဒါပေမဲ့ စိတ်ကမရှည်။ သူ့အဝတ်တွေက အသစ်လား အဟောင်းလားလည်း ခွဲလို့ရတာမဟုတ်။

မထူးပါဘူး။ အားလုံးကိုစုပြီး လျှော်တောင်းထဲထည့်လိုက်တာပဲ ကောင်းပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



သားရွှေရောင်က အဝတ်တွေ တစ်ခုမကျန်လိုက်ဖြုတ်ပြီး ကြိမ်နဲ့လုပ်ထားသည့် အဝတ်ဟောင်းခြင်းထဲ ပစ်ထည့်လိုက်သည်။ ရှင်းရော။

"ဒေါက် ... ဒေါက်"

"အစ်ကိုလေး ... အစ်ကိုလေး"

မရွံ့မရဲ တံခါးခေါက်သံနှင့် ခေါ်သံလေး။ ဒါ အိမ်ဖော်ကောင်မလေး ပုစိန်ပဲဖြစ်မှာ။

"ပုစိန်လား ... "

"ဟုတ်ကဲ့ အစ်ကိုလေး"

"တံခါးက ဇေ့ထားတာ ... ဖွင့်ဝင်ခဲ့"

တံခါးက ပွင့်တော့ပွင့်သွားပါရဲ့။ ပုစိန်ကတော့ ဝင်မလာ။ ကမ္ဘာဦး ချမှတ်ခဲ့သည့် စည်းကမ်းပဲလား။ ဒါမှမဟုတ် လူရွတ်လူပြောင် ကမ္ဘာဦးကို ကြောက်လို့ပဲလားတော့မသိ။

"ဘာလဲ"

ကိုယ့်မျက်နှာကြီးဟာ ကမ္ဘာဦးနဲ့ ခွဲမရအောင်ထူတာသေချာပေမယ့် စိတ်ထဲ မလုံသလိုဖြစ်မိတာမို့ သားရွှေရောင်ထာအခန်းဝကို ဘေးတစောင်းပဲပေးထားလိုက်သည်။

"အစ်ကိုလေး ထမင်းစားမလားလို့ပါ ... "

"ဘာဟင်းလဲ"



"ဘဲသနီချက် ... ပဲကြာဆန်ဟင်းရည် ... မရမ်းသီးသုပ်"

"အေး ... ကောင်းသားပဲ ... ငါလည်း ဗိုက်ဆာနေတာ ... စားမယ်ဟာ"

"ကျွန်မ ဘဲဥကြော်ပေးမယ်လေ ... ဝက်အူချောင်းလည်း ရှိသေးတယ်"

"ဘဲသားဟင်းကောင်းနေတဲ့ဟာ ဘာမှ ထပ်မလုပ်နဲ့တော့လေ"

ပုစိန်က ... မျက်တောင်လေးပုတ်ခတ်ပုတ်ခတ်လုပ်ရှင်း ...

"အစ်ကိုလေးက ဘဲသားဖြင့်မစားဘဲနဲ့ ... "

အဲ ... သေပဟ။

ကမ္ဘာဦးက သူ့အကြောင်းတွေ တော်တော်စုံစေ့ဆောင်တော့ပြောလိုက်ပါရဲ့။ ဒါပေမဲ့ ... ဒီလောက်အချိန်တိုလေးအတွင်းမှာ အပ်ကျတာကအစ လိုက်ပြောဖို့ဆိုတာ မလွယ်ကူလေတော့ လစ်ဟာမှုရှိမည်။ ဒါက ပထမဦးဆုံး လစ်လပ်သွားသည့်အချက်။

"နင်ဘာသိလို့လဲ ... ငါ အခုတစ်လော ဘဲသားစားနေပြီဟ တကယ်စားကြည့်တော့ ... ဘဲသားက ကြက်သားထက်တောင် ပိုကောင်းသေးတယ် ... ဘဲသနီချက်ဆိုတာ ဘဲ

www.burmeseclassic.com



သားကို အကောင်လိုက်ကြော် ... ပြီးတော့ အတုံးလေးတွေ တုံးပြီးမှ ကြက်သွန်ဖြူနီ ဂျင်း ... စပါးလင် ... ဆား ... သကြား ... ပဲငံပြာရည် ... ခရုဆီတွေ အနှစ်ချက်ပြီး ပြန်နှပ်ထားတာမဟုတ်လား ... အဲဒါ စားကောင်းတယ်ဟ... ငါ စားသောက်ဆိုင်တွေမှာ တော်တော်စားဖူးတယ်"

"အစ်ကိုလေးက ထူးထူးတန်းဆန်း ဟင်းချက်နည်းတွေ ဘာတွေလည်း သိနေပါလား ... အစ်ကိုလေး အစား ... အသောက်ကိစ္စ စိတ်ဝင်စားတာ ဒီတစ်ခါပဲ တွေ့ဖူးသေးတယ်"

ထိပြန်ပြီဟ။ ကမ္ဘာဦးဆိုတဲ့ ကောင်ဟာ ... အစား အသောက် ချေးများပြီး အစားကိစ္စလည်း စိတ်မဝင်စားတတ်သည့် ကောင်မျိုးများ ဖြစ်လေမလား။ ဒါဆိုရင်တော့ လွဲပြီ။ သားရွှေရောင်က အစားအသောက်ကို ဘာမဆိုလည်းကြိုက်တတ်သည်။ ဘယ်လို ချက်ပြုတ် ပြင်ဆင်ထားလဲဆိုတာကိုလည်း စိတ်ဝင်စားသည်။ ဟို ကောင် ... ကမ္ဘာဦးက အစားမကြိုက်တတ်။ အစားအသောက်နဲ့ပါ ပတ်သက်ရင် ကမ္ဘာဦး ဟန်ဆောင်ဖို့ဆိုတာ တော်တော်လေးခက်ခဲ တော့မည်။

"ကိုယ့်ဗိုက်ထဲထည့်ရမဲ့ဟာကို ကိုယ်စိတ်ဝင်စားတာများ ဟာ ... ကဲ ... သွား ... သွား ... ထမင်းပွဲပြင်ချည် ... ငါ



ဆင်းလာခဲ့မယ်"

သားရွှေရောင်က အိမ်နေရင်း အဝတ်အစားတစ်စုံကိုကောက်လဲပြီး အောင့်ထပ်ဆင်းခဲ့သည်။ ကမ္ဘာဦးရဲ့ အမှာစကားအရတော့ လှေကားအောက်ဆုံးထပ်ရောက်လျှင် ညာဘက်ကွေ့ အခန်းကိုဖြတ်ကျော်လျှောက်ပြီးလျှင် ထမင်းစားခန်းကို ထင်ထင်ရှားရှားတွေ့ရမည်တဲ့။

ဟုတ်ပါရဲ့။ သူပြောသည့်အတိုင်းပဲ တံခါးပိတ်ထားသည့် အခန်းတွေဆုံးတော့ ကျယ်ကျယ်လွင့်လွင့်၊ သန့်ရှင်းသပ်ရပ်သော အခန်းထဲမှာ ရေခဲသေတ္တာအကြီးတစ်လုံး၊ အပုလေးတစ်လုံး၊ ထွန်းသားထမင်းစားပွဲကြီး၊ ပန်းကန်တွေ စီထည့်ထားသည့် နံရံကပ်ဗီရိုများ စသည်ဖြင့် တန်ဆာဆင်ထားတာကို တွေ့ရတော့တာပဲ။ ဒါဟာ ထမင်းစားခန်းဆိုတာသေချာပြီ။

"ထမင်းပွဲပြင်ပြီးပြီ အစ်ကိုလေး ... ဟင်းရည်ပူ ဝင် ပြန်နွေးနေသေးလို့ ခဏနော်"

"ဟင်းရည်က ဘာကြောင့်ပြန်နွေးရမှာလဲ ... သိပ်ပူတာသောက်ရင် သွားနဲ့ခံတွင်းကို ထိခိုက်နိုင်တယ် ... ဟင်းရည်ရဲ့ အရသာလည်း အပေါ်တော့ဘူး ... သိပ်ပူနေလည်း မှုတ်သောက်ရတာပဲဟာ ... ခပ်နွေးနွေးဆိုရပြီ"

ကိုယ့်ဘာသာကိုယ် ... ပြောချင်တာပြောလိုက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



တော့မှ ပုစိန်ဆိုသည့် ကောင်မလေး မျက်လုံးတွေပြူးတက်လာတာ မြင်လျှင် ဘာများမှားသွားပါလိမ့်လို့ သားရွှေရောင်က ပြန်လန့်သွားရပြန်ပြီ။

"အစ်ကိုလေးက ဟင်းရည်ဆို ပွက်ပွက်ဆူနေမှ သောက်တာမဟုတ်ဘူးလား ... မီးပျက်ပြီး ဂက်(စ်)ကုန်နေတဲ့ နေ့တွေမှာဆို မီးသွေးဖိုတောင် ပြန်မွှေးပြီး နွေးပေးရသေးတဲ့ဟာ"

သွားပြန်ပြီ။ ဒီကောင်နဲ့ ငါ အစားအသောက်ကိစ္စမှာ တော်တော်လွဲတာပါပဲလား။ ရှေ့လျှောက် သတိတော့ထားမှ ...

"ငါအခု သွားဆရာဝန်တစ်ယောက်နဲ့ တွေ့လာလို့ သူပြောတဲ့အတိုင်း လိုက်နာကျင့်သုံးတော့မလို့ ... စကားမရှည်စမ်းနဲ့ဟာ ... ထည့်စရာရှိတာသွားထည့်"

ပုစိန်က ခပ်ကုပ်ကုပ်လေးနဲ့ ထွက်သွားသည်။

မနေ့ကတစ်ည၊ ဒီနေ့တစ်မနက်လုံး အစားကောင်းကောင်းမစားဖြစ်ခဲ့တာမို့ သားရွှေရောင်က အတိုးချကာ အားရပါးရစားပစ်လိုက်တောများ ထမင်းကို နှစ်ခါထပ်ထည့်ယူရသည်။

ဒါလည်း ကမ္ဘာဦးရဲ့ အကျင့်မဟုတ်ဘူးလားတော့မသိ။ ပုစိန်ဆိုသည့် ကောင်မလေး ပါးစပ်က ဘာမှမပြောပေမယ့် မျက်လုံးကြီးပြူးပြူးတက်လာတာမြင်ရသည်။



သူ ထမင်းစားနေတုန်း ထမင်းစားခန်းထဲ လူကြီးတစ်ယောက်(ကမ္ဘာဦးရဲ့အဖေဖြစ်ရမည်။) ဝင်လာသေးကာ သူ့ကို တစ်ချက်တော့ ငုံ့ကြည့်သွားသေးသည်။ ဘာမှတော့မပြော။

စားသောက်ပြီးတာနဲ့ ရေမိုးချိုး။ ပြီးလျှင်တော့ ... မန္တလေးက ရန်ကုန်ဆင်းလာသည့် လမ်းခရီးတစ်လျှောက်လုံးရယ်၊ မနေ့ညကရယ်၊ အိပ်ရေးပျက်ခဲ့တာတွေပေါင်းပြီး သားရွှေရောင်က မိမ်ကျကျ အိပ်စက်ပစ်လိုက်တော့သည်။

❧ ❧ ❧

www.burmeseclassic.com



ကမ္ဘာဦး ခြံထဲဝင်ဝင်ချင်း အရင်ဆုံးတွေ့လိုက်ရတာ ကိုယ့်ဘက်ကိုကျောပေးလျက် ခါးကုန်းနေသော အမျိုးသမီးကြီး တစ်ယောက်ရဲ့ တင်ပါးဝဝ ဝိုင်းဝိုင်းကြီးပဲဖြစ်သည်။

ခါးကုန်းနေတာဆိုတော့ ခန္ဓာကိုယ်အထက်ပိုင်းကို မမြင်ရဘဲ တင်ပါးနေရာကိုသာ ကွက်တိမြင်နေရကာ ပုံစံကြီးက စကောကြီးထောင်ထားသလို ရယ်စရာကြီးဖြစ်နေသည်။

ဟား ... ဟ။ လောက်လေးခွနဲ့ ပစ်ထည့်လိုက်ရလို့ ကတော့ တုံခနဲနေမှာပဲ။ ဒါမှမဟုတ် ဘောလုံးတစ်လုံးကို တည့် တည့်ချိန်ပြီး ဝိတ်ကန်ပစ်လိုက်ရရင်။

အသည်းထဲ တကျိကျိနေအောင် ယားလာသည်။ ကိုယ့်အိမ်မှာတုန်းကတော့ စိတ်ညစ်စရာတွေက အနီးပတ်လည်



ဝိုင်းနေသေးတာမို့ နဂိုဗီဇ နောက်တီးနောက်တောက်အကျင့်က ငုပ်နေတာ။

မန္တလေးကိုလည်းရောက်ရော ... ရေပြောင်းမြေ ပြောင်း အခြေအနေပြောင်းမို့ စိတ်တွေလည်းပြောင်းကာ နဂိုစရိုက် တပြန်ပေါ်လာပြီ။ လူတွေကို နောက်ချင်ပြောင်ချင် ဒုက္ခပေးချင် လာပြီ။

လောလောဆယ် ဘောလုံးလည်းမရှိ။ လောက် လေးခွလည်းမရှိ။ ခဲလုံးနဲ့ပစ်ရမှာလည်း ရိုင်းနေတာမို့ အနီးအနား ကိုကြည့်လိုက်တော့ ဘာမသီးမှန်းမသိသည့် မာမာလုံးလုံးအသီး တချို့ကြွေကျနေတာကို တွေ့လိုက်လျှင် တစ်လုံးကိုကောက်ကာ ‘ပစ်မှတ်ကြီး’ကို တည့်တည့်ချိန်ရွယ်ပြီး ပစ်ထည့်လိုက်တော့သည်။

“အောင်မယ်လေး ... မလုပ်တုတ် ငါ့နဲ့ညား”

“ပစ်မှတ်ကြီး” တွန့်ခနဲဖြစ်ခါ တုန်ခနဲတက်သွားပြီး အသံ အလန့်တကြားအောင်ဟစ်သံတွေ ထွက်လာတော့သည်။

ရယ်ချစ်စိတ်ကို မျိုသိပ်ကာ မျက်နှာကို ကမန်းက တန်း‘တည်’ပစ်လိုက်ရသည်။

ခါးဆန့်ပြီး နောက်ဘက်လှည့်ကြည့်လာတော့ ... တော်တော်ဝဖိုင့်ကာ ပါးစုံကြီးတွေတောင် ထွက်နေသည့် ဖြူဖြူဝဝ အဒေါ်ကြီးဟာ သားရွှေရောင်ပြောလိုက်သည့် သူတို့ရဲ့ အိမ်တော်

www.burmeseclassic.com

www.burmeseclassic.com



ထိန်း 'ဒေါ်ဆယ်မိ'ပဲဖြစ်မည်လို့ ကမ္ဘာဦးက တွက်လိုက်သည်။

"ဟဲ့ … ဖိုးသား … နင် ငါ့ကို ဘာလုပ်လိုက်တာလဲ"

"ဗျာ … ဒေါ်ကြီးမိ … ကျွန်တော်ဘာလုပ်လို့လဲ"

ကမ္ဘာဦးက ခပ်တည်တည်ပင်။ ဒေါ်ဆယ်မိကြီးကတော့ ပါးစုံကြီးတွေတွန့်လိမ်ကွေးကောက်သွားအောင်ပင် မျက်နှာကို ရှုံ့မဲ့ပစ်လိုက်ကာ …

"နင် ငါ့ကို တစ်ခုခုနဲ့ ပစ်ပေါက်လိုက်တယ် … ဘာနဲ့လဲ … ငါ့ဘာသာ အေးအေးဆေးဆေး ပန်းချူးနေတာကို နင်တော့ ငရဲကြီးတော့မှာပဲ"

ဒေါ်ဆယ်မိကြီးဟာ အိမ်က အလုပ်သမားဖြစ်နေပေမယ့် သူ့အမေ အပျိုဘဝထဲက အပျိုထိန်းသဘောမျိုးအတူနေခဲ့ရာက အိမ်ထောင်ကျတော့လည်း အတူပါလာကာ ကလေးတွေကို ထိန်းကျောင်း၊ မိဘတွေက အပြင်အလုပ်နဲ့ အိမ်ကို လှည့်မကြည့်နိုင်တာမို့ တစ်အိမ်လုံးကိစ္စကို သူ့ခြေ သူ့လက် စီမံခန့်ခွဲနေရတာမို့ ရာထူးက တော်တော်ကြီးတာတဲ့။ သူတို့မောင်နှမတွေမပြောနဲ့ သူ့အဖေနဲ့ အမေတောင် ဒေါ်ဆယ်မိက အမြင်မတော်ရင် ပြောလားဆိုလား လုပ်ပစ်တာဆိုပဲ …။ သားရွှေရောင် အပြောအရတော့ ဒေါ်ဆယ်မိကြီးဟာ သူ့ကို တော်တော်နိုင်ရတာယ်တဲ့။

"ကန်တော့ပါ ဒေါ်ကြီးမိ … ကျွန်တော်ကလေ … ဒေါ်ကြီး



မိ ဖင်ကြီးကုန်းနေတာမြင်တော့ … ဟဲ … ဟဲ … စချင်စိတ်ပေါက်လာတာနဲ့"

"အောင်မယ် … နင်ကများ ငါ့ကို … လာစမ်းဦးကောင်ကလေး … နင် သုံးရက်ကျော်ပြီး ပျောက်နေတာ … ဘယ်သွားနေတာလဲ … အိမ်မှာ ဒီလောက် ဒုက္ခတွေများနေရတဲ့ကြားထဲ နင်က ဘာတွေပြဿနာထပ်ရှာနေပြန်တာလဲ ဟင်"

သေပြီဗျ။ ဒေါ်ဆယ်မိကြီးဟာ ရိုးရိုးတန်းတန်းပြောတာမဟုတ်ဘူး ခင်ဗျ။ နားရွက်ကိုဆွဲလိမ်ပြီးတော့ကိုပြောတာ။ စကားတစ်ချက်နားလိုက်တိုင်း နားရွက်ကိုလိမ်တဲ့ အရှိန်က ပိုပိုတက်လာတာမို့ စကားလည်း လုံးဝဆုံးရော နားရွက်လည်း သုံးရှေ ငါးဆယ်ဒီဂရီလောက်လည်ပြီးသားဖြစ်ကရော။

"ဘယ်မှ မသွားပါဘူးဗျာ … အောင်ကျော်မိုးတို့အိမ်မှာပဲ ရှိတယ်"

"နင် ငါ့ကို လာညာမနေနဲ့ … မနက်ကပဲ ဈေးထဲမှာ အောင်ကျော်မိုးအမေနဲ့တွေ့ခဲ့သေးတာ … နင်ပျောက်နေတဲ့ … အကြောင်းပြောတော့ … အောင်ကျော်မိုးအမေကတောင် တအံ့တသြနဲ့ သူတွေ့ရင် အကြောင်းကြားပါ့မယ်ဆိုပြီး အတိ ခံလိုက်သေးတာ"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါက ... ဟို ... ဟာ ... ကျွန်တော်ရှိနေတဲ့အကြောင်း အောင်ကျော်မိုး အမေမှမသိတာ ... ကျွန်တော်က ညဘက် လူခြေတိတ်ချိန်မှဝင်ပြီး ... သူ့အခန်းထဲမှာပဲ တစ်နေကုန် အောင်းတာ"

"မဖြစ်နိုင်တာဟာယ် ... အောင်ကျော်မိုး အမေက သူ့သား အခန်းထဲ အချိန်မရွေးဝင်ထွက်နေတဲ့ အမေမျိုးပါ ... နင်တို့ တောင် အောင်ကျော်မိုးအိမ်မှာပဲ ဖဲခိုးရိုက်ရင် ... ဆေးလိပ် ခိုးသောက်ရင် သူ့အမေကြီး ဝင်လာချောင်းတာနဲ့ အမြဲမိနေ တာများ"

"ကျွန်တော်က ခြေသံကြားတာနဲ့ ခုတင်အောက်တို့ ဗီရို ထဲတို့ ဝင်ဝင်ပုန်းတာကိုးဗျ ... နောက်ပြီး ခုတလော သူ့ အမေကြီး ဘာတွေအလုပ်များနေလဲမသိဘူး ... သူ့သား အခန်းထဲဝင်မှ မဝင်အားတာ"

ဒေါ်ဆယ်မိက သိပ်တော့ မယုံအကြည်မရှိ။ ဒါပေမဲ့ ငယ်ငယ်လေးထဲက မလိမ်တတ် မညာတတ်သည့် သားရွှေရောင် ကို အတင်းကြီးတော့ မစွပ်စွဲလိုပါ။

"အေး ... ထားလိုက်တော့ ... နောက်ကိုတော့ မပြောမဆို ထွက်သွားတာမျိုးမလုပ်ပါနဲ့ ဖိုးသားရယ် ... လူကြီးတွေမှာ ဒီလောက် စိတ်ရှုပ်စရာတွေများနေတာ ... အားလုံးက



လည်း မင်းကြောင့်ဖြစ်ရတာ ... မင်းက ဒုက္ခထပ်မပေးနေပါ နဲ့"

"အင်းပါဗျာ ... ကျွန်တော်သွားမှာကို တစ်ယောက်ယောက် ပြောသွားတော့ရော ဘယ်သူက စိတ်ဝင်စားမှာမို့လို့လဲ ... ကျွန်တော် အိမ်မှာရှိမရှိတောင်သိကြရဲ့လား"

"သိတာပေါ့ဟဲ့ ... နင့်ကို အားလုံးက စိတ်ပူနေကြတာ... နင်ပြန်လာပြီလား ... ပြန်လာပြီလားလို့ တစ်ယောက်ကို တစ်ယောက် မေးနေကြရတာပဲဟာ"

ဒါဆိုရင်တော့ နောက်လူတွေနဲ့တွေ့ရင် စုံစမ်းမေး မြန်းရေးတွေလာမှာပဲ ထင်သည်။ ကြိုတင်ပြင်ဆင်မှုလေးတော့ လုပ် ထားဦးမှ။

"ဒေါ်ကြီးမိ ... ကျွန်တော် ခရီး ... အဲလေ ... ပင်ပန်းလာ တယ်ဗျ ... ရေချိုးပြီးအိပ်တော့မယ် ... ဖေဖေတို့ မေမေတို့ မေးရင်သာ ကျွန်တော်ပြန်ရောက်တဲ့အကြောင်းပြောပေး ပါ"

"ထမင်းစားဦးလေ ... ဟဲ့ ... မင်းအကြိုက် ဘဲသား သရက် သီးသနပ်ချက်ရယ် ... ဖလန်တောင်ငှေးကြော်ရယ်ရှိတယ် တို့စရာနဲ့ ဘာလချောင်ကြော်ရောပဲ ... "

ဘဲသား။ ဘဲသားတဲ့ဗျာ။ အစားအစာထဲက အဲဒီ

www.burmeseclassic.com



ဘဲသားဆိုတာကို ကမ္ဘာဦးက ဘာကြောင့်မှန်းမသိ ကြိုက်ကိုမကြိုက်တာ။

ပြောရရင် … ကမ္ဘာဦးက အစားအသောက်ဇီဇာကြောင်တဲ့အထဲမှာလည်း ပါ,ပါသေးသည်။

ဘဲသားကို မကြိုက်သလို ဆိတ်သားကျတော့လည်း ညှီလို့မစား။ အမဲသားကတော့ မိသားစုလိုက်ရှောင်တာ။ ငါး ကျတော့လည်း အကြော်လောက်ပဲစားသည်။ ဟင်းချက်လျှင် လုံးဝမကြိုက်။ သူ့ ကောင်းကောင်းစားတာဆိုလို့ ဝက်သား၊ ကြက်သား၊ ပုစွန်ထုပ် ဒါပဲရှိတာ။

"မစားတော့ဘူးဗျာ … ဗိုက်ထဲက သိပ်မကောင်းချင်သလို တစ်မျိုးပဲ … အိပ်ရာနိုးမှပဲ စားချင်စိတ်ရှိရင်စားတော့မယ်"

စကားဆုံးတာနဲ့ ကမ္ဘာဦးက အိမ်ထဲအမြန်ပြေးဝင်ကာ သားရွှေရောင်ပြောသည့်အတိုင်း အောက်ထပ်ဧည့်ခန်းအလွန် ဘယ်ဘက်ထောင့်က အခန်းထဲ ပြေးဝင်လျှက် ခုတင်ပေါ် စောင်ခေါင်းမြီးခြုံပြီး တက်အိပ်လိုက်တော့သည်။



"အစ်ကိုလေး … အစ်ကိုလေး … အိမ်ရှေ့မှာ မမလေး … မေပန်းချီ ရောက်နေတယ်"

ပုစိန်အသံ။ တံခါးကို တဒေါက်ဒေါက်ခေါက်နေသည့်သူမရဲ့ လက်တွေဟာ ကိုယ့်ခေါင်းကိုပဲလာခေါင်နေသည့်အလား သားရွှေရောင်က ခေါင်းတွေကျိန်းသွားရသည်။

ဒီနာမည်ဟာ ကမ္ဘာဦးနဲ့ လူကြီးချင်း သဘောတူထားသည့် မိန်းကလေးရဲ့ နာမည်မဟုတ်လား။

ကမ္ဘာဦး အပြောအရတော့ သူတို့နှစ်ယောက်က … စိတ်ခွေအဆင့်ပါပဲတဲ့။ ဒါပေမဲ့ သူပြောတဲ့အတိုင်း ဟုတ်ချင်မှလည်း ဟုတ်မည်။ သူတို့နှစ်ယောက်က [illegible]တွလိုမျိုး တရင်းတနှီး ပတ်သက်နေလို့သာ ဟိုတစ်ယောက်က အနားကပ်လား၊ လက်ကိုင် [illegible] ခါးဖက်လား လာလုပ်နေရင်တော့ ဒုက္ခ။

www.burmeseclassic.com



ရွှေရောင်က အိပ်ရာကထ,လျှက် အဝတ်အစားကို သပ်သပ်ရပ်ရပ်ဖြစ်အောင် ပြုပြင်လိုက်သည်။ ပွချင်တိုင်းပွနေသည့် ဆံပင်တွေကို ဘီးနဲ့ အမြန်ဖြီး အောက်ထက် ညှော်ခန်းထဲဆင်းလာခဲ့လိုက်သည်။

အလိုလေးဗျာ။

ညှော်ခန်းထဲက မြင်ကွင်းကို မြင်လိုက်ရသည့်အခါမှာတော့ သားရွှေရောင်တို့ ဘဝင်ကို အလုံးကြီးတစ်လုံး တက်ဆို့သွားကာ အာမေဋိတ်သံကြီးကြီးတစ်ခု ပါးစပ်ထဲ ချက်ချင်းပြည့်တက်လာသည်။ ကံကောင်းလို့။ ပါးစပ်ဖွေ့ထားမိပေလို့။ ပါးစပ်သာဟထားမိလို့ကတော့ အသံပါထွက်သွားပြီးသားပဲ။

အကျိုးနည်း လှလိုက်တဲ့ ကောင်မလေးပါလားဗျာ။ အသားဆိုတာ ဖွေးဥကြည်စင်ပြီး မင်းဂံဘုတ်သီချင်းထဲကလို ရေကြည်သောက်ရင်တောင် မြင်ရတော့မလောက် ကြည်လင်နေတာ။

မျက်ခုံးစိမ်းကလေးက စင်ရော်တောင်လေးလို ကော့ပျံနေတာ။ ဗာဒံစေ့ပုံ မျက်ဝန်းလေးတွေက နက်မှောင်ရွှန်းလဲ့ပြီး မျက်တောင်ကော့ကြီးတွေနဲ့ ဝိုင်းရံထားလိုက်တော့ ဘာအပြစ်ပြောစရာရှိဦးတော့ မလဲဗျာ။

နှာတံလေးက စင်းဖြောင့်ပြီး အနားကျတော့ လုံးလုံးလေးဗျ။ နှုတ်ခမ်းလေးကျတော့လည်း ဖူးဖူးပြည့်ပြည့်ကလေးနဲ့



သိပ်ထူလွန်းတာလည်းမဟုတ်။ ပြလွန်းတာလည်းမဟုတ်။ တကယ့်ကို အနေတော်ပုံကျပန်းကျကလေး။ အသားရောင်နှုတ်ခမ်းဆိုးဆေးလေးဟာ ဆေးဆိုးထားတယ်လို့တောင် မထင်ရ။ ဘဲဥပုံသွယ်လျလျမျက်နှာလေးကို ပန်းနုရောင်ဖျော့ဖျော့ပြေးတဲ့ ကြေသွားမိတ်တပ်လေး လိမ်းထားပုံကလည်း တကယ့်ကြွေရုပ်ကလေးအတိုင်းပါပဲ။

ပိုးသားချည် အဝါနုဖျော့ကလေးကို လည်ထောင်လက်စက၊ ရင်ဖုံးပုံဆန်းဆန်းကလေးနဲ့၊ အဝါခံမှာ အပြာပွင့်ကျဲကျဲလေးတွေပါတဲ့ လုံချည်လေးနဲ့။ ထူထဲနက်မှောင်တဲ့ ဆံပင်တွေကို အချစ်ဆံမြီးလေးတစ်ချောင်းတည်း ပွပွကျစ်ထားလိုက်တာလည်း မြန်မာဆန်တဲ့ အလှကို ပံ့ပိုးထားသလိုပါပဲ။

သားရွှေရောင်တို့က မြန်မာမှု အနုပညာတွေ ထုံမွှန်းထားတဲ့ မန္တလေးမှာ ကြီးပြင်းလာရလို့လား မသိဘူး။ မြန်မာဆန်တာကို အတော်မြတ်နိုးတာ။ မိန်းကလေးဆိုရင် မြန်မာဝတ်စုံလေးဝတ်ပြီး မြန်မာဆန်ယဉ်ကျေးသိမ်မွေ့တဲ့ ပုံစံကလေးမှ သဘောကျတာတာ။ ဒါကြောင့်ပဲ နှဲ့ယိမ်းပျို့လို ကလက်တက်တက်၊ သွက်လက်ခေတ်မီတဲ့ ကောင်မလေးမျိုးကို ကြည့်မရတာ။

ဒီကောင်မလေးကတော့ လှထား၊ ချောထား၊ ယဉ်ထား၊ ကျက်သရေရှိထားလိုက်တာ ပြောစရာကိုမရှိတော့ပါဘူး

www.burmeseclassic.com



ဗျာ။ ဆံနွယ်စ,ကစလို့ ပန်းသွေးကြွေရောင်လက်နေတဲ့ ခြေသည်းလေးတွေအထိ အားလုံးဟာ အကောင်းဆုံး ဖန်တီးထားတဲ့ ပန်းပုရုပ်လေးတစ်ရုပ်လိုပဲ။

"ကိုဦး … ဘာတွေကြောင်နေတာလဲ … နောက်လား … ပြောင်လုပ်မယ်တော့မကြံနဲ့နော် … မေက အကောင်းကိစ္စနဲ့ရောက်လာတာ"

ဩော်။ တွေ့ကတည်းက မယုံသင်္ကာအဖြစ်ခံရတာနဲ့စပါပြီ။ ဟိုကောင် ကမ္ဘာဦးဟာ ဒီလောက်ကျက်သရေ ရှိတဲ့ကြည့်စုံတဲ့ မိန်းကလေးကိုလည်း အလွတ်မပေးဘဲ နောက်ပြောင်ချောက်ချတာပဲထင်သည်။

"ဘာ … ဘာမှမကြံပါဘူးဗျာ … မေက ဘာကိစ္စလဲ"

"ညီမလေးကိစ္စပါ … လန်ဒါန်က ဆေးရုံတစ်ရုံမှာ အလုပ်သွားလုပ်နေတဲ့ သူငယ်ချင်းဆီ ညီမလေးကိစ္စ စာရေးပြီးစုံစမ်းကြည့်တာ … မနေ့က သူ့ဆီက အီးမေးလ်ပြန်လာတယ် … သူ အားလုံးစုံစမ်းထားတယ်တဲ့ … ညီမလေးလိုရောဂါသည်မျိုးကို အထူးကုတဲ့ ဆရာဝန်တစ်ယောက် သူတို့ဆေးရုံမှာရှိတယ်တဲ့ … သူ ခွဲစိတ်လိုက်သမျှ တစ်ရာ့ရာခိုင်နှုန်း အောင်မြင်တာချည်းပဲတဲ့ … တကယ်လို့ ကိုဦးတို့ စိတ်ဝင်စားရင် ဟိုမှာ လာနေနိုင်အောင် သူစီစဉ်ပေးမယ် …



ဆေးကုဖို့ဘာတွေလိုတယ် ခန့်မှန်းခြေ ဆေးကုစရိတ်ကာစပြီး သူတွက်ပေးမယ်ဆိုတာ ပြန်ရေးလိုက်တာ … အဲဒါလာပြောတာ …"

"ဟုတ်လား … ကျွန်တော်လည်း သိပ်တော့မသိဘူး … အဲဒါတော့ မေဒမတို့ ဖေဖေတို့ မေးမှရမှာဘဲ"

"ကိုဦးကတော့ အဲဒီလိုပဲ … အိမ်ကိစ္စဆိုရင် ဘယ်တော့မှ တက်တက်ကြွကြွမရှိဘူး … ရှောင်ရှောင်ဖယ်ဖယ်နဲ့ … ကိုယ့်ညီမလေးကိစ္စပဲ … ကိုယ်လည်း ဝင်စဉ်းစားဆုံးဖြတ်ပါလား … မေက ဒီနေ့ညနေကျရင် သမိုင်းအသင်းဆရာကန်တော့ပွဲနဲ့ ဒင်နာရှိလို့ ဆေးရုံမလာနိုင်တာမို့ မနက်ပိုင်းအားတုန်းလေး ဒီကိစ္စလာပြောထားတာ … မနက်ဖြန်ကျမှ အန်တီနဲ့ အန်ကယ့်ကိုလာတွေ့နိုင်မှာ … "

"ဒါဆိုလည်း ကျွန်တော် ပြောထားလိုက်ပါ့မယ် … "

မေပန်းချီထံက အံ့ဩသည့် အကြည့်တစ်ချက် တုန့်ပြန်ရောက်ရှိလာသည်။ ဘာကိုအံ့ဩတာလဲဆိုတာတော့ သားရွှေရောင်လည်းမသိချေ။

"ကဲ … ကဲ … ဒါဆိုလည်း ကိုဦး ဆေးခန်းသွားတဲ့အခါ အန်တီ့ကိုပြောပေးထား … သူတို့ ဆေးသွားကုဖို့ဆုံးဖြတ်တယ်ဆိုရင်လည်း မြန်မြန်ပဲသွားတာကောင်းတယ် … ညီမ

www.burmeseclassic.com

လေးအခြေအနေကောင်းလာလိုက် ပြန်ဖြစ်လိုက်ဆိုတော့ စိတ်မှမချရတာ"

အလကားအမိန့်ပေးချင် ဆရာလုပ်ချင်နေတဲ့မိန်းမ။ ငါ့ကိုများ သူ့လက်အောက်ငယ်သားလေးကျနေတာပဲ။ ရုပ်ကလည်း ရုပ်တည်ကြီးနဲ့။ သူနဲ့ ... နေရလို့ကတော့ ဘယ်တော့မှ ပျော်ရမှာ မဟုတ်ဘူး။

မေပန်းချီနဲ့ ပတ်သက်တဲ့ ကမ္ဘာဦးရဲ့ မှတ်ချက်။ သူကတော့ ဒီလိုပဲတွေးမှာပေါ့။ ဒီမိန်းကလေးရဲ့ တန်ဖိုးတွေကို မြင်မှ မမြင်တတ်တဲ့ သူကိုး။

"မေ ပြန်လိုက်ဦးမယ် ..."

"နေဦးလေ မေရဲ့ ... ကော်ဖီသောက်သွားပါဦး ... ပုစိန် ရေ ... မေအတွက် ..."

"တော်ပါပြီ ... မေ ဘယ်တုန်းကမှ ကော်ဖီမသောက်တတ်တာလည်း သိသားနဲ့ ... ကိုဦးတစ်ယောက်လည်း ဘာတွေ ဖြစ်နေမှန်းမသိပါဘူး"

ဒုက္ခ။ ညှော်သည်မှန်လျှင် (ဆီးချိုရောဂါရှိသူကလွဲလို့) အားလုံးလိုလိုဟာ အိမ်ရှင်တိုက်သည့် ကော်ဖီကိုသောက်တတ်ကြတာပဲမို့ သားရွှေရောင်က ရောချလိုက်တာ။ ကော်ဖီမသောက်တဲ့ သူနဲ့မှ တန်းတိုးတာပဲ။ ပြီးတော့ သူမ ကော်ဖီမသောက်တတ်



တာကို ကမ္ဘာဦးကလည်း သိနေသေးသတဲ့။

မေပန်းချီကတော့ ဘာမှ ထပ်မပြောတော့ပါ။ သူမရဲ့ ပိုက်ဆံအိတ်ကလေးကို ကောင်လွယ်ပြီး ထွက်သွားလိုက်တာ နှုတ်ဆက်စကားတောင် နောက်တစ်ခွန်းမပြောတော့ဘူး ခင်ဗျ။

www.burmeseclassic.com

www.burmeseclassic.com



"ဟယ် ... ကိုသားက ထမင်းစားနေပြီကိုး ... ဒီမှာ ယိမ်းက ကိုသားပြန်ရောက်နေပြီကြားလို့ အထူးစပါယ်ရှည်ချော်ခံရအောင် ဘဲကင်ဝယ်လာတာ ... ဟဲ့ ... မိကြိုင်ရေ ... မိကြိုင် ... ပန်းကန်ပြားတစ်ချပ်လောက် ရေသုတ်ပြီးယူလာခဲ့စမ်း ... ဘဲကင်ထည့်ရအောင်"

တစ်ယောက်တည်း လှုရှင်းတုန်းလေး ထမင်းစားမလားအောက်မေ့တယ်။ လေဆင်နှာမောင်းဝင်သလို အခန်းထဲကဝိုးဝိုးဝင်ရောက်လာသည့် ကောင်မလေးက လာရှုပ်ပါလေရော။

သူမကိုယ်သူမ 'ယိမ်း'လို့ ပြောပုံရယ်။ တရင်းတနှီးအာသွက်လျှာသွက်ရှိပုံရယ်၊ ဆံပင်တိုဖောင်းဖောင်းကလေးနဲ့ ကိုယ်ကျပ်စပိုစ်ရှပ်လက်ပြက်၊ သရီးကွာတားဘောင်းဘီကျပ်နဲ့ ...



ခေတ်မီမီဝတ်ထားပုံရယ်ကိုထောက်လျှင် သားရွှေရောင်ပြောသည့် နှယိမ်းပျိုဆိုသည့် ကောင်မလေးပဲဖြစ်ရမည်။

ကောင်မလေးက လက်သွက်ခြေသွက်နဲ့ပင် ပန်းကန်အလွတ်ထဲသို့ ဘဲကင်တွေလောင်းထည့်ကာ ပုံကျပန်းကျဖြစ်အောင် ပြင်ဆင်ပေးနေသည်။

ဘဲကင်နဲ့အတူပါလာသည့် ပဲရည်၊ အချဉ်ရည်တွေကိုပါ ပန်းကန်လုံးလေးတွေထဲထည့်ပြီးနောက် ကမ္ဘာဦးရှေ့က ဟင်းခွန်းကန်တချို့ကို ဖယ်လိုက်လျက် ဘဲကင်ပန်းကန်ကို ကမ္ဘာဦးရှေ့သို့ ချပေးလိုက်တော့သည်။

"စားနော် ကိုသား ... ခုတလော ယိမ်းလည်း အလုပ်ကလေးတွေရှုပ်နေလို့ ကိုသားဆီ မလာဖြစ်တာ ... ဟိုတလောတုန်းက ကိုသားကို မှန့်လိုက်ဝယ်ကျွေးခိုင်းပြီး ကိုယ့်အလှည့်ကျတော့ ရှောင်နေတယ်ဖြစ်မှာစိုး ... ရော့ ကိုသားအကြိုက် ပေါင်တုံး ... "

ပန်းကန်ထဲ ဘတ်ခနဲရောက်လာသော အဆီထူထူ၊ အရောင်နီနီရဲရဲနဲ့ ဘဲကင်ပေါင်းတုံးကြီးကိုကြည့်ကာ ကမ္ဘာဦးက အကျာထဲစိမ့်ခနဲနေအောင် လန့်သွားရသည်။

ကြည့်ရတာနဲ့တင် အီလိုက်တာဗျာ။ ဘယ်လို အမှန်းသိပါဘူး။ အရေခွံကလည်းထူပါ့။ အသားဖွေးဖွေးတစ်တစ်ကြီး

www.burmeseclassic.com

www.burmeseclassic.com



ကလည်း မျက်စိနဲ့ကြည့်ယုံနဲ့တင် အနံ့ချင်စရာ။ ပြီးတော့ ကမ္ဘာဦးက ကြက်သားဆိုရင် အုပ်ပဲစားတာ။ ပေါင်တုံးဆို ကြောက်မှကြောက်ဘဲလည်း ဒီအတိုင်းပဲ။ ကိုယ်တိုင်မစားပေမယ့် ပေါင်တုံးတွေ့တာနဲ့ကို ကြောက်တာ။

ချွေးတွေချက်ချင်း စိမ့်ထွက်လာသည်။ ကိုယ်က … သားရွှေရောင် ဟန်ဆောင်နေရသည့် အချိန်မှာ အကြိုက်ချင်းမတူတာတွေကိုလည်း သတိထားဦးမှ။ သို့သော် ဘဲကင်ကိုတော့ ဘယ်လိုမှ မြိုသိပ်ပြီးမစားနိုင်။

"ဆောရီးပဲ … ကိုယ် ခုတလော ချောင်းဆိုးနေရလို့ ဘဲကင်မစားသေးဘူး"

"အလိုတော် … ချောင်းဆိုးတာနဲ့ ဘဲကင်က ဘာဆိုင်လို့လဲ … ဘာလဲ … ဘဲတုပ်ကွေးဖြစ်မှာစိုးလို့လား"

"မဟုတ်ပါဘူး … ဗမာဆေးရာက ဘဲသားစားရင်, ရင်ကြပ်တတ်တယ် … မစားနဲ့လို့မှာလို့ပါ"

"အံ့ဩစရာပဲ … ကိုသားက ဆေးဆရာစကားနားထောင်ပြီး ဘဲကင်ကို မစားဘဲနေတယ်ဆိုတာ … တော်တော်လိမ္မာလာတဲ့သဘောပဲ … အလို … ပန်းကန်ထဲမှာ ကန်စွန်းရွက်ကြော်တွေပါလား"

ဒုက္ခပါပဲကွာ။ ထမင်းကန်ထဲက အတင်းလိုက်ကြည့်ပြီးလိုက်ပြောနေတော့ တာပါလား။



"ကန်စွန်းရွက်ကြော်ကရော … ဘာလို့စားရတာလဲ … ဗမာဆေးရာက ဓာတ်စာပေးလိုက်တာပဲလား"

"မဟုတ်ပါဘူး … စားချင်လို့စားတာ … ကန်စွန်းရွက်ကြော်စားတာများ ဘာဆန်းလို့လဲ"

"ခါတိုင်း ကိုသားက အရွက်ကြော်တွေဆိုစားမှမစားတာ … ကန်စွန်းရွက်တို့ … ဟင်းနုနယ်တို့ … မုန်ညင်းတို့ … ကိုက်လန်တို့ဆို ကြိုက်ဖြင့်မကြိုက်ဘဲနဲ့"

သေပြီဆရာ။

ကမ္ဘာဦးက အသားထက် အသီးအရွက်ကိုပိုကြိုက်သည်။ သက်သတ်လွတ်သမားမဟုတ်ပေမယ့် အသားနည်းနည်း၊ အသီးအရွက်များများစားရတာကို ပိုသဘောကျတာ။ သားရွှေရောင်ကတော့ ဘီလူးများလားမသိ။ အသီးအရွက်ထက် အသားကိုမှ ဝိုနံ့ခုံမင်မင်စားတတ်ပုံပဲ။

"ခုတလော အသားတွေစားလွန်းလို့လားမသိဘူး … အင်ပျဉ်တွေ အပိန့်အပိန့်ထွက်လာတယ် … လူကလည်း ထိုင်းထိုင်းမှိုင်းမှိုင်းကြီးဖြစ်နေသလိုပဲ … အဲဒါကြောင့် အရွက်ကိုအကျင့်လုပ်ပြီးစားကြည့်တာ … ဝိတ်လည်းကျတာပေါ့"

နွဲ့ယိမ်းပျိုက ခပ်တည်တည်နဲ့ ကမ္ဘာဦး ရှိုးလိုက်တာကို ယုံသွားသလို ဘာမှထပ်မပြောတော့။

www.burmeseclassic.com

www.burmeseclassic.com



"ကိုသား သုံးရက်လောက်ပျောက်နေတာဆို ... ဘယ်သွားနေလဲ"

"ဘယ်မှမသွားဘူး ... အောင်ကျော်မိုးတို့အိမ်မှာ အောင်းနေတာ"

"ကိုသားနော် ... တခြားလူတွေကိုသာလိမ်လို့ရမယ် ... ယိမ်းကို လိမ်လို့မရဘူး ... ကိုအောင်ကျော်မိုးရဲ့ ညီလေး တိုးတိုးက ယိမ်း သူငယ်ချင်းအရင်းကြီးဆိုတာ မေ့နေပြီလား ... ကိုသားတို့ ဘာလုပ်လုပ် တိုးတိုးဆီက အကုန်ပြန်သိရတာပဲဟာ"

"အခုက တိုးတိုးမှမသိတာ"

"ဒါဆို ကိုအောင်ကျော်မိုးကိုသွားမေးမယ် ... သူတို့အိမ်မှာ ကိုသား လာနေသွားတာ ဟုတ်မဟုတ် ... "

တော်တော်ရှုပ်တဲ့ ကောင်မလေး။ စိတ်မကျေနပ်မချင်း ရေဆုံးရေဖျား ဖွဲကောင်းကောင်းနဲ့ လိုက်တတ်မဲ့ပုံကလည်း ရှိသေးသည်။

"အောင်ကျော်မိုး သွားမေးတော့ရော ဘာလုပ်မှာလဲ ... သူတို့အိမ်မှာ နေမသွားဘူးဆိုရင်ကော ဘာလုပ်ချင်လို့လဲ သဘောပြောတာနော် ... မနေခဲ့ဘူးလို့ ဝန်ခံတာမဟုတ်ဘူး ... "



"ယိမ်း ... သိချင်တာပေါ့ ... ကိုသား တစ်ခုခုမဟုတ်မဟုတ် လုပ်နေတာ ဟုတ်မဟုတ်သေချာချင်လို့ပေါ့ ... ဥပမာ ... ကိုသားပျောက်သွားတာ မိန်းမခိုးသွားတာဆိုရင် ဘယ်လိုလုပ်မလဲ ... "

"ဘယ်လိုမှမလုပ်နဲ့ ... ယောင်းမကို ဝမ်းသာအားရဆီးကြိုလိုက်ပေါ့"

"မကြိုနိုင်ပါဘူး ... ယိမ်းမှ ယောင်းမ,မလိုချင်တာ ... မမကြီးတို့ ... မမလေးတို့ကိုပြောတာမဟုတ်ဘူး ... ကိုသား ရှာလာမယ့် ယောင်းမမျိုးကို မလိုချင်ဘူးလို့ပြောတာ..."

ဟ ... ပေါ်တင်ပါလား။ ဒီကောင်မလေး သားရွှေ ရောင်ပြောလည်း ပြောလောက်စရာ။ ကမ္ဘာဦးလို လူသွက်လု ပြောင်တောင်မှ ကျောထဲစိမ့်ရသေးသည်ဆိုလျှင် သားရွှေရောင်လို ကြောင်တောင်တော်၊ အ,တတ၊ အေးစိစိကောင်မျိုးသာဆို တော် တော်လန့်ရှာမှာ။

ကမ္ဘာဦးကတော့ ကောင်မလေးကို လန့်တာထက် စာလျှင် ပညာပြိုင်ဘက်တစ်ယောက်လို သူနိုင်ငါနိုင် လက်ရည်စမ်းရတာကို ပိုပြီးစိတ်ဝင်စားနေပြီ။

"ဒါဆိုလည်း ကိုယ်မရှာတော့ဘူး ... ယိမ်းပဲရှာပေးတော့ ... ဘယ်လိုလဲ"

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်က တမင်နောက်ပြီးပြောလိုက်တာပေမယ့် ကောင်မလေးမျက်နှာက ဝင်းတက်သွားကာ ...

"တကယ်လား ... ယိမ်းကိုယ်တိုင်ရှားပေးရမှာလား ... ကိုသား တကယ်ပြောတာနော် ... အတည်နော်"

"အာ ... မဟုတ်ဘူး ... မဟုတ်ဘူး ... ယိမ်းကို ရှာခိုင်းလို့ မဖြစ်သေးပါဘူး ... ကိုယ့်အကြိုက်ကို ယိမ်းမှ မသိတာ"

"ကိုသားအကြိုက်ကို ယိမ်းသိပါတယ် ... ဘိုးတော်ဘုရား လက်ထက်က နန်းတွင်းသူတွေလိုမျိုး ကန့်ကလျ လှုပ်လီလှုပ်လဲ့ ... လေတိုက်ရင်ကြွေကျမှ ပျော့စိပျော့နွဲ့တွေလေ ဒါပေမဲ့ ယိမ်းကတော့ ကိုသား ... တစ်သက်စာနှောင်ရေး အတွက် ရည်ရွယ်ပြီး သင့်တော်တာကိုပဲရွေးပေးမှာ"

အောင်မယ်လေးဗျ။ ကမ္ဘာဦးတို့တော့ ကမ္ဘာလိပ်နဲ့ လာတွေ့နေရတာပါလား။ ကိုယ့်ဘက်ကိုယ်ယက်ပြီး ပြောနေလိုက်တာများ။

"ဒါနဲ့ ကိုသားက ဘာဖြစ်သွားတာလဲ ... အရင်က ... နင်ငါနဲ့ ခေါ်နေကျပဲဟာကို ... အဲလို တစိမ်းဆန်တဲ့ လေသံမျိုးနဲ့မပြောပါနဲ့ ... ယိမ်းက ကိုသားနဲ့ မစိမ်းချင်ပါဘူး"

အလို။ သားရွှေရောင်က နွဲ့ယိမ်းဖျိုကို နင်ငါခေါ်ပြီး စကားပြောတာဆိုပါလား။



တော်ပါသေးရဲ့။ ကောင်မလေးမရိပ်မိပေလို့။ ရုပ်ချင်းက တူလွန်းတော့လည်း တော်ယုံတန်ယုံ အမှားလောက်ကို ထူးခြားပြီး မယုံသင်္ကာဖြစ်နေတာမျိုး မရှိတော့ဘူးပေါ့။

ဟိုကောင် သားရွှေရောင်တော့ အတီးအတာနဲ့ ဘယ်လိုနေမယ်မသိ။ ကမ္ဘာဦးကတော့ ချာတိတ်မ,ကလေးတစ်ယောက်နဲ့တင် အတော့်ကို ချောက်ချားလို့နေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ခုတင်ပေါ်မှာ ငြိမ်ငြိမ်သက်သက်ကလေး အိပ်ပျော်နေသည့် မိန်းကလေးကို သားရွှေရောင်က သနားကြင်နာစွာ ငုံ့ကြည့်နေမိသည်။

ကမ္ဘာဦးရဲ့ ညီမလေး လမင်းငယ်ဆိုသည့် ကောင်မလေး။ အခုတလောမှာ ကျန်းမာရေးကောင်းလာပြီဖြစ်ပေမယ့် ချက်ချင်းထ,ဖောက်တတ်တာမို့ ဆေးရုံမှာပဲ ဆက်ထားနေရတာ။

မေပန်းချီကတော့ နိုင်ငံခြားက သူငယ်ချင်းနဲ့ ဆက်သွယ်ကာ ဆေးကုသွားနိုင်ဖို့ စီစဉ်ပေးနေတယ်ပြောတာပဲ။ ဒီဘက်က ပါစ်ပို့တ်ကိစ္စတွေကိုကျတော့ ကမ္ဘာဦးရဲ့ ဖေဖေ (အခုတော့ သူ့ဖေဖေပေါ့လေ)က လိုက်လုပ်နေသည်။

ဆေးကုဖို့သွားဖြစ်ရင် ဟိုမှာ တစ်လလောက်တော့ ကြာမှာ။ ကျွမ်းကျင်သည့် ဆရာဝန်ကြီးတွေရယ်၊ ခေတ်မီဆေးဝါး



တွေနဲ့ ကုသရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းတွေရယ် ရှိနေတာမို့ ခွဲစိတ်ကုသမှုအတွက် စိတ်မပူရဘူးဆိုပေမယ့်လည်း ရောဂါတစ်ခုခုရှိနေလို့ ကုသရတဲ့ သူတိုင်းအတွက် စွန့်စားမှုဆိုတာကတော့ ဖြစ်နေတာပဲ။ ရာခိုင်နှုန်းပြည့်ကြီး စိတ်ချရတယ်ဆိုတော့ ဘယ်ရှိမှာလဲ။

အားလုံးဟာ နဂိုကထက်ပိုပြီး စိတ်ပူပန်နေတဲ့ မျက်နှာတွေနဲ့။ ရပ်ဝေးမြေခြားကို သွားရမှာရော၊ အသက်နဲ့ရင်းရသည့် ခွဲစိတ်မှုအကြီးကြီးကို လုပ်ရမှာရော၊ အရာအားလုံးဟာ စိုးရိမ်စရာ၊ ပူပန်စရာတွေချည်း။

ဖြူဖျော့ပိန်လှီးသည့် ခုတင်ပေါ်က အရိုးစုကလေးကိုပဲကြည့်ပါဦး။ ကြေကွဲစရာကောင်းလိုက်တာ။ ဒီကောင်မလေး အခုလိုဖြစ်ရတာဟာ နဂိုရောဂါအခံကြောင့်ပဲလို့ ဘယ်လိုပဲဆိုဆို ကိုယ့်ပယောဂကြောင့် အကောင်းကနေ ဖောက်ပြန်သွားရတာမို့ တာယက်ရှင်အနေနဲ့ဆိုလျှင် ဘယ်လိုမှ ဖြေသာစရာအကြောင်းမရှိပါ။

ကမ္ဘာဦးလည်း တော်တော်နောင်တရရှာမှာပဲ။ ယူကျုံးမရကိုဖြစ်ရှာမှာ။

သူ့... ဒုက္ခလည်း [illegible]ာ်တော်ကြီးမားပါတယ်လေ။ ဆိုယ့်ဒုက္ခကလည်း ကြီးတာပါပဲ။ အခုဆို အိမ်မှာ ဘယ်လိုနေလဲ။

အဘွားကတော့ အမှုဖြစ်နေတဲ့ အချိန်တုန်းက နေ

www.burmeseclassic.com



ထိုင်မကောင်းဖြစ်နေခဲ့သေးတာ။ အခုရော ကောင်းမှကောင်းသေးရဲ့လား။

အဘွားက စိတ်မာပြီး လှုပ်လှုပ်ရှားရှားလည်း နေတတ်တာမို့ ကျန်းတော့မာပါရဲ့။ အမူအခင်းဖြစ်လိုက်တော့မှ စိတ်မာတ်ကျတာရယ်၊ အနေအစားဆင်းရဲတာရယ်ပေါင်းပြီး လူကဆွဲချလိုက်သလို ကျသွားတော့တာ။ ရင်ဘတ်ထဲကအောင့်ပြီး ချောင်းကလေးတဟွတ်ဟွတ်နဲ့ ကိုယ်လက်မအီမသာဖြစ်နေတာ။ အကြီးအကျယ်စိတ်ပူလောက်စရာမဟုတ်ပေမယ့် အဘွားရဲ့ အရွယ်နဲ့ကျတော့ တဖြည်းဖြည်း နာလန်ပြန်မထူလာနိုင်မှာ စိုးရိမ်နေရသည်။

"ကိုဦး ... တစ်ယောက်တည်းလား ... အန်တီရော"

အခန်းတံခါးပွင့်လာကာ တီးတိုးနှုတ်ဆက်သံလေး တစ်ခုထွက်လာသည်။

မေပန်းချီ။ အပေါ်အောက် ပန်းနုရောင်အပွင့် ... အပျော့သားလေးနဲ့ ... ဆံပင်ကို ဆံထုံးပွပွကလေး ထုံးထားသေးသည်။ ခပ်ပါးပါးဒေါက်ဖိနပ်ကလေးကလည်း ပန်းရောင်လေးပင်။

မေပန်းချီ့ကို မြင်ရတာ တကယ့်ကို ပန်းချီကားလေးတစ်ချပ်၊ ကဗျာလေးတစ်ပုဒ်ကို မြင်ရသလိုပါပဲ။ ကပိုကရို၊ သိမ့်သိမ့် မွေ့မွေ့ကလေးနဲ့ မြတ်နိုးချစ်စရာကောင်းလှသည့် မိန်းကလေး။



"မေမေက ညီမလေးအတွက် လိုတဲ့အသုံးအဆောင်လေးတွေ ဝယ်ဦးမယ်ဆိုပြီး ထွက်သွားတယ် ..."

"ကိုဦးလည်း ခုတစ်လော ငြိမ်သွားတာပဲနော် ... သိပ်ပြီး စိတ်မကောင်းဖြစ်နေတာလား"

"ဖြစ်တာပေါ့ မေ့ရယ် ... ညီမလေး ကိုယ့်ကြောင့် ဒီလောက်ခံစားနေရတာတွေ့တော့လည်း ဘယ်စိတ်ကောင်းနိုင်ပါ့မလဲ"

"သိပ်တော့လည်း ကိုယ့်ကိုယ်ကိုယ် အပြစ်မတင်ပါနဲ့လေ အရာအားလုံးဟာ ဖြစ်ချိန်တန်လို့ဖြစ်ရတာချည်းပဲ ... ငယ်လေးမှာက နဂိုကတည်းက ရောဂါအခံရှိပြီးသားပဲလေ ... အဲဒီရောဂါဟာ တစ်ချိန်မဟုတ်တစ်ချိန် ... တစ်ကြောင်းမဟုတ်တစ်ကြောင်းနဲ့တော့ ထ,ဖြစ်လာမှာပဲ ... တိုက်တိုက်ဆိုင်ဆိုင်ချင်တော့ ကိုဦးကြောင့်ဖြစ်သွားရတာပါ"

"ဒါလေးကလည်း အရင်ထက်ပိုတောင်ဆိုးလာသေးလား မသိပါဘူး ... ကျွန်တော့်ကိုဆို ဘီလူးသဘက်လိုပဲ ... တွေ့လိုက်တာနဲ့ ရှောင်ပြေးတော့တာပဲ ... ကျွန်တော့်ကို တော်တော်စိတ်နာသွားတဲ့ပုံရတယ်"

"သူ့အတွက်ကျတော့လည်း သူ့ခံစားချက်နဲ့သူ ရှိမှာပေါ့လေ ခွေးကလေးကို သူသတ်လိုက်မိတာကိုလည်း ပြန်တွေးတိုင်း

www.burmeseclassic.com

www.burmeseclassic.com



စိတ်ချောက်ချားမှာပေါ့ ... ဒေါ်လေးကိုလည်း ပစ်တော့ မထားနဲ့နော် ... ကိုဦးတို့က ညီမလေးကိစ္စကို အရမ်းအာရုံထားနေတော့ ဒေါ်လေးကို သိပ်ဂရုမစိုက်မိဘူး ... တစ်ခုခု ပြဿနာဖြစ်လာမှာကိုတွေးပြီး စိုးရိမ်လို့ပါ ... ဆရာလုပ်တာတော့ မဟုတ်ဘူးနော်"

"မထင်ပါဘူးဗျာ ... မေ့စေတနာရယ် ... ကျွန်တော်တို့ ... မိသားစုအပေါ်မှာ တကူးတကလိုက်တွေးပူပေးတတ်တဲ့ သိတတ်မှုရယ်ကို ကျွန်တော်က အသိအမှတ်ပြုရမှာပါ"

မေပန်းချီ့ မျက်နှာက မသိမသာလေး ပြောင်းလဲသွားသည်။ တကယ့်ကို မသိမသာလေးပါ။ သားရွှေရောင်က သေသေချာချာ ဂရုစိုက်ကြည့်နေလို့သာ အဲဒီအပြောင်းအလဲကို မြင်ရတာ။

"ကိုဦးလည်း ခုတလော တော်တော်လေးတော့ ပြောင်းလဲသွားလာပါတယ် ... ငြိမ်လည်းငြိမ်သွားတယ် ... အပြောအဆိုလည်း ယဉ်ကျေးသိမ်မွေ့လာတယ် ... တစ်သက်လုံး ဒီလို အမြဲနေသွားမယ်ဆိုရင်တော့ သိပ်ကောင်းမှာပဲလို့ မေ တော့ တွေးမိတယ်"

ဘုရား ဘုရား။ ဒါ အကျင့်စရိုက်ပြောင်းလဲမှုမဟုတ်ဘူးခင်ဗျ။ လူကြီးအကောင်လိုက်ချိန်းသွားတာ။ တကယ်လို့ အခြေ



အနေတွေ အေးချမ်းသွားပြီး လူချင်းပြန်လဲကြတဲ့အခါကျရင် ခင်ဗျား ကြိုက်တဲ့ အမူအကျင့်တွေနဲ့ ကမ္ဘာဦးဟာ မုချကေန်ပြန်ရောက်လာမှာ။

နေရာချင်းသာ ပြန်လဲလိုက်ကြရင်။

သားရွှေရောင်က ထိုအတွေးကို တစ်ကျော့ပြန်တွေးလိုက်မိလျှင် စိတ်ထဲမကောင်းဖြစ်သွားရသည်။

တကယ်တော့ မေပန်းချီဆိုတဲ့ မိန်းကလေးကို သူ မပိုင်ပါလား။ ကမ္ဘာဦးသာ ပြန်လာလျှင် မေပန်းချီ့ကို ပြန်ပြီး လက်လွှဲပေးလိုက်ရမှာ။ မေပန်းချီဆိုတဲ့ မိန်းကလေးရဲ့ တန်ဖိုးတွေကို မမြင်တတ်၊ အလေးမထားတတ်တဲ့ ကမ္ဘာဦးကသာလျှင် ပိုင်ရှင်အစစ်ဖြစ်တာ။

ရင်ထဲအောင့်မျက်မျက်ဝေဒနာတစ်ခုကို ခံစားလိုက်ရသည်။

သူ မေပန်းချီ့ကို ချစ်သွားပြီလား။ နှစ်ခါလေးပဲတွေ့ဖူးသုံ့နဲ့ ဒီမိန်းကလေးဟာ သူ့နှလုံးသားထဲကို နက်နက်ရှိုင်းရှိုင်းဝင်ရောက်ခိုလှုံနိုင်ခဲ့ပြီလား။

ဒီလိုသာဆိုရင်တော့ သူတို့နှစ်ယောက်ရဲ့ တွေ့ဆုံခြင်းဟာ ဝမ်းနည်းစရာကောင်းတဲ့ တွေ့ဆုံမှုပဲဖြစ်ရတော့မည်။

"ကိုဦး ... ဟိုမှာ ညီမလေးနိုးနေပြီလေ ... ဘာတွေတွေး

www.burmeseclassic.com

www.burmeseclassic.com



နေတာလဲ”

“ဩော် … မှုတ် … ဟုတ်တယ် … ညီမလေးကို ဆေးတိုက်ရမှာ … မေ … ကျွန်တော့်ကို တစ်ခုလောက်ကူညီပါလားဟင် … ညီမလေးကို ပွေ့ထူပေးလိုက်ရမလား … ကျွန်တော်ဆေးလေးတိုက်လိုက်ချင်လို့ပါ”

“ဆေးတွေ မေသိတယ် … မေလုပ်လိုက်မယ်လေ … ငယ်လေးကို ကိုဦးပဲ ပွေ့ထူလိုက်ပါလား … မေက သိပ်အားမရှိတော့ ဝိုင်ပိုင်နိုင်နိုင်မထူနိုင်ရင် ငယ်လေး နာသွားမှာစိုးလို့”

ဩော်။ ဒုက္ခပါပဲ။

လမင်းငယ်ဟာ လတ်တလောမှာ ညီမလေးဖြစ်နေပေမယ့် တကယ်တမ်းကျတော့ သားရွှေရောင်အတွက်က တစိမ်းပဲလေ။ ရောဂါသည်ပဲဖြစ်ဖြစ် ဘာပဲဖြစ်ဖြစ် တစိမ်းမိန်းကလေးတစ်ယောက်ကို ပွေးပွေးကာပ်ကာပ် ပွေ့ဖက်ထူဖက် မလုပ်ချင်။ တတ်နိုင်သလောက်ရှောင်ချင်တာပင်။

မေပန်းချီကျတော့လည်း မောင်နှမအချင်းချင်း ပွေ့ထူတာ ဘာပြဿနာမှ မရှိပါဘူးလို့ တွက်တာပေါ့။

မတတ်နိုင်ပါဘူး။ လမင်းငယ်ကို ပွေ့ထူတာ ခုတင်ခေါင်းရင်းမှာ ခေါင်းအုံးနှစ်လုံးခုပြီး မှီခိုင်းထား၊ မေပန်းချီယူလာ



ပေးသည့် ဆေးတွေကို စစ်ဆေးကာ ပါးစပ်ထဲတစ်လုံးချင်းထည့်ပေး၊ ရေတိုက်၊ ပါးစပ်ကို တစ်သျှူးအနုလေးနဲ့ သုတ်ကာ ပြန်လှဲသိပ်ပေး။

“သေချာပါတယ် … ကိုဦး တော်တော်ပြောင်းလဲသွားတာ ညီမလေးအပေါ်လည်း ကြင်နာတတ်လာတယ် … ကောင်းပါတယ် … ကိုယ့်မှာ ညီမလေးတစ်ယောက်ရှိတာ အစ်ကိုတစ်ယောက်နဲ့ လုပ်ပေးသင့်တာတွေ အများကြီးပဲလေ … မေ့ဆို ဂရုစိုက်ပြုစုချင်တာတောင် မောင်နှမအရင်းအချာက မရှိဘူး”

ကမ္ဘာဦးသာဆိုလျှင်တော့ ဒီစကားမျိုးအတွက် … မေပန်းချီကို အပြစ်မြင်မည်။ သားရွှေရောင်ကတော့ ကိုယ့်အပေါ် ဂရုတစိုက် ဆုံးမညွှန်ကြားနေတာလေးကိုပဲ ကျေကျေနပ်နပ်ကြီးခံယူချင်နေတော့တာ။

www.burmeseclassic.com

www.burmeseclassic.com



"မောင်လေး ..."

အခန်းဝက ကြားလိုက်ရသော ခပ်ပြတ်ပြတ်ခေါ်သံတစ်ခုကြောင့် ကမ္ဘာဦးက ခေါင်းထောင်ကြည့်လိုက်သည်။

မန္တလေးက သားရွှေရောင်ရဲ့ အိမ်ကို သူရောက်ပြီး ရှစ်ရက်တိတိကြားခဲ့သည့် ကာလအတွင်း ဒါဟာ အိမ်သားတွေက ပထမဆုံး ကြားရသည့် ခေါ်သံပဲဖြစ်လိမ့်မည်ထင်သည်။

မှတ်မှတ်ရရ ဒီရှစ်ရက်အတွင်းမှာ အပြင်ကရောက်လာတတ်သည့် နွဲ့ယိမ်းပျိုနဲ့ နှစ်ကြိမ်စကားပြောရဖူးသည်။

အိမ်မှုကိစ္စတွေအားလုံး တာဝန်ယူရသည့် အထိန်းတော်ကြီး ဒေါ်ဆယ်မိနဲ့တော့ အရှိအရျစကားအတော်များများ ပြောရသည်။ အိမ်ဖော်ကောင်းမလေး မိမြိုင်နဲ့က ရံဖန်ရံခါ။ မြ



စောင့်မာလီကုလားကြီးကတော့ မြန်မာလို ရေရေလည်လည်သိပ်မပြောတတ်တာမို့ လိုအပ်သလောက် တစ်ခွန်း နှစ်ခွန်း။

ထူးဆန်းတာကတော့ အိမ်သားတွေပဲ။ သူတို့တွေဟာ ... ကမ္ဘာဦးကို ရှစ်ရက်အတွင်း စကားလေးတစ်လုံးတောင်မပြောကြ။ ကမ္ဘာဦး ဘယ်လိုနေလို့ ဘာတွေလုပ်နေသလဲဆိုတာလည်း စိတ်ဝင်တစားမရှိကြ။ တာကယ့်ကို နေနိုင်သူတွေပါပဲ။ (အဲ ရန်ကုန်က ကိုယ့်အိမ်သားတွေလည်း ဒီလိုပဲဖြစ်သည်။

စောစောက သူ့ အခန်းဝမှာရပ်ပြီး လာခေါ်လိုက်သည့် (မမကြီးဟု ခေါ်သော သားရွှေရောင်ရဲ့ အစ်မကြီး ပဒ္မာမြားရောင်)ရဲ့ ခေါ်သံဟာ ဒီရောက်ကတည်းက ပထမဆုံးကြားဖူးသည့် အိမ်သားတွေဆီက သူ့ နာမည်ခေါ်သံပဲ။

အသံက မတင်းလွန်း မပျော့လွန်း။ သို့သော် ပြတ်သားသည်။ ပုံမှန်ဆန်လွန်းလှသည်။ ခေါ်သာခေါ်လိုက်ရ ...လည်း အခေါ်ခံရသူဘက်က တုံ့ပြန်မှုကို စိတ်ဝင်စားခြင်းမရှိသည့် ခေါ်သံ မျိုး တစ်နည်းဆိုရလျှင် အခေါ်ခံရသူအတွက် အားငယ်စိတ်၊ သိမ်ငယ်စိတ်ဝင်ချင်စရာကောင်းလှသည့် ခေါ်သံမျိုး။

"ဗျာ ... မမကြီး"

"ဘကြီးရောက်နေတယ်"

ဟိုက်။ မြတ်စွာဘုရား။ ပြဿနာတော့စပြီ။

www.burmeseclassic.com



ဘကြီး … တဲ့။ ဘယ်ကဘကြီးလဲ။ ဘယ်လိုလူကြီးလဲ။

သားရွှေရောင်ပြောသည့် အထဲမှာ သူ့အိမ်သားတွေနဲ့ အိမ်အခြေအနေအကြောင်း အသေးစိတ်စုံလင်လှသော်လည်း 'ဘကြီး'ဆိုသည့် လူအကြောင်းတော့ မပါ,ပါ။

အဲဒီ ဘကြီးဟာ ဆွေမျိုးပဲလား၊ ဒီအိမ်ကို လာနေကျလား၊ သားရွှေရောင်က ကြောက်ရသူလား၊ အိမ်မှာ ဩဇာရှိသူလား။ ပြီးတော့ အဖေဘက်ကတော်တဲ့ ဘကြီးလား၊ အမေဘက်ကတော်တဲ့ ဘကြီးလား။

နောက်ပြီးတော့ 'ဘကြီး'လို့သာ ယေဘုယျအခေါ်အဝေါ်နဲ့ သုံးစွဲသွားပေမယ့် သားရွှေရောင်က တကယ်တမ်း ဘယ်လိုခေါ်သလဲဆိုတာမသိ။ မမကြီးက အမျိုးတော်စပ်ပုံကို ခပ်ပေါ့ပေါ့ ပြောသွားတာဖြစ်နိုင်သည်။ တကယ့်အခေါ်အဝေါ်ကျတော့ ဘကြီး နောက်မှာ နာမည်တစ်လုံးလောက် (ဥပမာ ဘကြီးအောင်) ဖြစ်ဖြစ် တွဲပြီးခေါ်တာမျိုးလည်း ဖြစ်ချင်ဖြစ်မည်။

ဒီကျောင်းတော့နော်။ အိမ်နဲ့ ပတ်သက်နိုင်သမျှ ဆွေ ငယ်ချင်းတွေရော အိမ်နီးနားချင်းတွေအကြောင်းပါ နည်းနည်း ပြောပြပေးပါဆိုတာကို ဒီ'ဘကြီး'ဆိုတာကိုမှ မေ့ခဲ့ရသလား။ ဘ ကြီး ကိုယ်တိုင်က လာခေါ်ရတယ်ဆိုတော့ 'ဘကြီး'ဆိုတာလည်း



နည်းနည်းနောနောတော့ ဟုတ်ဟန်မတူ။

မတတ်နိုင်ပါဘူးလေ။ မီးစင်ကြည့်က,ရတော့မှာပဲ။ ကိုယ့်ကိုယ် စကားလာပြောမယ့်သူရှိတာကိုပဲ ဝမ်းသာစရာလို့ … သဘောထားရမှာပေ့ါ။

ကမ္ဘာဦးက ဧည့်ခန်းထဲထွက်လာလိုက်သည်။ ဧည့်ခန်းမှာ မိန့်မိန့်ကြီးထိုင်နေတဲ့ လူကြီးဟာ 'ဘကြီး'ဆိုတာပဲဖြစ်ရမှာပေ့ါ။ ခေတ်ဟောင်းရုပ်ရှင်ကားတွေထဲက ဦးသိန်းမောင်ဆိုတဲ့ မင်းသားကြီးနဲ့ ခပ်ဆင်ဆင်။ မျက်နှာလေးထောင့်ခန့်ခန့်ကြီးမှာ နှုတ်ခမ်းမွေးကြီးနဲ့ တိုက်ပုံကြီးဝတ်ထားလိုက်သေးဗျာ။

"ထိုင်ဦး … "

အသံကတော့ မာရေကျောရေပဲ ခင်ဗျ။ မျက်နှာထား ကြီးကလည်း တင်းလိုက်တာဗျာ။ သူ့လုပ်စာကို နှစ်ပေါင်းသုံးဆယ်လောက် အလကားထိုင်စားလာတဲ့ လူတစ်ယောက်ကိုဆက်ဆံတဲ့ရုပ်မျိုးကြီး ခင်ဗျ။

"မင်းကြောင့် ငါ့အမေ တော်တော်ဒုက္ခရောက်သွားတာ ပဲကွ … "

မင်းကြောင့် ငါ့အမေ … ။ ဩော် … အဘွားကိုပြောတာဖြစ်လိမ့်မည်။ ဒါဆိုရင်တော့ ဘကြီးဟာ အဘွားရဲ့ သားကြီး၊ မေမေ့ရဲ့ အစ်ကိုကြီးဖြစ်ရမှာပေ့ါ။

www.burmeseclassic.com

www.burmeseclassic.com



သားရွှေရောင် အဖေနာမည်က ဦးစိန်ရောင်တင်ဆို တော့ ဒီအဘိုးကြီးနာမည်က ဘာဖြစ်မလဲ။ ညီကို 'စိန်'ထည့်မှည့်မှ တော့ အစ်ကိုအတွက် 'စိန်'ထက်သာတာမရှိနိုင်တော့။ ဒါဆို ညီအစ် ကိုနှစ်ယောက်စလုံးမှာ 'စိန်'ဆိုတဲ့ စာလုံးက ဘုံပါဝင်တာဖြစ်နိုင် သည်။ ဒီတော့ ကာရံကိုက်အောင် စိန်မောင်မောင်၊ စိန်အောင်လွင်၊ စိန်ကြောင်ရင် ... ဟာ ... တော်ပြီ။ ခုနေစဉ်းစားနေရင် နောက်ထပ် စကားတွေကို လိုက်မမီဘဲနေတော့မယ်။

"ငါကလည်း ငါပါပဲ ... အမေ ဒုက္ခရောက်မယ့်အချိန်ကျမှ တိုက်တိုက်ဆိုင်ဆိုင် မင်းကွန်းမှာ အဓိဋ္ဌာန်သွားဝင်မိတယ် အမေ ကံနိမ့်လို့ ... အချုပ်အနှောင်ခံရဖို့ကံဇာတာကိုက ပါလာတာပဲထင်တယ် ... ငါသာရှိရင် သိန်းဘယ်နှထောင် ဖြစ်ဖြစ် ရှာပေးနိုင်မှာပဲ"

အရေးထဲ ကြွားဝါလိုက်သေးဗျာ။ အရေးကြုံတုန်းက တော့ ပေါ်မလာဘဲ နောက်မှ အမီလိုက်ကြွားပြီး ငါသာရှိလို့က တော့ ဘယ်လိုဘယ်ညာပြောတတ်တဲ့ သူတွေကို ကမ္ဘာဦးက တော် တော်အမြင်ကတ်တာ။

"မင်းကို ငါပြောတယ် ... ပြောတယ် ... မင်းဟာ ... ယောကျ်ားလေးတန်မဲ့ အ,လွန်းတယ် ... ထူလွန်းထိုင်း လွန်းတယ် ... သတိထားပါ ... ဆင်ခြင်ပါဆိုတာ ... ခုတော့



ဖြစ်ပြီ ... ဒုက္ခဖြစ်ရတာက မင်းဆိုရင် ကိစ္စမရှိဘူး ... အခု တော့ အမေက မင်းညံ့လို့ကြားကဝင်ခံရတာ ... ဘယ် လောက်ဝမ်းနည်းဖို့ကောင်းလဲ"

သိပ်တော့ဝမ်းမနည်းဘူး ခင်ဗျ။ ဘာဖြစ်လို့လဲဆို တော့ ကျွန်တော်က ကာယကံရှင် သားရွှေရောင် မဟုတ်လို့ဘဲ။

ဒီနေရာမှာ သားရွှေရောင်အစစ်သာဖြစ်လို့ကတော့ ကြောက်ဒူးဆတ်ဆတ်တုန်ပြီး ရှူးရှူးတွေ အီးအီးတွေတောင် ထွက် ကျကောင်းကျနေလောက်ပြီ။ ကမ္ဘာဦးကတော့ ကိုယ့်ကိစ္စမဟုတ် တာကို ကိုယ်တစ်ခါမှမသိဘူးသည့် လူကြီးတစ်ယောက်က လာ ပြောနေတာမို့ မမှုပေါင်။

"မင်းကြည့်ရတာ ငါ့ကို သိပ်မကြောက်သေးတဲ့ ပုံပါလား"

သိပ်မကြောက်သေးတာမဟုတ်ပါဘူး ... ခင်ဗျာ။ ကြောက်ရကောင်းစေလို့ကို စိတ်ထဲမှာ မရှိခဲ့တာပါ။ ကိုယ့်နားမှာ စစ်ကူရယ်လို့ ဘယ်သူမှမရှိဘဲ ကြောက်စရာမျက်မှာနဲ့ 'ဘကြီး'ရဲ့ ရှေ့မှာ တစ်ယောက်တည်း ချောင်ပိတ်အစစ်မေးခံရတဲ့အဖြစ်ဟာ သားရွှေရောင်အတွက်သာ ကြောက်စရာခင်ဗျ။ ကမ္ဘာဦးနဲ့ကတော့ လားလားမှမဆိုင်ပါဘူးလေ။

"ကြောက် ... ကြောက်ပါတယ်ခင်ဗျ"

မကြောက်ပေမယ့် ... ကြောက်ချင်ယောင်ဆောင်ရဦး

www.burmeseclassic.com

www.burmeseclassic.com



မည်။ လိုအပ်လျှင် ပယင်းတို့ ဒုတ္တတို့ ဟန်တောင်ဆောင်ချင်ဆောင်ရဦးမည်။ ဒါမှ သားရွှေရောင် သရုပ်က ပီပြင်မှာပေါ့။

"မင်းဘယ်သူလဲ ... ငါ့ကိုပြောစမ်း"

ဟာ ... ဒါတော့ ပြဿနာဖြစ်ပြီ။

အဘိုးကြီးက တော်တော်ပါးနပ်ပါလား။ စကားလေးတစ်ခွန်း နှစ်ခွန်း ငါးမိနစ်စာလောက်ထိုင်ပြောယုံနဲ့ သူဟာ သားရွှေရောင်အစစ်မဟုတ်ဘူးဆိုတာ အကဲခတ်လိုက်နိုင်ပြီ။ ကျန်တဲ့ ... အိမ်သားတွေကတော့ ရှစ်ရက်လောက်အတူနေတာတောင် မသိ။

အမှန်အတိုင်း ဝန်ခံတောင်းပန်လိုက်ရရင် ကောင်းမလား။

သူတို့လုပ်ခဲ့တာကရာဇဝတ်မှုလည်းမဟုတ်။ တရားဥပဒေနဲ့လည်း မငြိစွန်းတာမို့ ဖွင့်ပြောတောင်းပန်လျှင် ကျေလည်နိုင်လောက်စရာတော့ရှိပါရဲ့။

ဒါပေမဲ့ တစ်အချက်။ အဆင်ပြေပြေ ချောင်ချောင်ချိချိ နေထိုင်စားသောက်နေရသော နေရာတစ်ခု လက်လွှတ်ဆုံးရှုံးရမည်။

နှစ်အချက်။ နဝိုက အမြင်ကတ်ခံစိတ်ဓာတ်ရှိနေတာမို့ သူနဲ့ သားရွှေရောင်ရဲ့ နှစ်ဦးသဘောတူ လူချင်းလဲမှုကို လိမ်လည်



မှုအဖြစ်နဲ့ အမှုလုပ်ချင်လည်း လုပ်လို့ရသည်။ ဒါဆို ပြဿနာက ပိုကြီးသွားပြီ။

သုံးအချက်။ ဟိုဘက်က သားရွှေရောင်ကိုပါ ဆွဲထည့်ရလျှင် နဝိုကမှ စိတ်ဒုက္ခရောက်နေရသည့် သူ့မိသားစုလည်း အရှုပ်အရှင်းထဲပါဝင်နေရဦးမည်။

မထူးပါဘူး။ ရှေ့လူကြီးတွေ ဆိုရိုးစကားလည်းရှိသားပဲ မဟုတ်လား။ 'ဘူးတစ်လုံးဆောင် အိုတောင်မဆင်းရဲ'တဲ့။ အဲဒီဘူးဟာ ဘာဘူးညာဘူးတွေ မဖြစ်နိုင်။ 'မလုပ်ဘူး' မဟုတ်ဘူး' ရယ်လို့ တွင်တွင်ခေါင်းခါငြင်းဖို့ပဲဖြစ်မည်။

"ကျွန်တော် ဘယ်သူမှမဟုတ်ပါဘူး"

"လောကကြီးမှာ ဘယ်သူမှမဟုတ်ဘူးဆိုတာ ရှိပါ့မလားကွ တစ္ဆေသရဲတောင် ဘယ်ကသရဲ ... ဘယ်လိုသရဲဆိုတာရှိတယ် ... ပြောလေ ... မင်းကို ငါဘာသင်ထားလဲ"

"ကျွန်တော် ... ကျွန်တော် သားရွှေရောင်အစစ်ပါ"

လူကြီးက သူ့မျက်ခုံး ထူထူကြီးတွေ ပင့်လင်လျက် နှုတ်ခမ်းမွေးကြီးလည်း ကော့ပျံတက်သွားအောင် အံ့သြသွားသည့် ပုံစံပြလိုက်ပြီးလျှင် ...

"မင်းကို ဘယ်သူ အတု...စ်မေးနေလို့လဲ ... ငါငယ်ငယ်က သင်ပေးထားတာ မေ့နေပြီလား ... မင်းက ဘယ်သူ

www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူတို့ရဲ့မြေး … ဘယ်သူ့ဘယ်ဝါရဲ့သား … ဘယ်သူ့ရဲ့ တူပါဆိုတာ ပြောခိုင်းတာကွ"

သေလိုက်ပါတော့ကွာ။ ဟိုက သူ့ထုံးစံအတိုင်း မေးနေကျမေးတာကို ငါက မသက်သာလို့စစ်မေးပြီထင်ပြီး အယောင်ယောင်အမှားမှားတွေ ဖြေလိုက်တာ။ ကံကောင်းလို့ အလိမ်မပေါ်တယ်။

"သြော် … ဒါလား"

"အူကြောင်ကြောင်လုပ်တုန်းကွာ … မင်းထုံးစံအတိုင်း … အဘိုးနာမည် … မေ့နေပြန်ပြီမဟုတ်လား … သိရိသုမ္မဦးအောင်ဇမ္ဗူကျော်နဲ့ စိန်ကုန်သည် ဒေါ်တင်တင်ထိုက်တို့ရဲ့ မြေး … ဆောက်လုပ်ရေးလုပ်ငန်းရှင်ကြီး ဦးစိန်ရွှေရောင်တင် … မြန်မာ့စားသောက်ကုန်လုပ်ငန်းရှင်ကြီး ဒေါ်သင်းမြမြတို့ရဲ့ တစ်ဦးတည်းသောသား … လောကဓာတ်ပညာရှင်ဆရာကြီး ဦးဇမ္ဗူဒီပရဲ့ တစ်ဦးတည်းသောတူ သားရွှေရောင်ပါလို့ ပြောစမ်း"

အောင်မယ်လေး။ အကျိုးနည်းရှည်လျားလိုက်တဲ့ ဆွေမျိုးဂုဏ်တော်ဖွင့်ကြီးပါလားဗျာ။ ဒါတောင် အစ်မနှစ်ယောက်ကို မထည့်သေးပေလို့။ သူ့ကိုယ်သူလည်း လောကဓာတ်ပညာရှင်ကြီးတဲ့။ နာမည်က ဘာတဲ့ … ။ ဦးဇမ္ဗူဒီပ … ဟုတ်ပြီ။ ကြည့်စမ်း။



သူ့နာမည်ကို သိလိုက်ရတာအမြတ်ပဲ။

သားရွှေရောင့် အဖေ့နာမည်က ဦးစိန်ရောင်တင်၊ သူ့ အစ်ကိုကြီးနာမည်ကျတော့ ဦးဇမ္ဗူဒီပဆိုတော့ ဘယ်လိုကြီးလဲ။ ဦးဇမ္ဗူဒီပဆိုတာ အဘိုးနာမည် ဦးအောင်ဇမ္ဗူကျော်ကနေခွဲယူထားတာဖြစ်နိုင်သည်။ ဒါဆို ဦးစိန်ရောင်တင်ကျတော့ ဘယ်ကယူထားတာပါလိမ့်မလဲ။ အဲ … အဘွားက ဒေါ်တင်တင်ထိုက်ဆိုတော့ 'တင်'တစ်လုံးတော့ အဘွားဆီကရတာဖြစ်မည်။

ရှုပ်နေတာပါပဲဗျာ။ ဒီစကားလုံး အစီအစဉ်အတွဲကြီးကို ဦးဇမ္ဗူဒီပက သားရွှေရောင်ကို အလွတ်ကျက်ခိုင်းထားတာထင်ပါရဲ့။ သူ့ဆူချင်တိုင်း ပြန်ပြန်ရွတ်ခိုင်းတတ်တာထင်ပါရဲ့။

ကံကောင်းထောက်မလို့ သူ့ရဲ့ တွဲလုံးကြီးကို သူ့ဘာသာရွတ်သွားပေလို့ခင်ဗျာ။ 'မင်းရွတ်ရမယ်'လို့များ အတင်းခိုင်းလိုက်ရင်တော့ သေဖို့ပဲ။

"ဒါလေးတောင်ဘယ်တော့မှ အလွတ်ရအောင် မကျက်နိုင်ဘူး … ငါ မင်းကွန်းမှာ အမိဋ္ဌာန်လှည့်ဝင်နေတဲ့ အချိန်က ခြောက်လလောက်ကြာသွားတော့ မင်းက မေ့ပြီပေါ့ … ဟုတ်လား မျိုးရိုးဂုဏ်ကို … ထောက် ဉာဏ်နည်းတဲ့ကောင်ကွာ … "

ဘယ့်နှာကြီးတုန်း။ လူဆိုတာ … မျိုးရိုးဂုဏ်ကို

www.burmeseclassic.com

www.burmeseclassic.com



ထောက်ထားငဲ့ညှာတတ်ရမယ်ဆိုတာတော့ ဟုတ်ပါရဲ့။ ဒါပေမဲ့ ညဏ်ကောင်းခြင်း၊ ညဏ်နည်းခြင်းဆိုတာ ကာယကံရှင်က တမင်တကာဖန်တီးတာမဟုတ်။ သူ့အလိုလိုဖြစ်နေတာမျိုးပဲဟာ။ မျိုးရိုးဂုဏ်ကို မထောက်ဘူးလို့တော့ ပြောလို့မရပါဘူး။

"ကျွန်တော် နောက် သေသေချာချာမှတ်ထားပါ့မယ် ... ဘကြီး ... ဂုဏ်ပုဒ်တွေများလွန်းတော့ ကျွန်တော်က ရုတ်တရက်ထွက်မလာဘူးပေါ့"

"အေး ... ငါ မင်းကို အဲဒါရှုတ်ခိုင်းရတာလဲ ဒီရည်ရွယ်ချက်ပဲ ... ကိုယ့်အဘိုးအဘွား ... ကိုယ့်မိဘ ... ကိုယ့်ဘကြီးရဲ့ ဂုဏ်ပုဒ်တွေကို မင်း မပြတ်စိတ်ထဲထားမိနေအောင် ... ပို ပြီးကြိုးစားချင်စိတ် အမီလိုက်ချင်စိတ်တွေပေါ်လာအောင် မင်းက ငါ့ကို အကြောင်းမဲ့ နှိပ်စက်တာလို့ ထင်နေတာကိုးကွ"

"မထင်ပါဘူး ဘကြီး"

"အေး ... မင်းရဲ့ ပင်ကိုယ်ညဏ်က ငါတို့မျိုးရိုးပဲဆိုတော့ နိမ့်စရာအကြောင်းမရှိဘူး ... မင်းကိုယ်တိုင်က ကိုယ့်ညဏ်ကို ဓားလိုသဘောထားပြီး သွေးမှမသွေးဘဲကွ ... မသွေးတော့ မထက်ဘူးပေါ့ ... မထက်တော့ လူတောမတိုးဘူးပေါ့ကွာ ... လူတောမတိုးတာကိုထားလိုက်ဦး ... အခု



လုပ်ပေါက်ကတော့ ... သိပ်ဆိုးဝါးသွားပြီကွ ... မင်းတင်ယောက်တည်းတင်မကဘူး သက်ကြီးရွယ်အို မင်းအဘွားကိုပါ ဒုက္ခပေးတာ ... ငါတို့ အမေဟာ ဂုဏ်သိက္ခာကို ဘယ်လောက်တန်ဖိုးထားတယ်ဆိုတာ မင်းအသိပဲ ... အခုနေများ မပြောစကောင်းကွာ ... အမေ တစ်ခုခုဖြစ်သွားရင် နာမည်ပျက်ကြီးနဲ့ ဖြစ်မသွားဘူးလား ... နောက်ပြီး ငွေကြေးတွေလည်း ဘယ်လောက်ဆုံးရှုံးသွားလဲ ... မင်းတို့လျော်ရတာ သိန်းထောင့်ငါးရာ ... ကားနဲ့ ပစ္စည်းတွေ အရှုံးခံရောင်းလိုက်ရတာက ငါးရာလောက်ပဲထား ... သိန်းနှစ်ထောင်နီးပါး ဆုံးရှုံးသွားပြီ ... ဒါ နည်းနည်းနောနောမဟုတ်ဘူးနော်"

"ဟုတ်"

"မင်းသာ နည်းနည်းလေး ပါးနပ်မှုရှိမယ်ဆိုရင် ဒါမျိုးဖြစ်မလား"

"ဒါကတော့ မပြောနိုင်ပါဘူး ... လူဆိုတာ အလိမ်ခံရဖို့ကံပါလာရင် ခံရမှာပဲ ... ကျွန်တော်ထင်သလောက်ပြောရရင် လောကကြီးမှာ တစ်သက်လုံး တစ်ခါမှ အလိမ်မခံရဘူးတဲ့ လူရှိမယ်မထင်ဘူး"

"အောင်မာ ... မင်းက ငါ့ကို စိန်ခေါ်တာလားကွဟ ...

www.burmeseclassic.com

www.burmeseclassic.com



ဒီမှာ တခြားမကြည့်နဲ့ ... ငါ့ကိုပဲကြည့် ... ငါ တစ်သက်လုံး သူများကိုပဲလိမ် ... အဲ ... အဲလေ ... သူများလိမ်တာကို တစ်ခါမှမခံရဖူးဘူး ... အဲဒါ သေချာတယ်"

တော်တော်အပြောကြီးတဲ့ လူကြီးပဲ။ ကမ္ဘာဦးတို့ကလည်း အဲဒီလို ကိုယ့်ကိုယ်ကိုယ် အထင်ကြီးတဲ့ လူမျိုးတွေ့ပြီဆို စိုက်ထဲကကို ကလိကလိနဲ့ မနေနိုင်မထိုင်နိုင်ဖြစ်လာတာ။ ဒီလိုလူမျိုးကိုမှ ပညာမပြလိုက်ရလျှင် ဘယ်လိုမှ စားဝင်အိပ်ပျော်မှာ မဟုတ်တော့။

"ဒါဖြင့် ဒီလိုလုပ်ပါလား ဘကြီး ..."

ကမ္ဘာဦးက တက်ကြွလန်းဆန်းလာကာ အာရုံတွေ နိုးကြားလာသည်။

ဒီရက်ပိုင်းအတွင်းမှာ အိမ်မှာ ဒုက္ခတွေရောက်နေခဲ့တာရယ်၊ ဒီအိမ်ရောက်တော့လည်း ကိုယ့်နယ်မဟုတ်လို့ အနေကြီးနေခဲ့တာရယ်ကြောင့် ကမ္ဘာဦးရဲ့ မူလဗီဇတွေ ငုပ်လျှိုးချိုးနှိမ်နေခဲ့ရတာကြာပြီ။ အခုတော့ အကြောင်းပေါ်ပြီဆိုတော့ ဇာတိကပြလာပြီ။

"ဘာလဲ ..."

"ဘကြီးကို ကျွန်တော်လိမ်မယ်"

"ဟေ့ကောင် ... မင်းက လူကြီးကိုများ နားရွက်ဆွဲမှာလား



စိုက်ခေါက်လိမ်မှာလား ... ပေါင်တွင်းကြောလိမ်ချင်တာလား ..."

"အဲဒါပြောတာမဟုတ်ဘူး ... ဘကြီး ခုနကပဲပြောတယ် ... မဟုတ်လား ... တစ်သက်မှာ ဘယ်သူလိမ်တာမှ မခံရဖူးဘူးဆိုတာ ... ဒီတော့ ဘကြီးကို ကျွန်တော်လိမ်ပြမယ် ... ဘယ်အချိန် ဘယ်အကြောင်း ဘယ်လိုပုံစံလဲဆိုတာတော့ ကြိုမပြောနိုင်ဘူး ... ဘကြီး အလိမ်ခံလိုက်ရပြီဆိုလို့ သက်သေပြနိုင်ရင် ကျွန်တော်အနိုင်လေ ..."

"အောင်မယ် ... မင်းလိုကောင်ကများ ... ငါ့ကို လိမ်ဖို့ကြိုးစားရင် မင်းကိုယ်တိုင်ပဲ သုံးလေးပတ်လောက်လည်နေမှာ သေချာတယ်"

"ဘကြီးက ကိုယ့်ကိုယ်ကိုယ် အထင်ကြီးယုံတင်မကဘူး ... တစ်ဖက်သားကိုလည်း အထင်သေးတာကိုး ဗျ ... ရန်သူကို အထင်သေးရင် စစ်ပွဲတစ်ဝက်ရှုံးတယ်တဲ့ ... မကြားဖူးဘူးလား"

"အော်မယ် ... မင်းကများ ငါ့ကို စကားကြီးစကားကျယ်နဲ့ လာဝေဖန်နေရသေးတယ် ... ကောင်းပြီကွာ ... မင်းနဲ့ငါ ... အလောင်းအစားသဘောမျိုးလုပ်မယ် ... တစ်ပတ်အတွင်း မင်းလိမ်တာကို ငါခံရရင် မင်းကြိုက်တာအကောင်း

www.burmeseclassic.com

www.burmeseclassic.com



ငါ့ကို လိမ်နိုင်ပါပြီလို့ သက်သေမပြနိုင်ရင်တော့ မင်း ငါနိုင်းတာမှန်သမျှလုပ်ရမယ်”

“ကောင်းပြီဗျာ … ဘကြီးနဲ့ ကျွန်တော် တစ်ပွဲတစ်လမ်း အကဲစမ်းကြသေးတာပေါ့”

“လောလောဆယ်တော့ ငါနားချင်ပြီဟေ့ … ငါ့အတွက်… အခန်းသွားပြင်စမ်း”



“ဟေ့ကောင် … မင်းက ကမ္ဘာဦးလားကွ”

အောင်မယ် လေသံကတိုးတိုးတိတ်တိတ်၊ ခိုးကြောင်နိုးဇာက်နဲ့၊ ဒီအိမ်ဖုန်းနံပါတ်ကိုဆက်ပြီးမှ ကမ္ဘာဦးလားလို့မေးတဲ့သူဟာ နှစ်ယောက်မရှိနိုင်။ သားရွှေရောင်ပဲဖြစ်ရမည်။

“အေး … သားရွှေရောင် … မင်း ဘယ်လိုလဲ … အဆင်ပြေရဲ့လား”

“မဆိုးပါဘူး … နေရေးထိုင်ရေးကတော့ အားလုံး အဆင်ပြေပါတယ်”

“နေရေးထိုင်ရေး အဆင်ပြေတယ်ဆိုတော့ ဘာက အဆင်မပြေတာတုန်း”

“ဘဲ ကိစ္စပေါ့ကွာ”

www.burmeseclassic.com

www.burmeseclassic.com



"ဘာရယ် ... ဘဲကိစ္စ ... ပြောကောင်း ... မင်းက ယောက်ျား စစ်စစ်ကြီးမဟုတ်ဘူးလား ... ဘယ်က ဘဲကိစ္စတွေဘာ တွေ ရှိနေရတာလဲ"

"ငါပြောတာ ယောက်ျားလေးကိုခေါ်တဲ့'ဘဲ'မဟုတ်ဘူးကွ... တိရစ္ဆာန်ဘဲကိုပြောတာ ... ဘဲသားဟင်းနဲ့ ပတ်သက်တာ ကွာ"

"ဪ ... ဒီလိုလား ... မင်းပြောသလိုဆို ငါလည်း ဘဲကိစ္စ တော်တော်အခက်ကြုံနေရတာပဲ ... ဘဲတင်မဟုတ်ဘူး ... တခြား အသားတွေရောပဲ ... မင်းက အသားတော်တော် ကြိုက်တဲ့ ကောင်ထင်တယ် ... ဘီလူးများဝင်စားသလား"

"အောင်မာ ... မင်းကရော ဖိုးသူတော်ဝင်စားသလား ... အသီးအရွက် ... အာလူး ... ပဲ ... အဒါတွေပဲများများစား တယ်ဟုတ်လား ... ဘဲသားကျတော့ ဘာလို့ လုံးဝမစား တာလဲ"

"ငါ့စိတ်ထဲ အနံ့တစ်မျိုးရှိတယ်လို့ ထင်တယ်ကွာ ... အရေ ခွံကလည်းထူပြီး အခွံအောက်မှာ အဆီတစ်ထပ်ရှိနေသေး တာကို အသည်းယားတာ ... အသားကျတော့ အမျှင်ကြမ်း တယ်လို့ ထင်တယ်ဟ"



"မင်းဟာက ကောင်းကွက်တစ်ခုမှ မရှိတော့ပါလား ... ငါ့ ဘဲတစ်ကောင်လုံးမှာ ..."

"ရှိသေးတယ် ... ဘဲတွေ ရွှံ့ထဲစပ်ခပ်,စပ်စပ်သွားရင် သူတို့ ခြေထောက်က ရေယက်ပြားပြားကြီးမှာ ရွှံ့တို့ အညစ် အကြေးတို့ တဖျတ်ဖျတ်နဲ့ အမြင်ကိုက ရွံစရာကွာ ... နှုတ် သီးပြားပြားကြီးနဲ့ အညစ်အပတ်တွေထဲက တစွပ်စွပ်ထိုး ဆိတ်စားနေတာရော ... အဲဒီအညစ်အပတ်တွေက ဗိုက်ထဲ ရောက်မှာကွ"

"အသားထဲမှမရောက်တာ ... ငါက အူတော့ မစားဘူးလေ ဒါတောင် ဘဲအူသာမစားတာနော် ... ဝက်အူကျတော့ ... ဘယ်လောက်ပဲ ညစ်ပတ်ညစ်ပတ်စားတယ် ... မင်းရော ဝက်သားတုတ်ထိုးမစားဘူးလား"

"မစားဘူး ... ညစ်ပတ်တာတွေ ငါကရွံတယ်"

အိမ်မှာလစ်တုန်း ... ဖုန်းဆက်ရတာကို အစား အသောက်ကိစ္စနဲ့ ပြောလို့မပြီးနိုင်တော့ ...

"မင်းက ဘဲသားမစားတော့ ငါ့မှာ ဘဲကင်ကြီးမြင်တာ တောင်မစားရဘဲ ကြက်ဥကြော်တို့ ကန်စွန်းရွက်ကြော်တို့ အာလူးဟင်းတို့နဲ့ စားရတဲ့ဘဝ ... မင်းက ငါ့များ တမင်ရွဲ့

www.burmeseclassic.com



တာလား အောက်မေ့ရတယ် … ငါက အသီးအရွက်ဆိုလုံးဝ မကြိုက်တာကွ … ဒီကြားထဲ တစ်ပတ်ကို တနင်္လာတစ်ရက် သက်သတ်လွတ်စားသေးဆို … ”

“ငါလည်း ဒုက္ခရောက်တာပဲကွ … မင်းကြိုက်တဲ့ ဘဲကင်တွေ ဘဲသနီချက်တွေ … ဘဲသားနဲ့ သရက်သီးသနပ် … ဘဲပေါင်း … ဘဲသားနဲ့ ကြံမဆိုင် … စုံနေအောင်စားရပါ့ကွာ ငါ သက်သတ်လွတ်စားမယ့်နေ့မှာလည်း အသားဟင်းတွေ ပဲချက်တော့ ငါ့မှာ စားစရာကိုမရှိဘူး … အရေးထဲ ဟိုနား တီတိမက တမှောင့် … ငါ ထမင်းစားတိုင်း ရောက်ရောက်လာပြီး အသားတုံးကြီးတွေ အဆီက ဝင်းဝင်းနဲ့ ငါ့ပန်းကန်ထဲ ခပ်ခပ်ထည့်ပေးတော့တာပဲ”

“ဟား … ဟား … စေတနာတွေ … စေတနာတွေ … ငါမှာတော့ ထမင်းဝိုင်းထိုင်လို့ အသားဟင်းလေးခပ်ထည့်မပြီဆိုတာနဲ့ မျက်လုံးပြူးပြီး ဝိုင်းကြည့်မယ့်သူတွေ ပေါ်လာပါလေရော … ဒါနဲ့ပဲ ငါ့မှာ ပဲဟင်းလေးဆမ်း … ပဲဟင်းကြော်လေးထည့်ပြီး လွေးလိုက်ရတာများတယ်”

“ဒါတောင် ဟိုတစ်ယောက်နဲ့အတူ အပြင်မထွက်စားရသေးလို့ … သက်သတ်လွတ်ထမင်းဆိုင်မှာပဲထိုင်ရဦးမှာ”



“ရပါတယ် … စားသောက်ဆိုင်ကောင်းကောင်းမှာ ထိုင်ပြီး မချောကို သက်သတ်လွတ်စားခိုင်း … ငါကတော့ … အသားကင်တွေ ဘာဂါတွေ ကောင်းကောင်းစားပစ်လိုက်မှာပေါ့”

“ဘယ်ရလိမ့်မလဲ … မေပန်းချီသိထားတာက ကမ္ဘာဦးဆိုတဲ့ ငါဟာ အသားဟင်းသိပ်မစားတတ်ဘဲ အသီးအရွက်တို့ အာလူး၊ ပိန်းဥတို့ ကြိုက်တတ်တဲ့ကောင်လို့ သိထားတာ … သူ့ရှေ့မှာ အသားတွေ သွားဖြဲနားဖြဲစားပြနေရင် မင်း လူလိမ်မှန်းသိသွားတော့မှာပေါ့ … ”

“အေးကွာ … ငါလည်း ဒုက္ခပဲ … ”

“နောက်ထပ် ဒုက္ခတစ်ခုကတော့ မင်းဘကြီးဆိုတာ အိမ်မှာရောက်နေတယ်”

“ဘာ … ဘကြီး … အဓိဋ္ဌာန်ထွက်လာပြီလား … အဲဒါဆိုရင်တော့ သတိထားသာနေပေတော့ … ဘကြီးက ကြမ်းလည်းကြမ်းတယ် … အမေးအမြန်းလည်း ထူတယ် … လက်ကလည်း ပါ့ပါ့ဘိသနဲ့ … ဘကြီးရှေ့ဆို မင်းအကြောင်းတွေပေါ်မယ်နော်”

“တွေ့ကတည်းက ပေါ်တော့မလို့ဖြစ်ပြီးပြီ … ငါ့ကို တွေ့

www.burmeseclassic.com

www.burmeseclassic.com



တွေ့ချင်းကွာ ... ခွေမျိုးစာရင်တွေရွှတ်နိုင်းတာ ... ငါက နာမည်တွေမှ မသိတာကွ ... ကြောင်နေတာပေါ့ ... နောက်မှ စိတ်မရှည်လို့ သူ့ဟာသူ ရွတ်သွားတာ ... နောက်ပိုင်းလည်း ငါ့ကို မသင်္ကာသလို စောင့်ကြည့်နေပုံပဲ"

"ငါတို့နှစ်ယောက်က ပုံစံချင်း အကြိုက်ချင်းမှ မတူကြတာကိုးကွ ... မသင်္ကာစရာတွေကတော့ အများကြီးပဲ ... ငါတို့တွေ ရုပ်ချင်းတူလွန်းလို့သာ မသင်္ကာမဖြစ်ရတာ"

"အေးကွာ ... ငါတော့ နေရတာ ကျောထဲစိမ့်တယ်"

"ငါရောပဲပေါ့"

"ဒါနဲ့ မင်းကောင်မလေးက ငါ့ကို မင်းမှတ်ပြီး တအားလာရောတာနော် ... မင်း ငါ့ကို တစ်မျိုးတော့မထင်နဲ့ ... တွန်းတိုမယ်ဆိုရင်တော့ အကြောင်းတစ်ခုခုပြပြီး သူ့ကို မောင်းထုတ်မှပဲဖြစ်လိမ့်"

"ငါ့ကောင်မလေးဆိုတာ ယိမ်းကိုပြောတာလား"

"အေးပေါ့ကွာ ... တခြားတစ်ယောက်ရှိသေးလို့လား"

"ငါ့မှာ ဒီတစ်ယောက်တည်းရှိတာပါကွာ ... ဒါတောင် ငါ့ကောင်မလေးလည်းမဟုတ်ပါဘူး ... အားမနာတမ်းပြောရရင်တော့ ယိမ်းကသာ ငါ့ကို စိတ်ဝင်စားနေတာကွ ... ငါကတော့ သူ့ကို သဘောမကျဘူး ... သူက အရမ်းသွက်လွန်းတယ် ... စရိုက်ပျက်တာတော့မဟုတ်ဘူးကွာ ... နာမည်ပျက်လည်းမရှိပါဘူး ... ဒါပေမဲ့ ရဲတင်းတယ် ... ငါ့ကိုဆို တရင်းတနှီးဆက်ဆံလွန်းတယ် ... ဘာစကားမဆိုလည်း ပြောထွက်ရဲတယ် ... အဲဒါကို ငါက နည်းနည်းလန့်တာပါ"

"ကောင်မလေးက ချစ်စရာလေးပါ"

"မင်းသဘောကျလို့လား ... ယူလေကွာ"

"ဟာ ... လူကွလူ ... ဈေးအင်္ဂဆိုပြီး ထိုးပေးလို့ရတာမဟုတ်ဘူး ... သူက မင်းကို သဘောကျတဲ့ဟာ ... ငါက နေရာဝင်ယူလို့ရမလား"

"မင်းနဲ့ငါက ရုပ်ချင်းဆင်တူတာပဲ"

"ရုပ်ရည်ကိုသဘောကျတာဆက်သက်ဆိုရင် ကိစ္စမရှိဘူးလေ ... သူက မင်းရဲ့ အကျင့်လေးကိုဖြစ်ဖြစ် ... ထူးခြားချက်လေးတစ်ခုကိုဖြစ်ဖြစ် ချစ်တာဆိုရင် ငါက အစားထိုးလို့ဘယ်ရမလဲ"

"အဲဒီလိုတော့ မဖြစ်နိုင်ပါဘူး ... ကောင်မလေးကြည့်ရတာ လူတစ်ယောက်ရဲ့ အရည်အချင်းတို့ ... ထူးခြားချက်တို့ကို ခွဲခြားသိမဲ့ပုံလည်း မပေါ်ပါဘူး"

နွဲ့ယိမ်းပျို့အကြောင်းပြောရင်းနဲ့မှ ကမ္ဘာဦးက မေဝန်းချိုကို သတိရသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



မေပန်းချီကတော့ 'လူကြီးချင်းသဘောတူထားသူ' ဆိုသည့် သတ်မှတ်ချက်ကြောင့်သာ သူ့ကို ပတ်သက်ဆက်ဆံနေရတာ။ သူ့အပေါ်မှာ မုန်းတယ်လည်းမရှိ၊ ချစ်တယ်လည်းမရှိ။ သို့သော် နှစ်သက်ခြင်းနဲ့ မနှစ်သက်ခြင်းကို ချိန်ခွင်ညှာထဲထည့်လိုက်လျှင် မနှစ်သက်ခြင်းဘက်က ပိုလိမ့်မည်လို့ထင်သည်။ ဒါဟာ ဘာဖြစ်လို့လဲဆိုတော့ သူနဲ့ မေပန်းချီရဲ့ အတွေးအခေါ်ချင်း၊ ခံယူချက်ချင်း၊ အမြင်ချင်းမတူကြတာ။ တစ်ယောက်ကို တစ်ယောက်အလျှော့ပေးသည်းခံသွားလျှင် အတူပေါင်းသင်းလို့ရနိုင်သော်လည်း စိတ်တူကိုယ်တူ၊ စိတ်တိုင်းကျကြည်ဖြူ ဆိုတာမျိုးတော့ ဘယ်သောအခါမှ ဖြစ်လာနိုင်မှာမဟုတ်။

"မေပန်းချီကတော့ ငါ့အပေါ် သိပ်မေတ္တာရှိပုံမပေါ်ဘူးကွ ငါ့အပြုအမူတွေကိုလည်း သဘောကျတဲ့ပုံမရှိဘူး … အဲ … ဒါပေမဲ့ မင်းနဲ့တော့ ကိုက်မဲ့ပုံပဲ … မင်းကလည်း ခပ်အေးအေး … ဟိုကလည်း ခပ်ငြိမ်ငြိမ် … သူ ဆရာလုပ်ရင်လည်း မင်းကထ,လှောင်တာတို့ အရွဲ့တိုက်တာတို့ မလုပ်ဘဲ လေးလေးစားစား … ရိုးရိုးကျိုးကျိုးနားထောင်မှာ … ဒီတော့ မင်းနဲ့နေရတာ သူပျော်မှာပါ"

ပျော်မယ်တဲ့လား။ သားရွှေရောင်ကလည်း မေပန်းချီကို ပျော်စေချင်ပါရဲ့။ ဒါပေမဲ့ သူ့ကြောင့် မေပန်းချီ ပျော်ရတော့



ရော အချိန်ဘယ်လောက်ကြာကြာခံနိုင်မှာလဲ။ အချိန်တန်တော့ မောင်ပိုလည်း မောင်ပို့နေရာပြန်ရောက်၊ ကျားလည်း ကျားနေရာပြန်ရောက်ရမှာပဲ။ အဲဒီအခါကျတော့ သီချင်းထဲကလို 'ပိုင်ရှင်ပြန်လာရင် … တို့ကပြန်ပြီးပေးရမယ်'ဆိုတဲ့အတိုင်း ကမ္ဘာဦး လက်ကို ပြန်ပေးလိုက်ရမှာပဲ မဟုတ်လား။

"ငါတို့က သက်ရှိလူသားတွေကို ငါတို့ စိတ်တိုင်းကျစေစားပြီး သူ့ဆီသွား … ငါ့ဆီလာလုပ်ဖို့မသင့်တော်ပါဘူးကွာ … နဂိုရှိမြဲအတိုင်းလေးပဲ ရှိနေတာက ကောင်းပါတယ် … အဲ တစ်ခုတော့ရှိတယ် … ယိမ်းကို မင်းက သဘောကျတယ် ဒီဘက်က မင်းပြဿနာကိုလည်း ရှင်းနိုင်တယ်ဆိုရင်တော့ မင်းဘာသာ ကြိုးစားပေါ့ … ငါ ကန့်ကွက်စရာမရှိဘူးနော်"

"လောလောဆယ်တော့ ယိမ်းရဲ့ သွက်သွက်လက်လက်ပုံစံလေးကို သဘောကျတာကလွဲလို့ သူ့အပေါ် ဘယ်လိုမှ မနေသေးဘူး … ဒါပေမဲ့ မင်းက ကြိုလက်ရှောင်ထားတာဆိုတော့ ငါသဘောကျလို့ ကြိုးစားရင် ငါ့အပြစ်မဟုတ်ဘူးနော်"

"အရေးထဲကွာ … ကြိုးစား … ကြိုးစား … မင်းကြိုက်သလိုသာကြိုးစား … ငါ့ ဘကြီးလက်ကလွတ်အောင်လည်းကြိုးစားဦး … ဘကြီးက ငါ့မိဘတွေ ငါ့အစ်မတွေ အသွားတွေ

www.burmeseclassic.com

www.burmeseclassic.com



ထက်လည်တာနော် ... မင်းကို့ကွဲခနဲမိသွားမယ်"

"အေးပါ ... ဒါနဲ့ ညီမလေးရော"

"မင်းညီမလေး နိုင်ငံခြားသွားပြီး ဆေးကုဖို့စီစဉ်နေတယ် လောလောဆယ်တော့ နေကောင်းသားပဲကွ"

"အေးကွာ ... ညီမလေးကို ကောင်းကောင်းစောင့်ရှောက်ပေးပါဦး ... ငါကတော့ ကိုယ့်အပြစ်နဲ့ကိုယ် ငယ်လေးကို ရင်ဆိုင်ရဲမှာမဟုတ်သေးဘူး"

"အဘွားကိုလည်း သေချာပြုစုပေးပါကွာ ... အဘွားစိတ်ဆိုးလို့ ဆူပူရင်လည်း သည်းခံပါ ... ငါ့အပြစ်က မင်းအပြစ်လောက် မကြီးပေမယ့် တော်တော်ဆိုးတာတော့ အမှန်ပဲ"

"စိတ်ချ ... စိတ်ချ ... မင်းလည်း ဝိဝိရိရိနေဦးနော် ... အစားငမ်းတာနဲ့ပဲ အလိမ်ကပေါ်သွားဦးမယ်"

"မပေါ်စေရပါဘူးကွာ ... စိတ်ချ ... ငါအခု ပုစိန်နဲ့ ပေါင်းမိနေပါပြီ ... ပုစိန်က ငါ့အတွက် ဟင်းသတ်သတ်ဖယ်ထားပြီး လူကြီးတွေ လစ်တဲ့အချိန်မှ တစ်ယောက်တည်း သတ်သတ်စားတာပေါ့"

နှစ်ယောက်သား အချီအချတိုင်ပင်ဆွေးနွေးပြီးလို့ ဖုန်းကို ကိုယ်စီချလိုက်ကြသည်။



ဖုန်းချပြီးမှာ တစ်စုံတစ်ယောက်ဟာ ရင်ထဲလေးလံအေးခဲကျန်ရစ်သည်ဆိုလျှင် သိပ်ခက်ခက်ခဲခဲမတွေးပါနဲ့။ ထိုလူဟာ သားရွှေရောင်ပဲဖြစ်ရမည်။

www.burmeseclassic.com



"တော်သေးတယ် ... ညီမလေးသွားဖို့ အားလုံးအဆင်ပြေဝေလို့ ... သူသွားကာနီးကျမှ တစ်ခုခုထပ်ဖြစ်မှာ မေကစိုးရိမ်နေတာ"

"လမ်းမှာရော မဖြစ်နိုင်ဘူးလား"

"ဖြစ်တော့ ဖြစ်နိုင်တာပေါ့ ... ဒါကြောင့် အန်တီအယ်မလီ သွားမယ့်အချိန်နဲ့ကိုက်ပြီး ထည့်ပေးလိုက်တာ ... အန်တီက နှလုံးအထူးကုဆိုတော့ အရေးကြုံရင် သူက စောင့်ရှောက်ပေးနိုင်မှာပါ"

"ခင်ဗျားကတော့ တော်တော်လေး အကွက်စေ့အောင် စီစဉ်နိုင်တာပဲနော် ... ကာယကံရှင် မိဘထက်တောင် ပိုပြီး အစီအစဉ်ကောင်းသေးတယ်"



မေပန်းချီက သားရွှေရောင်ဘက်ကို မသက်သာသလို ကြည့်ကာ ...

"ရှင်ရွဲ့ပြန်ပြီလား ... ခုတစ်လော ရွဲ့ပြောတတ်တာတွေ လျောင်သလိုပြောင်သလို လုပ်တတ်တဲ့ အကျင့်တွေပျောက်နေလို့ ကျိတ်ပြီး ချီးကျူးနေမိသေးတာ"

"ဟာ ... တကယ်ပါ ... ကျွန်တော် တကယ်ပြောတာ ... ဘာဖြစ်လို့ရွဲ့ရမှာလဲ မေရယ် ... မေ့ကို ကျွန်တော်က ... အဲ ... အင်း ... ကျွန်တော်က ... လေးစား ... လေးစားတာပဲဟာ"

မေ့ထံက ဟုတ်သော်ရှိ မဟုတ်သော်ရှိ မိန်းကလေးတို့တာဝန်တော့ ကျေပစေဆိုသည့် သဘောနဲ့ ထိုးလိုက်သော မျက်စောင်းကလေးတစ်ခု ဘောက်ဆတ်ဘောက်ဆတ်နဲ့ ရောက်လာသည်။ သားရွှေရောင်ကတော့ သဘောကျကြီးကျကာ သွားကြီးဖြဲသွားလေသည်။

"အိမ်မှာ အန်ကယ်ရယ် ... ကိုဦးရယ် ... ဒေါ်လေးရယ်ပဲ ကျန်မှာနော် ... ဒေါ်လေးက အန်တီညီမ ... အန်ကယ်နဲ့ဆိုရင် ခယ်မဆိုတော့ အနီးကပ်ပြုစုစောင့်ကြည့်ဖို့က မကောင်းဘူး ... ကိုဦးက ပိုပြီးစောင့်ရှောက်ပေးနော် ...

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လေးက သနားဖို့ကောင်းပါတယ် ... လူက ပင်ကိုယ် စိတ်ထားလေးကောင်းလျက်နဲ့"

ပင်ကိုယ်စိတ်ထား ကောင်းတယ်လေးဘာလေးနဲ့ ကမ္ဘာဦးရဲ့ ဒေါ်လေးအကြောင်း ကောင်းကောင်းသိနေသလိုပါလား။

ဟုတ်တော့လည်းဟုတ်လောက်မည်။ မေပန်းချီရဲ့ အမေနဲ့ ကမ္ဘာဦးရဲ့ အမေက အရမ်းခင်ကြတဲ့ သူငယ်ချင်းတွေတဲ့။ ငယ်ငယ်လေးထဲက တစ်ယောက်အိမ်တစ်ယောက် ဝင်လိုက်ထွက်လိုက်နေကြတာတဲ့။ ဒါကြောင့်မို့ သားသမီးတွေရလာသည့်အခါ ဆွေမျိုးတော်ကြဖို့ အကြီးအကျယ် ကြံစည်ကြိုးစားနေကြတာဆိုပဲ။ မေပန်းချီက သူ့ အမေကတစ်ဆင့် ကမ္ဘာဦးတို့ မိသားစုအကြောင်း ကောင်းကောင်းသိနေနိုင်လိမ့်မည်။

'စိတ်ချပါဗျာ ... ဒေါ်လေးကိုလည်း ...ကျွန်တော်စောင့်ရှောက်မှာပါ ... ဖေဖေ အမြင်ကြည်အောင်လည်းနေမှာပါ ... မေ့ ကျွန်တော့်အတွက် စိတ်မညစ်စေရပါဘူး"

ဒီတစ်ခါတော့ မေပန်းချီ့ မျက်နှာလေးက တွေဝေဝေ၊ ငေးငေးငိုင်ငိုင်ကလေးဖြစ်သွားသည်။ တစ်ခုခုကို အလေးအနက်စဉ်းစားနေသလိုမျိုး ...

"ကိုဦးကို မေ တစ်ခုမေးချင်တယ် ... "



"မေးလေ"

"အခုတစ်လော ကိုဦး ပုံစံက တော်တော်ပြောင်းလဲသွားသလိုပဲ ... အဲ ... ပြောင်းသလိုမဟုတ်ပါဘူးလေ ... ပြောင်းကိုပြောင်းတာပါ ... စကားအပြောအဆို သိမ်မွေ့လာတယ် အပြုအမူကအစ ... မေ့အပေါ် အမြင်တွေရော ... အားလုံးပြောင်းလဲလာတာပဲ"

"မေက သဘောမကျဘူးလား ... အဲဒီလို ပြောင်းသွားတာကို"

ငါနှယ့်နော် ... ဘာလို့များ ဒီစကားမျိုးပြောလိုက်မိတာပါလိမ့်။ မေ့ဟာ ငါမပိုင်ဆိုင်ရတဲ့ မိန်းကလေး။ ပါသ်ယောစဉ်ဖြစ်ခွင့်မရှိတဲ့ မိန်းကလေးဆိုတာလည်း သိသိကြီးနဲ့။

မေပန်းချီများ ရှက်သွားမလားလို့ သားရွှေရောင်က အကဲခတ်ကြည့်လိုက်မိသေးသည်။ သို့သော် ပညာတတ် မိန်းကလေးပီသစွာပဲ ... မေပန်းချီက ဣန္ဒြေရရ သက်တောင့်သက်သာလေးနဲ့ပင် ...

"တစ်သက်လုံး ပြောင်းလဲသွားနိုင်မယ်ဆိုရင်တော့ ကောင်းတာပေါ့ ... မေ့က ကိုဦးနဲ့ မဖြစ်မနေ လက်ထပ်ရမှာပဲဆိုတော့ မေ လက်ထပ်ရမယ့် သူဟာ သူ့ဟာနဲ့သူ သင့်တော်အဆင်ပြေတာမျိုးထက် မေကိုယ်တိုင်က နှစ်သက်လက်ခံ

www.burmeseclassic.com

www.burmeseclassic.com



နိုင်တဲ့ သူမျိုးဖြစ်ရင် ပိုကောင်းမယ်လေ”

“မေက, ကမ္ဘာဦးကိုပဲ မဖြစ်မနေ လက်ထပ်မှာပဲလား”

“ကိုဦး ဘယ်လိုပြောလိုက်တာလဲ ... ကိုဦးပြောပုံက တစိမ်းတစ်ယောက်အကြောင်း ပြောနေသလိုပါလား”

“ဟို ... ဒီလိုလေ ... ကိုယ့်ကိုယ်ကိုယ်ဆိုတာကို ဖယ်ထုတ်လိုက်ပြီး ဘေးလူတစ်ယောက်အနေနဲ့ မေ့ရဲ့ သဘောထားကို မေးယူတာပါ ... လူကြီးတွေရဲ့ အစီအစဉ်ကို ဘယ်လိုဖြစ်ဖြစ် သဘောတူလက်ခံမှာပဲလား ... အဲလိုမေးတာ”

“နံပါတ်တစ်က မေ့ အမေကို မေက သိပ်ချစ်တော့ မေမေ့ဆန္ဒကို ဖြည့်ဆည်းပေးချင်တယ် ... နံပါတ်နှစ်က ကိုဦးဟာ အကျင့်စရိုက်ပိုင်းရော ... ပင်ကိုယ်အရည်အချင်းရော မညံ့ဘူး ... အိမ်ထောင်ဘက်အဖြစ် ရွေးဖို့သင့်တော်တယ် — နံပါတ်သုံး မေ့မှာ တခြား ရည်ရွယ်တဲ့သူလည်း မရှိဘူး — အဲဒါတွေကြောင့် လူကြီးတွေရဲ့ အစီအစဉ်ကို မေ မငြင်းဖြစ်တာပဲ”

“တကယ်လို့ အကြောင်းတစ်ခုခုပေါ်လာရင်တော့ မေက ငြင်းမှာလား”

မေပန်းချီက မသက်သာသလိုလို ဖြစ်လာသည်။ ကမ္ဘာဦးဟာ ဘာဖြစ်လို့ လက်ထပ်ဖို့ကိစ္စကို ငြင်းမဲ့ဘက်ကချည်း ရှော



မေးနေရတာလဲ။ မေ့က ငြင်းလိုက်မှာကို စိုးရိမ်လို့လား။ ဒါမှမဟုတ် မေနဲ့ လက်မထပ်ချင်လို့ ယောကျ်ားလေးဘက်က စငြင်းရမှာကိုလည်း အားနာတာ မေ့ဘက်က ငြင်းဆန်ဖို့အကြောင်းရှိမရှိ စုံစမ်းချင်တာလား။

“သိပ်ခိုင်လုံတဲ့ အကြောင်းဆိုရင်တော့ ငြင်းရမှာပဲပေါ့ ...”

မေ သူ့ကို တော်တော်လေး အတွေးရခက်နေပြီဆိုတာ သားရွှေရောင် ခပ်ရေးရေးသဘောပေါက်လိုက်သည်။ မဖြစ်သေးဘူး။ ဒီလို လျှောက်လျှောက်မေးနေရင် ကမ္ဘာဦးအပေါ် မေက အဆိုးတွေမြင်သွားနိုင်သည်။ သူတို့ လူချင်းပြန်လဲပြီးတဲ့အခါ မေနဲ့ ကမ္ဘာဦးကြားမှာ ပြဿနာတွေ ကျန်ခဲ့အောင် မဖန်တီးသင့်ပါဘူးလေ။

မေရေ ... ။ အချိန်တန်ရင် အိမ်ပြန်ရမယ့် ကျွန်တော့်အတွက်ကတော့ မေ့ကို ဘယ်လိုမှ ဆိုင်ခွင့်မရှိဘူးဆိုတာ သေချာပြီသားပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



"ဘကြီး ... ဘကြီး ... ခြံထိပ်မှာ လူကြီးတစ်ယောက်ဟာ ဓားကြီးကိုင်ပြီး ဘကြီးကို လာရှာနေတယ်"

အပြေးအလွှား၊ ပြူးတူးပြဲတဲနဲ့ ဝင်လာပြောလိုက်သော ကမ္ဘာဦးရဲ့ စကားသံကြောင့် ထမင်းစားခန်းထဲ မနက်စာစားနေကြသည့် လူတွေအားလုံး အလန့်တကြားဖြစ်ကုန်ကြသည်။

သို့သော် ဦးဇမ္ဗူဒီပတစ်ယောက်ကတော့ ဆောင်လက်စ ကော်ဖီခွက်ကို ပန်းကန်ပြားပေါ် အေးအေးဆေးဆေးချကာ ...

"ဒါမျိုးနဲ့တော့ ဘယ်ရမလဲကွ ... ဖိုးသားရ ... မင်းညာလေး တစ်ထွာတစ်မိုက်နဲ့ ငါ့ကို လာစမ်းလို့မရပါဘူး"

"ဘာဖြစ်လို့လဲ ဘကြီး ..."



"ဒီကောင်လေးဟာ အခုတလော သားကို ဘာလို့ အလန့်တကြားကိစ္စတွေ လာ,လာပြောနေရတာလဲ ... ဟိုနေ့ကလည်း သားရဲ့အင်္ဂါရတ်ဖိုမှာ မီးလောင်နေပါပြီဆိုပြီး ... အပြေးအလွှား လာပြောသေးတယ် ... နောက်ကျတော့လည်း မဟုတ်ပြန်ဘူးမို့လား ..."

ဘကြီးက မိန့်မိန့်ကြီးပြုံးကာ(အဲဒီလိုပြုံးပုံမျိုးဟာ အလွန်ပဲ မုန်းစရာကောင်းသည်။)

"ကျွန်တော်နဲ့ ဒီကောင် ... အလောင်းအစားလုပ်ထားကြတယ် အမေရဲ့ ... ဒီကောင်က ကျွန်တော့်ကို လိမ်လို့ရမရ ဆိုတာကိုလေ ..."

"ကြံကြံဖန်ဖန်တွေကွယ် ... လိမ်တာညာတာခံရလို့ မေမေတို့ မိသားစုလည်း ဒုက္ခရောက်နေကြရပြီးပြီမဟုတ်လား ... ဘာလို့ထပ်ပြီး ဒါတွေလုပ်ချင်နေကြသေးတာလဲ"

"ကျွန်တော်တို့က အပျော်ပါ အသွားရဲ့"

"အပျော် ... အပျော်နဲ့ ဒီလိုအခြေအနေမျိုးမှာ နင်တို့က တော်တော်ပျော်သေးသလားဟင် ... ငါတို့အိမ်မှာ ဘယ်လောက်မိုးမီးလောင်ပြီး ဘယ်လောက်ဒုက္ခတွေကြီးနေကြတယ်ဆိုတာ နင်မသိလို့လား"

အခုတစ်လော စကားသိပ်များများမပြောသည့် ...

www.burmeseclassic.com

www.burmeseclassic.com



အဘွားကေ သည်းမခံလွန်းသည့်ပုံနှင့် ထ,ဆူပါလေရော။

"ဟုတ်တယ် မေမေ ... သမီးလည်း သူ့ကို စောင့်ကြည့်နေတာ ... ကိုယ့်အပြစ်ကိုယ် နောင်တများရနေမလားအောက်မေ့ပါတယ် ... ပိုတောင်ဆိုးလာသေးတယ် ... အရင်တုန်းကမှ ထူထူထိုင်းထိုင်းနဲ့ ငြိမ်ငြိမ်သက်သက်ရှိသေးတယ် ... အခုကျတော့ ဟိုလှည့်နောက်လိုက် ... ဒီလှည့်ပြောင်လိုက် ... မနက်ကပဲ ကြီးမေ ဟင်းချက်နေတာကို ဆားပုလင်းဖွက်လိုက် ... ယောက်မနဲ့ဒွန်း လဲထားလိုက် ... ခရမ်းချဉ်သီးနဲ့ စပျစ်သီးလဲထားလိုက်လုပ်နေသေးတာ"

"သား ဘာဖြစ်နေတာလဲ ... စိတ်ကိုရှင်းရှင်းထားကွာ ... ကိုယ့်အပြစ်ကိုယ် စိတ်ပျက်တာနဲ့ပဲ နေချင်သလိုမနေစမ်းပါနဲ့ ... ပစ္စည်းဥစ္စာဆုံးရှုံးတာက ပြင်လို့ရသေးတယ် ... စိတ်ဓာတ်ဆုံးရှုံးတာက ပြင်လို့မရဘူးကွ"

အရေးထဲ သားရွှေရောင့် အဖေကလည်း သူ့သားစိတ်ညစ်ပြီး ... ပေါက်ကရတွေလျှောက်လုပ်တာလို့ထင်နေသေးသည်။

"ကျွန်မ စိတ်ကူးကတော့ သားကို အိမ်ထောင်ချပေးလိုက်ရင်ကောင်းမလားလို့ ... သားက အသက်နှစ်ဆယ့်နှစ်နှစ်ဆိုတော့ ငယ်တယ်ပြောချင်လည်း ပြောလို့ရသလို အိမ်



ထောင်ပြုမယ်ဆိုရင်လည်း ... ပြုလို့ရလောက်ပါပြီ ... အိမ်ထောင်နဲ့ဆိုတော့ ကိုယ့်တာဝန်ကိုယ် ယူတတ်လာမယ် ... အလေးအနက်လည်း တွေးတတ်လာမယ်လေ"

"ကိုယ့်ဓာတ်ကိုယ်မနိုင်ဘဲ သူများသားသမီးကိုပါ ဒုက္ခပေးရာရောက်နေပါ့မယ်ကွာ"

"မရောက်အောင် သူ့ကိုနိုင်မယ့် မိန်းကလေးမျိုးရှာတာပေါ့"

"သမီးက တွေ့ထားပြီးပြီလား"

"ကြည့်ထားရတာပေါ့ မေမေရဲ့"

ကမ္ဘာဦး ရင်ထဲဒိတ်ခနဲ တုန်သွားရသည်။

သားရွှေရောင်ရဲ့ အမေဟာ သူ့သားအတွက် သင့်တော်တဲ့ မိန်းကလေးရှာထားပြီးပြီဆိုတော့ ဘယ်သူဖြစ်မလဲ။ အိမ်ကို နေ့တိုင်းလိုလို သွားလာဝင်ထွက်ကာ သားရွှေရောင်ကို စိတ်ဝင်စားနေမှန်းလည်း သိပ်ကို သေချာသည့် နွဲ့ယိမ်းပျိုပဲ ဖြစ်လေမလား။

မဖြစ်စေချင်ဘူးကွာ။ လောလောဆယ် အခြေအနေမှာ သူက သားရွှေရောင့်နေရာကို အစားထိုးဝင်နေရာဖြစ်ပေမဲ့လည်း ကမ္ဘာဦးက ကမ္ဘာဦး၊ သားရွှေရောင်က သားရွှေရောင်ပဲလေ။ သူတို့နှစ်ယောက်က အပြီးအပိုင်နေရာလဲလိုက်တာမှ မဟုတ်တာ။ အခြေအနေတွေ အေးချမ်းပြေလည်သွားရင် ကိုယ့်အိမ်ကိုယ် ပြန်ပြေးမယ့်သူတွေ။ ဒါမှမဟုတ် တစ်ယောက်ယောက်ဘက်က အလိမ်ပေါ်သွား

www.burmeseclassic.com

www.burmeseclassic.com



လျှင်လည်း ထွက်တော်မူနန်းက ခွာရမည့်သူတွေ။ လက်ရှိဘဝက ကိုယ့်ဘဝမဟုတ်ဘူးဆိုလျှင် ကိုယ်လက်ရှိခံစားရမည့် အကျိုးတရားတွေဟာ နောက်တစ်ယောက်ရဲ့ တစ်သက်စာ ပိုင်ဆိုင်မှုပဲဖြစ်သွားတော့မှာ။

ယိမ်းကလေးဟာ သားရွှေရောင်ရဲ့ မူပိုင်ဖြစ်သွားမှာကို ကမ္ဘာဦးက ဝန်တိုနေမြောသေးသည်။

လော်လောဆယ်မှာ ယိမ်းကို ဘယ်သူကမှ မပိုင်သေးဘူးဆိုတော့ သူ့အတွက်လည်း ကြိုးစားခွင့်ရှိသေးတာပေါ့။ လူကြီးချင်းပြောပြီးဆိုပြီးသွားမှဆို သူ့အတွက် လှုပ်ရှားဖို့ခက်သွားလိမ့်မည်။

"ဘယ်သူများလဲ မေမေ ... မေမေ ဘယ်သူ့ကိုကြည့်ထားလဲဆိုတာ မကြီးတောင် စဉ်းစားမရဘူး"

"အေးအေးစိုးလေ ... ဦးပြည့်စိုး သမီးအကြီး"

သွားပြီ။ ခေါင်းစဉ်ကတော့ လွဲပြီ။ ရှေ့ရေးအတွက် ပြင်ဆင်သွားသော်လည်း လောလောဆယ် အဲဒါကြီးနဲ့ စီစဉ်တာတို့တွေ့ဆုံဆွေးနွေးတာတို့၊ လူငယ်ချင်းရင်းနှီးအောင်လုပ်တာတို့ဆိုလျှင် ဗီလင်အောက်ပါပြီ။

ငါနှယ်နော်။ ကပ်များလွှဲရတယ်လို့၊ ဟိုကောင် — သားရွှေရောင်ဆိုလျှင် သူ့အတွက် စီစဉ်ထားသည့် နှီးလောင်းဟာ



သူ့အကြိုက်။ ငါကျမှ ကိုယ်ကြိုက်တဲ့ ကောင်မလေးနဲ့ လွဲရတယ်လို့။

"ညဦးက ယိမ်းနဲ့များ သဘောတူသလားလို့ ..."

"ယိမ်းက, ကလေးပဲရှိသေးတာကို မေမေရယ် ... သားကလည်း ယိမ်းကိုဆို သိပ်ကြည့်ရတာမှ မဟုတ်တာ"

မဟုတ်ဘူးဗျို့။ ကြည့်လို့ရတယ် ... ရတယ်။ သဘောကိုကျနေတာ။

ကမ္ဘာဦး စိတ်ထဲက အော်ပြောနေမိသော်လည်း ... အသံတော့ မထွက်ရဲ။ အားလုံးရဲ့ အကဲခတ်သည့် အကြည့်တွေက သူ့ထံ စူးစိုက်ကျရောက်နေတာမို့ ကြွေမပျက်အောင် ဟန်ဆောင်ရင်း ကုန်ခါနီးကော်ဖီခွက်ကို မကုန်အောင် တစိမ့်စိမ့် သတိထားပြီး သောက်နေရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုသားပြောတာနဲ့တင် ယိမ်းတော့ အရမ်းပျော်ပြီး အရမ်းစိတ်ဝင်စားနေပြီ ... ကိုသား အစီအစဉ်က ဘယ်တော့စမှာလဲ"

"ဒီညနေ ဘကြီးက အိမ်မှာ ညစာ,စားပြီး သူ့အိမ်ကို လမ်းလျှောက်ပြန်လိမ့်မယ် ... အပြန်လမ်းမှာ လုပ်ကြံကြတာပေါ့"

"ကောင်းတယ် ... ဘကြီးကလေ ... ယိမ်းကိုဆိုသိပ်ဆူတာပဲ ... သူ့တူကိုများ ယိမ်းက ကိုက်စားမယ်ထင်နေလားမသိပါဘူး ... ကိုသား အနားကို ယိမ်းရောက်လာမှာကို အရမ်းစိုးရိမ်တဲ့ပုံ"

ယိမ်းနဲ့,ပျို့က နှုတ်ခမ်းလေးစူပြီး ပြောနေတာကို ကမ္ဘာဦးက သဘောကျစွာ ကြည့်နေမိသည်။



ချစ်စရာကောင်းမလေးပါပဲ။ သွက်သွက်လက်လက် လျှပ်ရှားပြောဆိုတတ်သည့် ပုံစံဟာ ဟိုကောင်ငတုံး သားရွှေရောင်အတွက် စိတ်ပျက်စရာဖြစ်ကောင်း ဖြစ်နိုင်ပေမယ့် ကမ္ဘာဦးအတွက်ကတော့ ကြည့်နူးစရာ၊ နှစ်သက်စရာပါပဲ။

"ယိမ်းကို, ကိုဦးမှာထားတဲ့အတိုင်း ပြင်ဆင်လာဖို့လည်း မမေ့နဲ့နော် ... ဆံပင် ... ဆံပင်ရောပဲ"

"အင်းပါ ... စိတ်ချပါဆို ... ကိုသားလည်း အချက်ပြဖို့မမေ့နဲ့ဦး"

"စိတ်ချ ... ကိုယ်က ဒါမျိုးဆို သိပ်တိကျတာ ... တခြားကိစ္စသာလွဲချင်လွဲမယ်"

ယိမ်းက ခစ်ခနဲရယ်လိုက်ပြီးတော့မှ ကမ္ဘာဦးကို ... သင်္ကာမကင်းသလို တစ်ချက်ကြည့်ကာ ...

"ခုတစ်လော ထူးခြားနေတာရှိတယ် ... "

"ဘာများလဲ"

"ကိုသားပေါ့ ... ကိုသား အရင်က ယိမ်းကိုဆို မခေါ်ချင် မပြောချင်သလိုနဲ့ ... အခုတော့ ယိမ်းကို ကောင်းကောင်းမွန်မွန်ခေါ်ပြောဆက်ဆံနေတာ"

သနားစရာလေးပါလား။ ကလေးမ,လေးဟာ သူ့

www.burmeseclassic.com

www.burmeseclassic.com



အပေါ် သားရွှေရောင်က မကြည်ဖြူမှာကို သိနေတာတောင် စိတ်ထလေးမနှာရှာ။

"ကိုသား နောင်တရသွားလို့ပါ"

"နောက်ပြီး ကိုသား ခုတစ်လော ပြောင်စပ်စပ်ရှုတ်နောက်နောက်နိုင်လာတယ်နော် ... ယိမ်းကိုဆိုလည်း နောက်လားပြောင်လား ... ဒေါ်ကြီးမိတို့ ဒေါ်မြိုင်တို့ကိုလည်း အမျိုးမျိုးကြံဖန်စ,နေတာပဲ ... ကိုသား ဖင်တုန်အောင်ကြောက်ရတဲ့ ဘကြီးကိုတောင် ပြန်ပြီးနောက်ဖို့ ကြံစည်ရဲနေပြီ"

"ဒါလား ... ဒါကတော့ ... အင်း ... ဟိုတစ်လောက ... ကိုသား အရမ်းစိတ်ညစ်ခဲ့ရတာလေ ... လူဆိုတာ သိပ်စိတ်ညစ်လွန်းရင် ထွက်ပေါက်တစ်ခုရှာတတ်တာ သဘာဝပဲဟာ ဥပမာ တချို့က အရက်သောက်တယ် ... တချို့က အစားတွေနင်းကန်စားတယ် ... တချို့က သီချင်းတွေအော်ဟစ်ဆိုတယ် ... အဲလိုမျိုးလေ ... ကိုယ်ကတော့ ကိုယ့်နဂိုပုံကိုပြောင်းပြီး ပျော်ပျော်ရွှင်ရွှင်နေပစ်လိုက်တာပေါ့"

ဒီအသက်နှစ်ဆယ်အရွယ် ချာတိတ်မလေးကတော့ ကိုယ့်လက်အောက်မှာပဲရှိပါတယ်လေ။ ကိုယ်ဘယ်လိုပဲလိမ့်လိမ့်ရမှာပါ။ ယိမ်းနေရာမှာ မေပန်းချီသာဆိုရင်တော့ ဒီလောက် လိမ်လို့လွယ်ချင်မှလွယ်မည်။



"ဒါနဲ့ အန်တီသင်းက ကိုသားကို သဘောတူတဲ့ မိန်းမရှိတယ်လို့ပြောလိုက်တယ်ဆို"

မိသားစုအတွင်း ပြောဆိုကြသည့် စကားဟာ တစ်ရက်အတွင်းမှာပဲ ယိမ်းရဲ့ နားထဲ ဘယ်လိုရောက်သွားသလဲလို့ အံ့ဩနေစရာအကြောင်းမရှိပါ။ အိမ်က ဒေါ်ကြီးမိဟာ ယိမ်းကို သမီးအရင်းလေးတစ်ယောက်လိုချစ်တာ။ ယိမ်း မွေးကာစတုန်းက သူတို့အိမ်မှာ အလုပ်သမားလိုတာနဲ့ ဒေါ်ကြီးမိက, ကလေးသွားထိန်းပေးခဲ့ရတာ။ မွေးစပေါက်နီတာရဲလေးထဲက ချီပွေ့ထိန်းကျောင်းလာခဲ့ရတော့ ကိုယ်တိုင်မွေးထားသည့် သမီးရင်းလေးလိုကိုထင်တာ။ ယိမ်းကသာသိချင်လျှင် ဒေါ်ကြီးမိက ဘာမဆိုပြောပြမှာပင်။

"အင်း ... ဒါကတော့ သူ့စိတ်ကူးနဲ့သူပါပဲ"

"မမအေးက တော်ပါတယ် ... အထူးသဖြင့် ... စီးပွားရှာကောင်းတာကတော့ လူကြီးတွေ မျက်စိကျစရာပဲပေါ့"

ယိမ်းအသံလေးက ... သနားစရာခပ်ဆွေးဆွေးလေးဖြစ်နေသည်။

"စီးပွားအရှာကောင်းလို့ ကော့ မဟုတ်ပါဘူး ... သားရွှေရောင်လို ထူထွေ,ကို ကောင်းကောင်းထိန်းသိမ်းဦးဆောင်နိုင်မယ်ထင်လို့ ဖြစ်မှာပါ"

www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း ... ကိုသားပြောပုံကြီးကလည်း ... ကိုယ့်အကြောင်း ပြောတာများ တခြားလူတစ်ယောက်အကြောင်း ထင်မြင်ချက်ပေးသလိုမျိုးကြီး"

"ဒါလား ... တစ်ခါတလေတော့ ... ကိုယ့်ကိုယ်ကိုယ် ပြန်မကြည့်ဘဲ တခြားလူတစ်ယောက်အနေနဲ့ ခွာပြီးကြည့်ရတယ်လေ ... ရုပ်ခွဲနာမ်ခွဲအတတ်ပညာပေါ့"

"ဟင် ... ဘကြီးပြောတော့ ရုပ်ခွဲနာမ်ခွဲဆိုတာက စုန်းကဝေအတတ်လိုမျိုး အတတ်ဆန်းတစ်ခုဆို"

"ဒါက ဘကြီးရဲ့ အယူအဆလေ ... ကိုယ့်အယူအဆကတော့ အဲလိုပဲ"

"ကိုသားက ခုတစ်လော တော်တော်ရယ်ရနေတယ် ... ဒါနဲ့ ဒေါ်ကြီးမိတို့ စားဖို့ပြင်ထားတဲ့ ကြက်ဟင်းခါးသီးချက်ဟင်းခွက်ကိုရော ပြန်ပေးလိုက်ပြီလား ... သနားပါတယ် ကိုသားရယ် ... သူတို့က အိမ်သားတွေလို အသားဟင်းများများမစားရဲတာ ... အသီးအရွက်ရယ် ... ငါးပိတို့စရာရယ်ကိုပဲ အားပြုစားကြတာ ... သူတို့ဟင်းတွေ ဖွက်ဖွက်မထားပါနဲ့"

ဖွက်မထားပါဘူး။ အပြောင်စားပစ်လိုက်တာပါ။ အိမ်သားတွေအတွက် ချက်ထားတဲ့ ဝက်သားသုံးထပ်သားပေါင်းအဆီတွေနဲ့ အခေါက်ကထူထူနဲ့ ကြည့်ယုံနဲ့တင် ... အီလှတာ



ဒါကြောင့် ဒေါ်ကြီးမိတို့စားမယ့် ကြက်ဟင်းခါးသီးချက်ကို မှီးစားရတာ။

"ကိုယ်က သူတို့ စားမကောင်းမှာစိုးလို့ မျက်လှည့်ပြလိုက်တာပါ ... ကြက်ဟင်းခါးသီးကနေ ဝက်သားပေါင်းဖြစ်သွားတယ်လေ"

"ခစ် ... ခစ် ... ဒါဖြင့် ဒေါ်ကြီးမိထောသွားတာပေါ့"

"ကဲ ... ကလေးမ, သိပ်အရယ်သန်မနေနဲ့ဦး ... မှာထားတာတွေလည်း မလွဲစေနဲ့နော် ... ဒီည ခုနစ်နာရီ ... ညဦးတို့အိမ်ရှေ့က ကုက္ကိုပင်ကြီးအောက်ကစောင့်"

www.burmeseclassic.com

www.burmeseclassic.com



"ဒီအချိန်ကြီး ဘာလို့ဖုန်းဆက်တာလဲ ... အရေးကြီးလို့ လား"

အင်း။ အသံကတော့ သိပ်မပြေလည်။ ငါကလည်း အသံလေးကြားချင်ဇောနဲ့ ဆက်သာဆက်လိုက်မိတာ။ ခုနစ်နာရီ ဆိုတဲ့အချိန်ကို သတိမထားလိုက်မိဘူး။

မြန်မာပြည်က မိန်းမ(မိန်းမကြီးမငယ်အားလုံး)တွေ ဟာ တစ်နေ့လုံး အလုပ်တွေဘယ်လောက်ကြိုးလုပ်ရလုပ်ရ၊ စကား တွေ ဘယ်လောက်ပဲပြောရပြောရ ကိစ္စမရှိ။ ညခုနစ်နာရီက ရှစ်နာရီ အတွင်းမှာတော့ လုံးဝအနှောင့်ယှက်ကင်းကင်းနဲ့ နေချင်ကြသည်။

အဲဒီအချိန်မှာ ယောက်ျားကို ညစာကျွေးဖို့၊ ကလေး တွေကျူရှင်ဖို့မပြောနဲ့ အိမ်သာတက်ချင်ရင်တောင် အောင့်ထား



တတ်တာတဲ့ ခင်ဗျ။ မိန်းမငယ်လေးတွေကလည်း သူတို့ ရည်းစား ဆီက ဖုန်းလာမှာစိုးလို့တောင် ဖုန်းတွေပိတ်ထားတတ်ကြတယ် ဆိုပဲ။

တခြား ... အကြောင်းဟုတ်ပါရိုးလားဗျာ။ ထယ် ဆောက်တို့ ဒါရိုက်တာရင်တို့ လီဂျုံကီတို့ ဂျူမုံတို့ ရိန်းတို့ အွန်စော တို့ ဟယ်ယွန်မ်တို့ ချန်ဂင်တို့ ဆန်းမီတို့ ကိုးရီးယားအုပ်စုတွေပေ့။ ကိုးရီးယားက တစ်ကားလုံးကလည်း အခန်းတိုင်းမှာ ဆွဲဆောင်မှု ရှိတာဆိုတော့ ကြော်ငြာလာတဲ့အချိန်လေးမှာတောင် တစ်ခုခုထ ထုပ်လိုက်ရင် ဇာတ်လမ်းပြန်လာတဲ့အခါ လွတ်သွားမှာစိုးလို့ မထ ကြ။

မိန်းကလေးတွေ ကိုးရီးယားကားကို သဲသဲလှုပ်မှန်း သိပေမဲ့လည်း ကိုယ်က ဖုန်းဆက်ချင်လွန်းအားကြီးတော့ မအောင့် နိုင်ဘဲ ဆက်မိတာ။ ခုတော့ မကြည်မလင်ပြန်တွေ့သံကိုပဲကြားရပြီ။

"အရေးတော့ ... ဟိုလေ ... သိပ်တော့လည်း အရေးမကြီး ပါဘူး ... ဒါပေမဲ့ ... ဟိုဒင်း ... တွေ့ချင် ... အဲ ... အဲ ... မေမေ့ဆီက ဖုန်းလာတဲ့အကြောင်းပြောချင်လို့ပါ"

"အန်တီက မေ့ဆီလည်း အီးမေးလ်လှမ်းပို့လိုက်ပါတယ် ... အားလုံးအဆင်ပြေတယ်တဲ့ ... ဆေးရုံမှာ နေရာချပြီးလို့ လိုအပ်တဲ့ စမ်းသပ်မှုတွေတောင်စလုပ်နေပြီတဲ့ ... ကိုဦး

www.burmeseclassic.com

www.burmeseclassic.com



တို့ အိမ်ကိုလည်း ဖုန်းဆက်မယ်ဆိုလို့ မေက ပြောပြမနေ တော့ဘူး ... ဒါပဲမဟုတ်လား"

"ဟိုဒင်းလေ ... ဟိုဟာ ... မေ့ကို ... အဲ ... ကျေးဇူးဆင် တဲ့အကြောင်းပြောမလို့ပါ ... "

"ရတယ် ... ရတယ် ... ဒီလူ ဒီလူတွေပြောစရာမလိုဘူး ပြောစရာမရှိတော့ရင် မေ့ဖုန်းချလိုက်တော့မယ်"

"မေက ဘာတွေအရေးကြီးနေတာလဲ ... ဘာလဲ ... ကိုယ့် ယားကားကြည့်နေတာလား"

"ကိုဦး ... ဒါ့နောက်စရာမဟုတ်ဘူးနော်"

မေပန်းချီ့အသံက မာဆတ်ဆတ်၊ ဆောင့်အောင့် အောင့်။ တစ်ခုခုကို စိတ်ဆိုးသွားသလိုမျိုး။

"ဘာကိုစိတ်ဆိုးသွားတာလဲ မေရဲ့"

"ဒီအချိန်ဆို မေ ဘုရားရှိခိုး အမျှအတမ်းဝေလုပ်နေကျ မှန်း ကိုဦးလည်း သိသားပဲဟာ ... အဲလိုကြီးနောက်တော့ ဘယ်ကောင်းမလဲ"

သေလိုက်ဟာ။ ငါနှယ်လွဲပြန်ပြီ။

တော်သေးတာပေါ့။ ကမ္ဘာဦးဆိုတဲ့ ကောင်ဟာ ရှုပ်လူနောက်တစ်ယောက်ဖြစ်နေပေလို့။ သားရွှေရောင်လုပ် ပြောသမျှ လွဲတာတွေဟာ နောက်ပြောင်တာပါလို့ ရောခူလို့



တာပဲ ကံကောင်းသေးတော့သည်။

"ဒါပဲနော် ... အရေးကြီးတာမရှိတော့ရင် နောက်မှပဲဆက် တော့"

သားရွှေရောင် ... ခဏငိုင်သွားသည့် အချိန်လေး အတွင်းမှာပဲ မေ့က လှစ်ခနဲ ဖုန်းချလို့သွားပြီ။

"ဟဲ့ ... နင်ဘာလုပ်နေတာလဲ"

"အောင်မယ်လေးဗျ"

လန့်လိုက်တာ။ ကမ္ဘာဦးရဲ့ ဒေါ်လေးဟာ အဲဒီလို လူနောက်ကို အသံမပေးဘဲ တိတ်တိတ်လေးကပ်လာပြီး ... ရုတ် တရက်ကြီး ကပ်အော်တတ်သည့် အကျင့်ရှိသည်။

"ဒေါ်လေးကလည်းဗျာ ... ရုတ်တရက်ကြီး"

"ဟဲ့ ... နင်ကရော ငါ့ကို ရုတ်တရက်လာလာလန့်တတ်တာ ပဲမဟုတ်လား ... နင့်ဆီက အကျင့်ကို ငါရထားတာ လေ"

ဒေါ်လေးရဲ့ မျက်လုံးတွေက အရောင်စူးစူး။ အဲဒီလို အရောင်ထွက်နေပြီဆိုလျှင် ဒေါ်လေးရဲ့ စိတ်တွေဟာ သိပ်ပြီး ပုံ မှန်မဟုတ်တော့ဘူးလို့ သားရွှေရောင်က အကဲခတ်မိသည်။

သိပ်မကြာသေးခင်ကပဲ ညဘက် ... သူသောက်ဖို့ ဖုစီနဲ့ဖျော်ထားသည့် ကော်ဖီထဲကို ဆားတွေထပ်ခပ်ထည့်နေတုန်း က ... ဒေါ်လေးမျက်လုံးတွေ ဒီလိုပဲအရောင်တောက်နေတာ။

www.burmeseclassic.com

www.burmeseclassic.com



နောက်ပြီး ကမ္ဘာဦးရဲ့ ပုဆိုးတစ်ထည်ကို ကတ်ကြေးနဲ့ ညှပ်ပစ်နေတုန်းကလည်း ဒီလိုပဲ သူ့မျက်လုံးအရောင်တွေက တောက်ပနေခဲ့သေးတာပင်။

မေ့ရဲ့ မုန်းဆချက်အရဆိုလျှင်တော့ ဒေါ်လေးဟာ ကမ္ဘာဦးကို ကြောက်လည်းကြောက်၊ မုန်းလည်းမုန်းနေတာတဲ့။ ကမ္ဘာဦးက နှိပ်စက်မှာကို အစဉ်အမြဲစိုးရိမ်နေရသူပီပီ ကမ္ဘာဦးကို အခွင့်သာတိုင်း လက်စားချေဖို့လည်း စောင့်နေတတ်သည်တဲ့။

"နင်ဘာလုပ်နေတာလဲ"

"ဖုန်းဆက်နေတာလေ"

"သိတယ် ... ဟိုကောင်မ,လေးဆီ မဟုတ်လား"

"သိသားနဲ့ မေးနေရသေးတယ်"

"မေပန်းချီနဲ့ နင်နဲ့မတန်ဘူး"

"မေ,က မိန်းမကောင်းလေးပါ ဒေါ်လေးရယ် ... စိတ်ထားလည်းကောင်းတယ် ... ဣန္ဒြေလည်းရှိတယ် ... ပညာလည်းတတ်ယ် ... မိကောင်းဖခင်သားသမီးလည်းဖြစ်တယ် ဘာများ သဘောမတူတာရှိလို့လဲ"

"ဟဲ့ကောင်လေးရဲ့ ... နင့်ဘက်က နာလို့မတန်ဘူးပြောတာမဟုတ်ဘူးဟဲ့ ... ကောင်မလေးဘက်ကနာတာ ... နင့်လို ဘာမှအလေးအနက်မရှိတဲ့ ပေါ့တီးပေါ့ရှန် ... ပြောင်



ချော်ချော် ... ဂျစ်တိုက်တိုက်ကောင်ကို ယူရမယ့် ကလေးမလေးကို သနားလို့ပြောတာဟဲ့"

ကောင်းကြပါလေရော။ လက်စသတ်တော့ ... ဒေါ်လေးက ကမ္ဘာဦးဘက်ကမပါဘဲ မေပန်းချီဘက်ကသာ နာရှာတာကိုး။ အဒေါ်ကောင်းပီသပါပေ့။

"ဒေါ်လေးက ... ကျွန်တော့်ကို တော်တော်ချစ်တယ်ထင်တယ် ... သူများသားသမီးလောက်တောင် စေတနာမထားဘူး"

ဒေါ်လေးမျက်နှာ ရုတ်ချည်းတင်းမာသွားကာ မျက်လုံးတွေကလည်း စူးတောက်လာလျှက် ခေါင်းကို တွင်တွင်ခါယမ်းပြီး ...

"မထားဘူး ... မထားဘူး ... နင်က အဖေတူသား ... နင့်ကိုငါ မုန်းတယ်"

ဟိုက်။ မြတ်စွာဘုရား။ ဒါက ဒီအိမ်ရဲ့ နောက်ထပ်လျှို့ဝှက်ချက်တစ်ခုပေပဲလား။

အဖေတူသားမို့ စေတနာမထားနိုင်ပါ။ မုန်းပါသည်ဆိုတော့ ကမ္ဘာဦးရဲ့ ဒေါ်လေးဟာ တစ်အိမ်တည်းနေရသည့် သူမရဲ့ ခဲအို၊ ကမ္ဘာဦးရဲ့ အဖေကိုပါ အမြင်ကတ်နေသည့် သဘောပေါ့။

ဘာကြောင့်များလဲ။ ကမ္ဘာဦးရဲ့ အဖေက သူလုပ်စာ

www.burmeseclassic.com

www.burmeseclassic.com



ထိုင်စားနေသည့် ခယ်မဖြစ်သူကို မကြည်ဖြူလို့ ဆူလား ငေါက်လား ရန်ရှာလားလုပ်တာမျိုးလား၊ ဒါမှမဟုတ် လူအလစ်မှာ မရိုးမသား ကြံစည်လို့လား။

နည်းနည်းတော့ သိချင်သေးသည်။ ကမ္ဘာဦးနဲ့ ပြန်တွေ့သည့်အခါကျ သတိပေးသင့်တာ သတိပေးရအောင်ပေါ့။



အမေ့အိမ်က ပြန်ထွက်လာကတည်းက ဦးဓမ္မဒီပ စိတ်ထဲ မသိုးမသန့် တစ်မျိုးကြီး။

မင်းကွန်းတောရချောင်မှာတွေ့ခဲ့သည့် ထူးဆန်းသော ယောဂီလိုလို၊ ဝိဇ္ဇာလိုလို၊ အထက်ဂိုဏ်းဆရာလိုလို ပုဂ္ဂိုလ်ကြီးဆီကရထားသည့် 'ဝိညာဉ်ပြန်လှည့်ဂါထာ'ကို လောလောလတ်လတ်ရွတ်ပြလာခဲ့မိသည့်အတွက် သူ့စိတ်တွေက မတည်ငြိမ်ချင်။

ဒီဂါထာက သေပြီးသားလူကို ပြန်ရှင်အောင်မလုပ်နိုင်ပေမယ့် ချုပ်ငြိမ်းသွားသည့် ခန္ဓာကိုယ်ထဲက စွန့်ခွာတော့မည့် ဝိညာဉ်လေးကို ခဏလေးပြန်ခေါ်လို့ရနိုင်သည်လို့ ပြောတာပဲ။ ထိုအချိန်အတွင်းမှာ ပြောစရာရှိတာပြော၊ မေးစရာရှိတာမေး၊ မှာစရာရှိတာမှာခွင့်ရမည်။ ဥပမာ အတွင်းပစ္စည်းတွေ လျှို့ဝှက်ဖွက်ထားသိမ်း

www.burmeseclassic.com

www.burmeseclassic.com



ပြီး ဘာမှမပြောဘဲ သေသွားသည့် အဖေကို ပစ္စည်းတွေဘယ်မှာ ထားလဲလို့မေးလိုက်နိုင်တာမျိုးပေါ့။

ဟိုဘက်လမ်းထိပ်က အိမ်တစ်အိမ်မှာ ကိုယ်ဝန်ဆောင်အမျိုးသမီးတစ်ယောက် သွေးတက်ပြီး ဆုံးသွားသည့် ... အသုဘကရှိနေသည်။ ထိုအသုဘကိစ္စ ပြန်ပြောဖြစ်ကြရင်း သားရွှေရောင်က အတင်းတောင်းဆိုနေလို့ ဂါထာကို ရွတ်ပြခဲ့ရတာ။

အသုဘအိမ်နဲ့ ကိုယ့်အိမ်က သုံးခြံလောက်ဝေးတယ်ဆိုပေမယ့် ဝိညာဉ်တွေဆို တစ်နေရာတည်းမှာ ရပ်နေတတ်တာမျိုး မဟုတ်ဘူးလေ။ ဟိုလွင့်ဒီလွင့်လွင့်ပါးသွားလာနေတာ။ သူ့ ရွတ်ဖတ်သံကို မကြားဘူးမပြောနိုင်။ တကယ်လို့ ဂါထာက ... အစွမ်းထက်တယ်ဆိုရင် အဲဒီဝိညာဉ်ဟာ ပြန်လည်ရှင်သန်လာပြီ။

ဘုရားတရားအလုပ်တွေ ဘယ်လောက်ပဲလုပ်ထားသည်ပြောပြော ပုထုဇဉ်လူသားပီပီ ဦးဇမ္ဗူဒီပက သရဲတော့ ... ကြောက်လှသည်။ ခစ်ကိုင်းတောင်တို့ မင်းကွန်းတို့ ဝေဘူတောင်တို့တစ်ကျောမှာ တရားထိုင်တုန်းကလည်း ညဘက် သရဲကြောက်လို့ ဘယ်တော့မှ တစ်ယောက်တည်းမနေ။ ကိုရင်လေးတစ်ပါးပဲဖြစ်ဖြစ်၊ ဗိုးသူတော်လေးပဲဖြစ်ဖြစ်၊ ဘဝတူနှစ်ယောက်ပေါင်းလို့ပဲဖြစ်ဖြစ် နေတတ်မြဲ။



တစ်ရပ်ကွက်တည်းသားချင်းမို့ နေ့ခင်းကပဲ အသုဘရှုသွားခဲ့သေးတော့ သေသူရဲ့ရုပ်က မျက်စိထဲကမထွက်။ မီးနေသည်မို့ ထုံးတမ်းစဉ်လာအတိုင်း နနွင်းတွေလိမ်းပေးထားလိုက်တာ တစ်ကိုယ်လုံး ဝါထိန်လို့။ ဝမ်းဗိုက်ကဖောင်းဖောင်း။ မျက်ခွက်တွေက ပိန်ချိုင့်ချိုင့်၊ ဆံပင်တွေက မျက်နှာပေါ်မှာ ဖွာဆန်ကျဲ။ ဝတ်ထားသည့် ဗိုက်ဖုံးအင်္ကျီကလည်း အဝါရောက်တောက်တောက်။

ရင်ထဲ တစ်မျိုးကြီးလေးလံနေသည်။ အမေ့အိမ်နဲ့ သူ့အိမ်ဟာ တစ်လမ်းကျော်ပဲဝေးကွာပေမယ့် လမ်းထဲမှာ ကလေးဘောလုံးကွင်းနဲ့ ရပ်ကွက်ဈေးက ခံနေသေးသည်။ ဈေးဆိုတာက ညဘက်ဆို အစောင့်တစ်ယောက်ကလွဲပြီး မှောင်မည်းတိတ်ဆိတ်နေတတ်တာ။ ဘောလုံးကွင်းဆိုတာလည်း ထိုနည်းလည်းကောင်း။ ကွင်းဟိုဘက်ဒီဘက်မှာ သစ်ပင်တွေ ထူထူထပ်ထပ်ပေါက်နေသည့်နေရာလွတ်တွေကလည်း ခံနေသေးကာ မီးရောင်ကမရှိလေတော့ မှောင်နဲ့မည်းမည်း။

အချိန်က ခုနစ်နာရီလောက်ပဲတော့ ရှိပါသေးသည်။ ဒါပေမဲ့ လမ်းပေါ်မှာ လူရှင်းကာ မှောင်မည်းတိတ်ဆိတ်နေတာကတော့ ညဉ့်နက်သန်းခေါင်ကျော်လို့ ထင်မှတ်ရသည်။

"ရှီး ... ရှီး ... ရှီး ... ရှီး"

အရေးထဲ ငှက်တစ်ကောင်လား၊ မြွေကွန်သံလား

www.burmeseclassic.com

www.burmeseclassic.com



မသဲကွဲသော တရှိုးရှိုးအသံက ကျောထဲစိမ့်ချင်စရာထွက်ပေါ်လာသေးသည်။

ဦးဇမ္ဗူဒီပက ခြေလှမ်းကို တတ်နိုင်သလောက်သွက်အောင်လှမ်းလိုက်ကာ ဘေးဘီကို မကြည့်မိအောင်လည်း အထူးဂရုစိုက်လိုက်သည်။

"ဝုတ် ... အူ ..."

အရေးထဲ ခွေးတွေကလည်း စောစောစီးစီးကို အူသံပေးနေကြပြန်ပြီ။ ခွေးတို့ သဘာဝ တစ်ကောင်ကစ၊ အူလိုက်တာနဲ့ နောက်ကောင်တွေက တစ်ကောင်ပြီးတစ်ကောင် ဆက်ကာအူသံတွေဟာ ချောက်ချားစရာကောင်းလောက်အောင်ပဲ အဆက်မပြတ် ထွက်ပေါ်လာပါလေရော။

"သံ ... သံမှူဒွေ ... အဠုဝိ ... အောင်မယ်လေး ..."

သံမှူဒွေတစ်ကြောင်းတောင် ပြည့်အောင်မရွတ်ရသေး ကိုယ့်ရှေ့က ဗိုခနဲ ဖြတ်သွားသည့် အရာတစ်ခုကြောင့် မကြည့်ဘူးရယ်လို့ ချုပ်တည်းထားသော လမ်းဘေးဘက်သို့ လှမ်းကြည့်မိသွားတော့သည်။

"အောင်မယ်လေးဗျာ"

မျက်နှာကြီး၊ မျက်နှာကြီး။ နနွင်းရောင်တွေ ဝါထိန်လျက် ဆံပင်စုတ်ဖွား၊ ခေါင်းမှာ ခေါင်းရမ်းပန်းနီနီ တစ်ပွင့်ကို ဘ



ထားသော မျက်နှာကြီးတစ်ခုက လမ်းဘေး ချုံကြားထဲမှာ။

သေချာပါပြီ။ ဒါ စောစောက ဂါထာရွတ်လိုက်လို့ မီးနေသည် ဝိညာဉ်က ဝဲရှေ့ရောက်လာတာ။

"ဟီး ... ဟီး ... ဟီး ..."

ပြေးပေတော့။ ဘာညာကွိကွတွေ စဉ်းစားမနေနဲ့။ ဒီလောက် မှောင်ကြီးထဲ လူပြတ်လူရှင်းသည့် ဘောလုံးကွင်းထဲက ပေါ်လာသည့် မျက်နှာဟာ နာနာဘာဝကလွဲလို့ ဘာများဖြစ်ရဦးမှာလဲ။

ဦးဇမ္ဗူဒီပက ... ဖနောင့်နဲ့တင်ပါး တစ်သားတည်းကျအောင်ပြေးပါလေရော ...

"ဟား ... ဟား ... ဟား ..."

"ဟင်း ... ဟင်း ... ဟင်း ..."

ရယ်သံပေါင်းစုံ သူ့ကျောဘက်ဆီက လိုက်ပါလာကြသည်။ ဦးဇမ္ဗူဒီပကတော့ လှည့်လို့တောင် မကြည့်ဘဲ အိမ်ကို ဒုတ်ဒုတ်ထိရောက်အောင် ပြေးချလာလိုက်တော့သည်။ အိမ်ရောက်တာနဲ့ သော့ကိုအမြန်ဖွင့်၊ အိပ်ခန်းထဲတန်းပြေးဝင်၊ တံခါးလော့ခ်ချကာ အဝတ်အစားပင်မလဲအားတော့ဘဲ ထိုးအိပ်ချလိုက်တော့တာ။

မနက်မိုးလင်း ၊၊ တော့ ကိုယ်က ပူချင်သလိုလိုဖြစ်နေသည်။ ညက ကြောက်ကြောက်နဲ့ စောင်ကြီးခြုံပြီး အိပ်လိုက်

www.burmeseclassic.com

www.burmeseclassic.com



တာ ချေးတွေရှဲပြီး ချေးအေးပြန်ပတ်သွားသလားမသိ။

"ဘကြီး ... ဘကြီး"

"အောင်မယ် ... ဖိုးသား ... စောစောစီးစီး ဘာတဲ့လဲဟေ့"

"ဘကြီးဖို့ ဆန်ပြုတ်လာပို့တာ ခင်ဗျ ... ဈေးထဲက ... အလျောင်ဆိုင်က ဘဲသားဆန်ပြုတ် ... ပူပူနွေးနွေးလေး"

အံ့သြစရာပါလား။ နေမကောင်းဖြစ်နေပါသည်ဆိုမှ သားရွှေရောင်က တိုက်တိုက်ဆိုင်ဆိုင် ဘဲသားဆန်ပြုတ်တဲ့။ သူတို့အိမ်မှာ လုပ်စားလို့လာပို့တာလည်းမဟုတ်။ သူကိုယ်တိုင် ဈေးက ဝင်ဝယ်လာတာဆိုပဲ။

"ဆန်ပြုတ်ကို ဘာလို့ဝယ်လာပေးရတာလဲကွာ"

"ဘကြီးဖျားနေတယ် မဟုတ်လား"

"အေး ... ဟေ့ ... မင်းကများ ငါဖျားနေတာကို ဘယ်လိုလုပ်ပြီး သိသွားရတာလဲ ... ငါ့ဟာငါတောင် အခုမှသိရတာ"

သားရွှေရောင်က အိမ်ခြင်ကတ်စရာ အပိုင်တွက်ထားပြီးသားရုပ်မျိုးနဲ့။

"ဟဲ ... ဟဲ ... သိနေတယ်လေ ... ဘကြီး ညက ဝိညာဉ်ပြန်လှည့်ငါထာရှုတ်ပြီး ပြန်သွားလိုက်တာ ... လမ်းမှာ သရဲတွေဘာတွေမတွေ့ခဲ့ဘူးလား ... ကျွန်တော့်စိတ်ထဲမှာတော့



ဘကြီးများ မီးနေသည် သရဲတွေဘာတွေနဲ့ တွေ့ပြီး လန့်ဖျားဖျားနေပြီလားလို့"

"ဟေ့ကောင် ... မင်း ... မင်း ..."

"ဟဲ ... ဟဲ ... ကျွန်တော်တို့ အလောင်းအစားလုပ်ထားတာ ... ကျွန်တော်နိုင်သွားပြီနော် ဘကြီး"

"ဒါ မင်းလက်ချက်ပေါ့လေ"

"သေချာတာပေါ့ ဘကြီးရဲ့ ... ဘကြီးပဲ တစ်သက်မှာ လှလိမ်ခံရတာ မရှိဖူးဘူးဆို ... ခု ဘကြီးရဲ့ သမိုင်းမှာ မော်ကွန်းသစ်ထိုးလို့ရပြီ"

ဦးဓမ္မဒီပက နားရင်းကို လှမ်းရိုက်လိုက်သော်လည်း သားရွှေရောင် (ကမ္ဘာဦး)က လှစ်ခနဲ ပေါ့ပါးစွာ ရှောင်တိမ်းကာ ချိုင့်ကို ဆွဲလျက် မီးဖိုခန်းထဲဝင်သွားတော့သည်။

သားရွှေရောင်ကို လှမ်းကြည့်ရင်း ဦးဓမ္မဒီပ ခေါင်းထဲ အတွေးတစ်ခု ဖျတ်ခနဲရောက်လာသည်။

ဒီကောင်လေးဟာ သားရွှေရောင်နဲ့မတူဘဲ သွက်လွန်းလှချေလား။

သူတူ သားရွှေရော င်ဟာ လူကလည်း အထိုင်အထနှေးနှေး၊ စကားပြောလည်း ခပ်နှေးနှေး၊ စိတ်ကူးစိတ်သန်းကလည်း ခပ်ညံ့ညံ့။ ပြီးတော့ ဘကြီးလုပ်သည့် သူကိုလည်းကြောက်လိုက်ရ

www.burmeseclassic.com



တာမှ အမြီးရှိရင်တောင် အမြဲကုပ်ထားရမည့် ကြောက်ပုံမျိုး။

အခုလက်ရှိ သားရွှေရောင်ပုံစံကျတော့ သူ့ကို နည်းနည်းလေးမှ ကြောက်ပုံမရပါလား။ တန်းတူရည်တူ သဘောထားပြီး နောက်နောက်ပြောင်ပြောင်လားပြောရှုံ့၊ စိန်ခေါ်လားခေါ်ရဲ့။ ဟော ... အခု သရဲဟန်ဆောင်ပြီး ခြောက်ယုံမက သူလုပ်တာဆိုတာကို ပြောင်ပြောင်ကြီးလာဖွင့်ပြောနေပြန်ပြီ။

"ငါမနေ့က တွေ့လိုက်ရတာ မိန်းမမျက်နှာပါကွ ... ဟုတ်တယ် ... ဆံပင်ကလည်း အရှည်ပါကွ ... သေချာပါတယ် မင်းမဟုတ်ပါဘူး"

"ကျွန်တော်တော့ ဘယ်ဟုတ်ဖို့မလဲ ... ယိမ်းလေ ... ယိမ်းကို နနွင်းတွေလိမ်း ... ဆံပင်ဖားလျားချပြီး ခေါင်ရမ်းပန်းပန်ခိုင်းထားတာ ... ကျွန်တော်ကတော့ အချက်ပေးယုံပဲ"

"မင်းကွာ ... မင်းမို့လို့ ကြံကြံဖန်ဖန်"

"မှန်မှန်ပြော ... ဘကြီးကြောက်သွားတယ်မဟုတ်လား ... ကျွန်တော့်ဓာတ်ကွက်ကို အမှန်လို့ပဲထင်သွားတယ်မဟုတ်လား ... အဲဒါ ဘကြီးအလိမ်ခံလိုက်ရတာလေ"

နောက်ဆုံးတော့ ... ဒီညစ်ကျယ်ကျယ်ကောင်ကို ဦးဇမ္ဗူဒီပက လက်လျှော့လိုက်ရတာပင်။

"အေး ... ကောင်းပြီ ... မင်းနဲ့ထားခဲ့တဲ့ ကတိအတိုင်း မင်းဘာလိုချင်လဲ ... ငါဘာလုပ်ပေးရမလဲပြော"



"ကျွန်တော်လိုချင်တာတစ်ခုပဲပေးပါ ... သိပ်ဈေးမကြီးပါဘူး"

"ဈေးကြီးတာဆိုရင်လည်း ပေးနိုင်ပါတယ်ကွာ"

"တကယ်ဈေးမကြီးပါဘူး ... ဒီလိုပါ ... ဘကြီးက သိပ်ပါဖက်ဖြစ်တဲ့ပုံပေါက်တယ် ... ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိတယ် ... လူတွေအပေါ် ဩဇာညောင်းတယ် ... စိတ်ဓာတ်ခိုင်မာတဲ့ပုံရှိတယ် ... နောက်ပြီး ဘာမှန်းမသိတဲ့ ... အလုပ်အကိုင်အတတ်ပညာတွေနဲ့ ... ထူးဆန်းတဲ့သူတစ်ယောက်လည်းဖြစ်တယ် ... ဒီလို ဘကြီးမှာ ဘယ်လိုလျှို့ဝှက်ချက်မျိုးများရှိနေမလဲဆိုတာ ကျွန်တော်သိချင်တယ် ... ဘကြီးပြောပြပါ"

"ဟေ"

မထင်မှတ်သည့် တောင်းဆိုမှုကြောင့် ဦးဇမ္ဗူဒီပ ... မျက်လုံးတွေ ပြူးထွက်သွားရသည်။

"မင်းတောင်းတာက တယ်လည်းထူးဆန်းတဲ့ ကိုးလိုးကန့်လန့်ကြီးပါလားကွဟေ"

"ဟုတ်ကဲ့ ... ကိုလိုကန့်လန့်ပဲ ဘကြီး ... ကျွန်တော်က သူများနဲ့ တွေးပုံချင်းသိပ်မတူတတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်တူမလဲ ... မင်းက အူဇာ့တူကို ... ကိုယ့်ကိုယ်ကိုယ် အူမှန်းသိတာတော့ ဒီတစ်ခါ ပထမဆုံးပဲ"

"ထားတော့ဗျာ ... ကျွန်တော်အူတယ်ပဲထား ... ဘကြီးက တော့ ကတိတည်တဲ့သူပဲ မဟုတ်လား ... "

"ခက်တာပဲကွာ ... ငါတစ်သက်မှာ အရမ်းလျှို့ဝှက်တဲ့ ကိစ္စ ဆိုလို့ တစ်ခုပဲရှိခဲ့တယ် ... အဲဒီတစ်ခုကလည်း လူကြားထဲ ဖွင့်မပြောရလောက်အောင်ကို ဆိုးဝါးတဲ့ကိစ္စ ... တစ်သက် မှာ တစ်ခါမကြုံဘူးတဲ့ အဲဆိုးဝါးဆုံးဖြစ်ရပ်ပဲ ... ငါနောက် တစ်ခါ ဒါမျိုးဘယ်နည်းနဲ့မှ အဖြစ်မခံရဲတော့ဘူး ... ထပ် ဖြစ်စရာလည်း မရှိတော့ပါဘူးလေ ... "

"ဘကြီး ... ပြောဗျာ ... ပြောဗျာ ... ကျွန်တော် အရမ်းသိ ချင်လာပြီ ... "

"အဲဒါတော့ မပြောနိုင်ဘူးကွာ ... တခြားကိစ္စပြောမယ်"

"မရဘူး ... ဘကြီးတစ်သက်မှာ အဲဒါက အကြီးမားဆုံးလျှို့ ဝှက်ချက်ကြီးပဲဆို ... ပြောမဲ့ပြောမှတော့ အရေးအကြီးဆုံး ကိုပြောမှပေါ့ဗျာ ... ကတိမဖျက်နဲ့နော်"

ခက်ပြီ။ ဒီငအူ ငထူကောင်လေးဟာ အခုကျမှ ဘာ ဇွေလူလည်ကျတတ်နေမှန်းမသိ။ နေပါဦး။ အကြံရပြီ။ လူလည်ကျ ချင်နေတဲ့ကောင်ကို သူ့နည်းနဲ့ပဲ ပြန်ပြီးလူလည်ကျပြလိုက်ဦးမှပဲ



"အေး ... ငါကတိပေးခဲ့တာမှန်တယ် ... ဒါပေမဲ့ မင်းနဲ့ငါ ကတိပေးထားတုန်းက ... အလောင်းအစားလုပ်ဖို့ အချိန် အကန့်ထားတာပဲရှိတယ် ... လောင်းကြေးကို ဘယ်အချိန် ပေးရမယ်ဆိုတာ အချိန်သတ်မှတ်မထားပါဘူး"

"အဲဒီတော့ ... "

"အဲဒီတော့ မင်းကို ကတိပေးထားမယ်ကွာ ... ငါ့လျှို့ဝှက် ချက်ကို တစ်နေ့မှာပြောပြမယ် ... အဲဒီတစ်နေ့က ဒီနေ့ တော့မဟုတ်ဘူး"

"ဒါဖြင့် ဘယ်တော့လဲ"

"ငါမသေခင် တစ်နေ့နေ့"

www.burmeseclassic.com

www.burmeseclassic.com



"အာ ... ဒေါ်လေးကတော့ လုပ်ချလိုက်ပြန်ပြီဗျာ"

အိပ်ရာခင်းကိုကြည့်လိုက်လို့ ပုရွက်ဆိတ်အနီရောင်တွေအပြည့် တက်နေတာကို မြင်ရလျှင် ဒါဟာ ဒေါ်လေး လက်ချက်ပဲဆိုတာ မှန်းလို့ရပြီ။

ဒေါ်လေးဟာ သူ့ကို တစ်မျိုးမဟုတ်တစ်မျိုး နှိပ်စက်ကလူပြုနေကျ။ အခုလည်း အိပ်ရာခင်းပေါ်ကို သကြားမှုန့်တို့ ဘီစကစ်မှုန့်တို့လိုမျိုး အချိုအရသာရှိတာတွေ လာဖြူးထားလို့ ပုရွက်ဆိတ်တွေ လာတတ်နေတာပေါ့။

အရင်ကတော့ ဒေါ်လေးဟာ ကမ္ဘာဦးရဲ့ နှိပ်စက်မှုတွေအောက်မှာ ခေါင်းမဖော်နိုင်တာနဲ့ဘဲ ငြိမ်နေခဲ့ရတာ။ အခုတော့ သားရွှေရောင်လို သူ့ကို ဘာမှပြန်မလုပ်နိုင်သူနဲ့တွေ့သည့်အခါ သူ့ကို



ပဲ လက်ဦးမှုရယူကာ တစ်မျိုးပြီးတစ်မျိုး ပညာပြတော့တာပဲဖြစ်မည်။

ဟိုကောင် ကမ္ဘာဦးတော့ အိမ်မှာ ဘယ်လိုနေတယ်မသိ။ သားရွှေရောင်ကတော့ သူ့အိမ်မှာ အတော့်ကို ပုံစံပေးခံရပါသည်။

အိမ်ပေါ် ပုစိန်ကအစ သူ့ဆို အနိုင်ကျင့်ချင်သည်။ အမေနဲ့ ညီမလေးကမရှိဘူးဆိုတော့ ထားတော့။ အဖေက ... ရောက်စ,က မပြောရာကနေ ခုကျတော့ သပေါက်သဟန်နဲ့ ပုံစံပေးချင်နေပြီ။ ဒေါ်လေးကျတော့ ပြောမနေနဲ့တော့။ ကမ္ဘာဦးတစ်ယောက် သူ့အပြစ်နဲ့သူ ငြိမ်ချက်သားကောင်းသွားပြီထင်ပြီး သူ့ဘက်ကကြွလာတာ။ အလစ်အငိုက်ချောင်းကာ လုပ်ကြံခံရတာတွေဟာ အကြိမ်ပေါင်းမနည်းတော့ပြီ။

"ဒေါ်လေး ... ဒေါ်လေး"

"ဟေ ... ဘာတုံး"

"ကျွန်တော့်အိပ်ရာကို ပုရွက်ဆိတ်တွေတက်အောင် ဘာလို့လုပ်ရတာလဲ"

"မလုပ်ပါဘူး"

မျက်နှာကတော့ မှင်သေသေ ... ။ ဒီရုပ် ဒီအမူးကို ကမ္ဘာဦးသာတွေ့လို့ကတော့ ဘယ်လိုနေမယ်မသိ။ သားရွှေရောင်

www.burmeseclassic.com

www.burmeseclassic.com



တော့ စိတ်ပျက်လက်ပျက်နဲ့ ရယ်ပဲ့ရယ်ချင်နေသည်။

"လုပ်ပါတယ် ... အစုကြည့်ဦး ... တစ်အိပ်ရာလုံး ပုရွက်ဆိတ်အနီကောင်တွေချည်းပြည့်နေပြီ ... ကျွန်တော် ဒီည ဘယ်လိုလုပ်အိပ်ရမလဲ"

"မျက်လုံးနှစ်လုံးပိတ်ပြီး အိပ်ပေါ့"

"အိပ်ပါတယ်ဆိုမှ မျက်လုံးကတော့ ပိတ်မှာပေါ့ ... ဒါပေမဲ့ ဒီကောင်တွေနဲ့ဆို မျက်လုံးပိတ်ဖို့မပြောနဲ့ ကျောလေးတစ်ချက်တောင်ချနိုင်မှာမဟုတ်ဘူး"

"ဒါဆိုလည်း ကြမ်းပြင်ပေါ်ဆင်းအိပ်ပေါ့"

"ကြမ်းပြင်ပေါ်မှာလည်း လမ်းကြောင်းက ရှိမှာပဲ ... ဆိုးလိုက်တာဗျာ ... ဒေါ်လေး ဘယ်အပြုံးနဲ့ ကျွန်တော့်ကို ဒီလောက်အထိ နှိပ်စက်နေရတာလဲ"

ဒေါ်လေးက ကောက်ကောက်ကျစ်ကျစ်ပြုံးလိုက်သည်။ အဲ ဒီအပြုံးက ကမ္ဘာဦးနဲ့ တော်တော်လေးတူသလိုပဲ။

"အရင်က နင် နှိပ်စက်ခဲ့တာတွေ ပြန်သတိရဦးလေ ... တစ်အိမ်လုံးမှာ ငါ့ကိုဆို နင် အစဆုံး ... အခုမှ လူရိုးကလေးလာဖမ်းမနေနဲ့ ... နင်နှိပ်စက်လို့လည်း တစ်အိမ်လုံး ဖွင့်ဖွတ်ကြေနေပြီ ... ငယ်လေးဆို ဘယ်လောက်တောင်အောင်ခိုက်သွားရသလဲ"



"အဲဒါ ကျွန်တော်လုပ်တာမှမဟုတ်တာ ... ကမ္ဘာဦးလုပ်တာပဲ"

"ကမ္ဘာဦးဆိုတာ နင်ပဲမဟုတ်ဘူးလားဟဲ့"

သြော်။ မှားပြန်ပြီ။ ဟုတ်သားပဲ။ လောလောဆယ်တော့ သားရွှေရောင်ဟာ ကမ္ဘာဦးဖြစ်နေတယ်ဆိုတာ သူ သတိထားမည်။ အဲဒီအချက်ကို သူက ခဏခဏ မေ့တတ်သည်။

"ကျွန်တော်ဆိုလိုတာက ကျွန်တော်က စိတ်ကိုပြောင်းထားလိုက်ပြီ ... ဒါကြောင့် အရင်က ကမ္ဘာဦးမဟုတ်တော့ဘူး ... အရင် ကမ္ဘာဦးနဲ့ ကျွန်တော်က သတ်သတ်စီဖြစ်သွားပြီ"

"လူတစ်ကိုယ်တည်းကများ ဟိုခွဲဒီခွဲလို့ရမှာကျနေတာပဲ ... နင် တကယ် ကမ္ဘာဦးရော ဟုတ်သေးရဲ့လားဟယ်"

တစ်မျိုးကြီးပါလား။ ဒီအိမ်မှာ သံသယဝင်တာမျိုး တစ်ခါမှ မခံရဘူး။ သူ ဘယ်လောက်ပဲလွဲလွဲ ရုပ်ကြီးက ကမ္ဘာဦးရုပ်ကြီးပဲဆိုတော့ ဘယ်သူကမှ သင်္ကာမကင်းမဖြစ်။ ဒေါ်လေးကရော သူတို့လူတူနှစ်ယောက်ရှိတာရယ်၊ အဲဒီလူတူနှစ်ယောက်က လူချင်းလဲထားတာရယ်ကို သိများသိနေလို့လား။

မဖြစ်နိုင်ပါဘူး။ ဒေါ်လေးက ခပ်ကြောင်ကြောင်ဆိုတော့ စကားလည်း ပေါက်တတ်ကရပြောတာနေမှာပါ။

"ဒေါ်လေးနော် ... လျှောက်မပြောနဲ့ ... ကျွန်တော်အိပ်

www.burmeseclassic.com

www.burmeseclassic.com



ချင်နေပြီကို အိပ်စရာလည်းမရှိဘူး … အဖေ့စာကြည့်ခန်းထဲ ပဲသွားအိပ်ရမှာပဲ”

သားရွှေရောင်က အခန်းထဲက ထွက်လာခဲ့လိုက်သည်။ အဖေ့စာကြည့်ခန်းထဲက ဆိုဖာရှည်မှာပဲ အိပ်ရတော့မှာပဲ။ အဖြစ်ကဆိုးပုံများ စောင်တွေ ခေါင်းအုံးတွေတောင် ယူလို့မရ။ ပုရွက်ဆိတ်တွေက တက်နေသေးတာ။ ဆိုဖာမှာထားတဲ့ ကျောမှီခေါင်းအုံးလေးပဲ အုံးအိပ်ရမှာပဲ။

စာကြည့်ခန်းတံခါးကို သွားဖွင့်လိုက်တော့ ကံဆိုးစွာပဲ ဖေဖေက အထဲမှာရှိနေသေးသည်။

“ဟာ … ဆောရီး ဖေဖေ … ကျွန်တော်က ဖေဖေမရှိတော့ဘူးထင်လို့”

“ဝင်လို့ရပါတယ် … မင်းကိုငါရှိတုန်း မလာရဘူးလို့ ဘယ်သူကမှမတားဘူး”

“ကျွန်တော်က ဝင်အိပ်ရမှာ ဖေဖေရ”

“ဝင်အိပ်ရအောင် မင်းအိပ်ရာက မိုးပေါ်ပျံတက်သွားလို့လား”

“မိုးပေါ်ပျံသွားရင်တောင် အခန်းထဲတော့ အိပ်လို့ရဦးမယ် အခုက ဒေါ်လေးပျာ … ကျွန်တော့်တစ်ခန်းလုံး ပုရွက်ဆိတ်တွေတက်အောင်လုပ်ထားတာ”



“ဒီမိန်းမဟာလေ … အကြောင်းကြောင်းနဲ့ … မင်းတို့ကတော့ လိုက်လည်းလိုက်ပါ့ကွာ”

အဲလို။ ကမ္ဘာဦး အဖေဆီက သူ့ခယ်မ အကြောင်း ဝေဖန်သံတစ်ချက် ထွက်ပေါ်လာတာပါလား။

ဒေါ်လေးကတော့ ဖေဖေ့ကိုမုန်းသတဲ့။ ဖေဖေ့ဘက်ကရော ဘယ်လိုသဘောထားရှိမလဲ။ ကြုံတုန်း တီးခေါက်ကြည့်ဦးမှ။

“ဒေါ်လေးက ကျွန်တော့်ကို ခုတစ်လော အမျိုးစုံနှိပ်စက်နေတယ် ဖေဖေ … ဖေဖေလည်း သတိထား … ဒေါ်လေး လက်ချက်မိနေဦးမယ်”

“မင်းကများ သူများနှိပ်စက်တာကို ငါ့ကိုလာပြောနေရသေးတယ် … တစ်အိမ်လုံးပဲလျှောက်ဒုက္ခပေးနေတဲ့ဟာ … ငါ့တောင် မင်းကြောက်တာမှမဟုတ်ဘဲ … ”

“အဟဲ … ”

“မင်းအဒေါ်က ငါ့တော့ လာလုပ်ရဲမလားကွ … ”

“ဒေါ်လေးက ဖေဖေ့ကို တော်တော်ကြောက်ရတဲ့ပုံပဲနော်”

“ဟေ့ … ငဦး … ဒီစကားကှ မင်းအမေကြားအောင်သွားပြောမနေနဲ့နော် … သူ့ညီမကို ငါက ပြုစုတယ် … အမြင်မြင်တယ်ဖြစ်နေဦးမယ် … သူ့ဘာသာ ဘာပဲဖြစ်ဖြစ် ငါက ဂရုလည်းမစိုက်ဘူး … စိတ်လည်းမဝင်စားဘူး … သူ့အဖြစ်

www.burmeseclassic.com

www.burmeseclassic.com



မှန်သမျှလည်း ခေါင်းထဲထည့်တွေးခဲ့တာမဟုတ်ဘူး … မင်း အေး … တော်ပြီကွာ … ငါ့စကားတွေ သိပ်များသွားပြီထင်တယ်”

တစ်မျိုးတော့ တစ်မျိုးကြီးပဲ။ သူတို့ မိသားစုထဲမှာ လျှို့ဝှက်ချက်ကြီးတစ်ခုခုတော့ ရှိနေတာသေချာပြီ။ ကမ္ဘာဦးလို လူလည်အာရှသားက ဒီလျှို့ဝှက်ချက်ကြီးကို မသင်္ကာဖြစ်ရကောင်းမှန်း မသိဘူးလား။

ဒေါ်လေးမှာ အပြစ် တစ်ခုခုတော့ ရှိနေလိမ့်မည်။ ကမ္ဘာဦးရဲ့ ဖေဖေဟာ ဒေါ်လေးကို ခပ်ကြောင်ကြောင်အမျိုးသမီးတစ်ယောက်အဖြစ်နဲ့ စိတ်ပျက်တာမျိုးမဟုတ်ဘဲ ချို့ယွင်းချက်ရှိသော၊ အပြစ်လုပ်ဖူးသော သူတစ်ယောက်အနေနဲ့ အထင်သေးနေတာမျိုးပဲဖြစ်မည်။

ဆက်တွေးကြည့်လိုက်စမ်းပါ။ ဒေါ်လေး ငယ်ငယ်ဘဝက သူ့အစ်မနဲ့ အိမ်ထောင်ကျကာစမှာ အစ်မအိမ်ကို လိုက်လာ၊ ချောချောခန့်ခန့်ခဲအိုကို သဘောကျ (ကမ္ဘာဦးရဲ့ အဖေဟာ အသက်ငါးဆယ်ကျော်အရွယ်မှာတောင် ဒီလောက်ကြည့်ကောင်းသေးတာ။ လူငယ်ဘဝကဆို တော်တော်ဆွဲဆောင်မှုရှိသည့် ယောက်ျားပဲဖြစ်မှာ သေချာသည်။) သူ့မကို စိတ်ဝင်စားလာအောင် နည်းအမျိုးမျိုးနဲ့ကြိုးစား၊ သစ္စာကြီးမားပြီး သိက္ခာကိုစောင့်ထိန်းတတ်သည့် ကမ္ဘာ



ဦး အဖေက အထင်သေး၊ ကြိုးစားမှုမအောင်မြင်သည့် ဒေါ်လေးကတော့ တစ်သက်စာစိတ်နာ။

တွေးလိုက တစ်ချက်မှ ထောက်ကွက်မရှိ။ ဟယ် ဟုတ်တဲ့ငါပါလား။ မိသားစုတစ်စုက အရေးကြီးမိသားစုဝင်နှစ်ယောက်သုံးယောက်လောက်တောင် … မသိချင်မသိဘဲနေနိုင်သည့် လျှို့ဝှက်ချက်ကြီးတစ်ခုကို ဖော်ထုတ်နိုင်တာ နည်းတဲ့အရည်အချင်းမှ မဟုတ်ဘဲ။

ကမ္ဘာဦးသာ ဒီသတင်းကြားလျှင် စိတ်မကောင်းဖြစ်ကောင်းဖြစ်မည်။ ဒါပေမဲ့ သိထားတာကိုတော့ ပြန်ပြောပြသင့်သည်လို့ သားရွှေရောင်က တွေးနေမိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ... မင်းသိလား"

"ဘာဲ ... ကမ္ဘာ့ရွှေဈေးနှုန်းကျဆင်းနေတာကိုလား ... ဂျာနယ်ထဲဖတ်ရလို့သိပြီးပြီကွ ... နိုင်ငံတကာသတင်းထဲမှာလည်းပါတယ်လေ"

"အဲဒါမဟုတ်ပါဘူး"

"ဒါဖြင့် စီရော်နယ်ဒို ရီးရဲယ်လ်ပက်ဒရစ်ကိုပြောင်းသွားတဲ့သတင်းလား ... ဒါလည်းသိပြီးပြီ"

"မဟုတ်သေးပါဘူးကွာ"

"ဒါဆို လယ်သမားကြီး ဦးဖိုးလူခြံမှာ မွေးထားတဲ့ နွားတစ်ကောင်ကနေ ခေါင်းနှစ်လုံးနဲ့ နွားလေးမွေးတယ်ဆိုတဲ့ ... သတင်းလား"



"ကျွတ် ... ကမ္ဘာဦးရာ ... မင်းကလည်း စကားအစရတာနဲ့ တရစပ် ပြောနေလိုက်တာ ... မင်းသိလားဆိုတာ ဝေးဝေးလံလံ မဟုတ်ဘူးကွ ... မင်းအိမ် ... မင်းမိသားစုထဲက လျှို့ဝှက်ချက်တစ်ခုကို မင်းသိလားလို့မေးနေတာ ... "

"ခုတစ်လော လျှို့ဝှက်ချက်တွေတယ်များနေပါလား ... ဘာလဲ ... ငါတို့ အိမ်နောက်ဖေးက မန်ကျည်းပင်ငုတ်တိုကြီးအောက်မှာ ရွှေအိုးမြှုပ်ထားတယ်တဲ့လား ... "

"မင်းအဘာ ... စိတ်ထင်တိုင်းလျှောက်ပြောမနေနဲ့ကွ ... ငါပြောမှာက မင်းမိသားစုဝင်တွေအကြောင်း ... "

"ငါ့မိသားစုဝင်တွေအကြောင်း မင်း သိတာထက် တစ်သက်လုံး အတူနေလာတဲ့ ငါက ပိုသိတာပေါ့ကွ ... "

တော်တော်လေးအပြောရခက်တဲ့ကောင်။ အားနာပါးနာနဲ့ သွယ်ဝိုက်ပြီးပြောမလို့ဟာ သူလုပ်တာနဲ့ အမြင်ကတ်လာပြီ။ တဲ့တိုးပြောပစ်လိုက်တော့မယ်ကွာ ... ကဲ ... ။

"ဒါဆို မင်းအဖေနဲ့ မင်းအမေကြားထဲမှာ ဘယ်လိုပတ်သက်မှုမျိုးရှိသလဲ ... ပြော"

ကမ္ဘာဦးဘက်က ရုတ်တရက် ငြိမ်ကျသွားသည်။ စိတ်လှုပ်ရှားသွားသည့်ပုံစံနှင့် အသ ... ရှုသံခပ်ပြင်းပြင်းကိုသာ ကြား နေရသည်။ အားရစရာကောင်းလိုက်တာကွာ။

www.burmeseclassic.com

www.burmeseclassic.com



"ငါ့စိတ်ထင်တော့ ဒေါ်လေးက ဖေဖေ့ဆိုကြောက်ရတဲ့ပုံပဲ အင်းလေ ... ဖေဖေ့ကို ငါရော မိငယ်ရော ကြောက်ရတာပဲဟာ ... မေမေတောင် တစ်ခါတလေတော့ ကြောက်ပါသေးတယ်"

"မင်းဒေါ်လေးက မင်းအဖေကို မုန်းတာရော မင်းသိရဲ့လား"

"ဖေဖေ့ကို ဒေါ်လေးက မမုန်းပါဘူးကွ ... သူ့မှာ အစ်ကိုမရှိတော့ အစ်ကိုတစ်ယောက်လိုချစ်တာပါ ... ဖေဖေနဲ့မေမေနဲ့ အိမ်ထောင်မကျခင်ကတည်းက ဒေါ်လေးက ရင်းနှီးလာပြီး မောင်နှမလိုနေလာကြတာတဲ့"

"အဲဒါပေါ့ ... မင်းဒေါ်လေးက မင်းအဖေကို အဲဒါကြောင့် မုန်းတာပဲ ... အစ်မရဲ့ ယောက်ျားဖြစ်ပြီးမှ သိရတာဆိုရင် ဒီလိုစိတ်မျိုးပေါ်ချင်မှပေါ်မယ် ... အခုတော့ နဂိုကတည်းက သိလာကြပြီးမှ မင်းအဖေက မင်းအမေ့ကို အိမ်ထောင်ဘက်အဖြစ်ရွေးလိုက်တဲ့ အခါကျတော့ မင်းဒေါ်လေးရဲ့ ရင်ထဲက ခံစားချက်တွေဟာ အမုန်းဘက်ကိုပြောင်းသွားတော့တာပေါ့"

"မင်းဆိုလိုချင်တာ ဒေါ်လေးက ဖေဖေ လူပျိုဘဝတုန်းက ဖေဖေ့ကို နောက်ပိုးခဲ့သေးတယ်ပေါ့"



"ဒီလိုပဲဖြစ်နိုင်တယ်လေ ... မင်းဒေါ်လေးက ငါ့ကို နင်က ဖအေတူသားပဲ ... သိပ်မုန်းစရာကောင်းတယ်တဲ့ကွ ... မင်းအဖေကျတော့လည်း ... မင်းဒေါ်လေးကို အူကြောင်ကြောင်မိန်းမတဲ့ ... သူ့အပြစ်တွေကို ခေါင်းထဲတောင်ထည့်မစဉ်းစားဘူးတဲ့ ... မင်းအဖေက ဒေါ်လေးကို အထင်အမြင်သေးတဲ့ပုံပဲ"

"တွေ့ကရာတွေ စိတ်ကူးယဉ်မနေစမ်းပါနဲ့ကွာ ... ဖေဖေနဲ့ ဒေါ်လေးက တစ်ယောက်နဲ့တစ်ယောက် ရင်းရင်းနှီးနှီးမရှိပေမယ့် မုန်းနေတာတို့ အပြစ်မြင်အထင်သေးနေတာတို့တော့ မရှိပါဘူးကွ ... မောင်နှမတွေလိုနေတာပါ"

"မင်းက ကိုယ့်ကိုယ်ကိုယ် လူလည်ကြီး ... သူများအပေါ် ဘယ်လိုမျိုးနဲ့ဆို လိမ်ညာလှည့်စားနောက်ပြောင်လို့ရနေတဲ့ သူဆိုပြီး ကိုယ့်ကိုယ်ကိုယ် အထင်ကြီးနေတာနဲ့တင် အခြေခံကျတဲ့ အသေးအဖွဲအချက်လေးတွေကို မင်းမျက်စိလျှမ်းသွားတာပဲ ကိုယ့်လူ ... ငါကတော့ ငနုံအဆိုတော့ ငါမြင်တဲ့ မြင်ကွင်း ကျဉ်းကျဉ်းလေးကနေပဲ အားလုံးကို အခြေခံကျကျတွေ့ရတာပေါ့"

"ဟုတ်ရဲ့လားကွာ"

"ဟုတ်ပါတယ်ဆို ... ဒေါ်လေးဟာ မင်းအဖေကို သူ့ဘက်ပါ

www.burmeseclassic.com

www.burmeseclassic.com



အောင်ဆွဲဆောင်ဖူးရမယ်ကွ ... မအောင်မြင်လို့ စိတ်တိုနေ
တာဖြစ်ရမယ်"

"အေး ... မင်းစိတ်ထဲရှိသလောက်တော့ ပြောထားဦးပေါ့
ကွာ ... မင်းဟာက ခန့်မှန်းခြေပဲရှိသေးတာပါကွ ... မင်း
ဘကြီးကမှ လူသိမခံဝံ့တဲ့ တကယ့်လျှို့ဝှက်ချက်ကြီးရှိနေ
တာ ... ငါ့အထင်တော့ မင်းဘကြီးဟာ လူသတ်မှုများ ကျူး
လွန်ဖူးသလားပဲ"

"မဖြစ်နိုင်တာကွာ ... ငါ့ဘကြီး စိတ်ကြီးတယ်ဆိုပေမယ့်
တရားထိုင် ... ကောင်းမှုကုသိုလ်လုပ်ပြီး သူ့အလုပ်ထဲပဲ
သူ့စိတ်ဝင်စားတာပါ ... သူတော်ကောင်းကြီးပါကွာ"

"သူတော်ကောင်းလည်း ဒေါသအလျောက်အမှားဆိုတာ
ကျူးလွန်နိုင်တာပဲကွ ... သူကြည့်ရတာ ဒီလျှို့ဝှက်ချက်ကို
ဘယ်သူ့မှ မပြောခဲ့ချင်ပုံပဲ ... ဖြစ်နိုင်ရင် သူသေတဲ့အထိ
ကြိတ်မြိုသွားချင်တယ်နဲ့တူတယ်"

သားရွှေရောင်ကတော့ ... သိပ်အလေးအနက်
မထားပါ။ သူ့အဒေါ်နဲ့ အဖေအကြောင်းပြောလို့ ကမ္ဘာဦးက အား
ကျမခံ သူ့ဘကြီးအကြောင်း မကောင်းပြောတာပဲလို့ထင်သည်။

ဘကြီးကများလူသတ်သတဲ့။ ရယ်စရာ။ ဘကြီးဟာ
လူပုံက ထောင်ထောင်မောင်းမောင်း ခန့်ခန့်ညားညားကြီးနဲ့ စိတ်



ကလည်းကြီး၊ လေသံကလည်းမာတာမို့ ကြမ်းတမ်းသလိုထင်ရနေ
တာ။ လူကဖြင့် ... ပုရွက်ဆိတ်လေးတစ်ကောင်တောင် မသတ်ရဲ
လောက်အောင် စိတ်ပျော့စိတ်နုတာ။ လူတစ်ယောက်လုံးကြီးကို
သတ်ဖို့ကတော့ မဖြစ်ဇရေးချမဖြစ်နိုင်။

"ဒါနဲ့ အိမ်မှာရော အခြေအနေကောင်းရဲ့လား"

"မင်း အဘွားကတော့ မကြာခဏ ဖျားတယ်ကွ ... ပြီး
တော့ ခါးရိုးက အောင့်တာလည်းပိုဆိုးတယ်ပြောတယ် ...
သူ့ဆိုင်လည်း ပြန်မဖွင့်ရသေးဘူးကွ ... တစ်ပတ်လောက်
သွားဖွင့်ပြီး လူမလာလို့တဲ့ ပြန်ပိတ်ထားရတယ် ... အဲဒါ
မင်းကြောင့် ဆိုင်နာမည်ပျက်ပြီး ဖောက်သည်ပျက်တုန်တာ
ဆိုပြီး ငါပဲ အဆူခံရတာပေါ့ကွာ"

"ဆင်းသွားတွေဘာတွေ မပါလာဘူးလား"

"ပါတာပေါ့ ... အိမ်မှာတင်ကျွေးထားရတာ အလကားပဲ ...
ခွေးတစ်ကောင်မွေးရတာလောက်တောင် ကောင်းကျိုး
မပေးဘူး ... ဘာညာစုံတောပေါ့ကွာ ... မင်းကတော့ အိမ်
ကထွက်သွားတဲ့ကောင်ဆိုတော့ အဆူမခံရတော့ဘူးပေါ့ ...
ငါ့မှာသာ လိုမ့်ခံနေရတာ"

"မင်းကတော့ အိမ်က ကောင်းရောင်းကောင်းဝယ်ထွက်
သွားတဲ့သူလား ... ပြဿနာတွေ တစ်လှေကြီးလုပ်ပြီးမှ

www.burmeseclassic.com

www.burmeseclassic.com



ထွက်သွားတာများ … မင်းကိုရော အိမ်မှာ ဘယ်သူက ကြည်ဖြူပြီး ကျွန်ခဲ့တာရှိလို့လဲ … မင်းအဖေကဆို ငါ့ကို စကားစပြောတာတောင် သိပ်မကြာသေးဘူး … ဒါတောင် ငါမနည်းလိုက်စည်းရုံးထားရတာ"

"ဩော် … မေးရဦးမယ် … ညီမလေးရော ဘယ်လိုလဲ … အဆင်ပြေရဲ့လား"

"ကောင်းတယ်တဲ့ … နောက်အပတ်ထဲမှာ ခွဲစိတ်မှုလုပ်မယ် အခြေအနေကောင်းပါတယ်တဲ့ … ပြီးရင် တစ်လလောက် နေဦးမယ်တဲ့ … စိတ်ချရမှ ပြန်လာမယ်တဲ့ … မေက … အဲ … မေပန်းချီက သူ့ သူငယ်ချင်းကို အားလုံးစီစဉ်ပေးခိုင်းထားတာလေ"

"ဟဲ … ဟဲ … မေတွေ ဘာတွေဖြစ်လို့ပါလား"

"မင်းခေါ်သလိုလိုက်ခေါ်ရတာပဲလေ"

"လုပ်မနေနဲ့ … ငါက သူ့ကို မေပန်းချီလို့ပဲခေါ်တာ … မင်းကို ပြောဖူးပြီးသား"

"ဟုတ်ရဲ့လားကွ … ငါက မသိဘူးလေ … သူ့ကိုယ်သူ မေ့မေနဲ့ ပြောတတ်တော့ မင်းလည်းဘဲ မေလို့များ ခေါ်သလားလို့ ငါက လိုက်ခေါ်ရတာပေါ့"

"လူချင်းရော တော်တော်အဆင်ပြေနေပြီလား"



"မနောက်ပါနဲ့ကွာ … သူများဇနီးလောင်းကိုငါက မပြစ်မှားရဲပါဘူး"

"ငါက သဘောတူထားတာပါကွ"

"မင်းသဘောတူတိုင်းလည်း မဖြစ်ပါဘူး … မင်းမိဘ သူ့မိဘ အသိုင်းအဝိုင်းဆွေမျိုး … နောက်ဆုံး သူကိုယ်တိုင်ကပါ ငါ့ကို မင်းမှတ်နေတာလေ … ဖွင့်ပြောလို့လည်းမရသေးဘူး … ဒီအခြေအနေမှာ သူ့ကို ငါက ကြိုးစားရင် မတရား လုပ်ရာရောက်တာပေါ့ကွာ"

"ဒါတော့ မသိတော့ဘူးကွာ … မင်းသဘောနဲ့ မင်းဝဲ … ငါ့ဘက်ကတော့ ကန့်ကွက်စရာမရှိဘူး … အဲ … တစ်ခု တော့ရှိတယ် … ငါ့ဘက်က … ငါ့ဇနီးလောင်းကိုပေးရတဲ့ အတွက် အပြန်အလှန်အနေနဲ့ မင်းဇနီးလောင်းကိုတော့ ငါက ပြန်မယူနိုင်ဘူး"

"ယိမ်းကိုပြောတာလား"

"မင်းဇနီးလောင်းက ယိမ်းမှမဟုတ်တာ"

"ငါ့မှာ ဇနီးလောင်းလည်းမရှိပါဘူးကွာ"

"အရင်ကမရှိ အခုရှိတယ် ကိုယ့်လူ … မင်းအမေက မင်းကို မိန်းမပေးစားဖို့စီစဉ်နေတာ … "

"ဘယ်သူ … ဘယ်သူလဲ"

www.burmeseclassic.com

www.burmeseclassic.com



သားရွှေရောင် အလန့်တကြားဖြစ်သွားတာကို ... ကမ္ဘာဦးက အရသာခံကာ တဟားဟားရယ်နေလိုက်သေးသည်။ အားရအောင် ကလိပြီးတော့မှ ...

"အေးအေးစိုးတဲ့"

"ဟာ ... ဒေသပါကွာ ... အဲဒီမိန်းမ ... မင်းတွေ့ဖူးပြီ လား ..."

"မတွေ့ဖူးသေးဘူး ... လာမယ့် တနင်္ဂနွေနေ့ကျမှ အိမ် ထမင်းစားဖိတ်ပြီး တွေ့ပေးမယ်ပြောတာပါပဲ ... ဘာ ရုပ်ဆိုးကြီးမို့လို့လား"

"ရုပ်မဆိုးပါဘူး ... ဘယ်သူနဲ့တူလဲဆိုတော့ ... ရောဘတ်လိုမျိုးကွာ ... နှာခေါင်းချွန်ချွန်နဲ့ ထက်ထ မြက်ပုံစံမျိုး ... ကျက်သရေရှိတယ် ... ဒါပေမဲ့ ... ငါ အသက်သုံးနှစ်ပိုကြီးတယ် ... နေရာတကာ ဆရာကြီး ပြီး သိပ်ဩဇာပေးတတ်တယ် ... မေနဲ့မတူပါဘူး ... မေက အကြံပေးတဲ့ပုံစံ ... စေတနာကောင်းနဲ့ လ ပေးတဲ့ပုံစံမျိုးပြောတာ ... သူကျတော့ သခင်မကြီး သားလေးကို အနိုင်ကျင့် အမိန့်ပေးနေသလိုပဲ ... စိတ်ညစ်ဖို့ကောင်းတာ ... သူနဲ့ ယှူရလို့ကတော့ ... ငါ့ဘဝ သူ့နောက်ကဆွဲလိုက်နေရတဲ့ သူ့ ကျွန်ကြီး



ဖြစ်တော့မှာပဲ"

"ဒါဆို မင်းသေပြီပေါ့"

"ဒီလိုလုပ်ပါလားကွာ ... မင်းနဲ့ငါ တစ်သက်လုံး အပြီးအပိုင် နေရာချင်းလဲလိုက်ကြရအောင် ... ငါရမဲ့ အမွေက မင်းရမဲ့ အမွေထက် မနိမ့်နိုင်ပါဘူးကွ"

"အောင်မယ် ... ကြိုက်တတ်တာ ... ကိုယ့်ထက်အသက် လည်းကြီးသေး ... ဆရာကလည်းလုပ်တတ်သေး ... ဒီလို မိန်းမကိုယူပြီး ဆူညံပူညံများတဲ့ မိသားစုထဲမှာ နေရဦးမယ် မင်းကျတော့ ချောချောလှလှ ဣန္ဒြေရရ မိန်းကလေးကိုယူ ပြီး ပျော်စရာကောင်းတဲ့ မိသားစုနဲ့နေမယ် ... သွားစမ်းပါ"

"အောင်မယ် ... ငါ့မိသားစုကများ ဆူညံပူညံများသတဲ့ ... မင်းမိသားစုက ဒီလောက်အေးစက်စက်နိုင်တာကို"

"ဇနီးလောင်းချင်း ယှဉ်တော့ရော"

သားရွှေရောင်က တစ်ချက် တွေခနဲဖြစ်သွားသည်။ အမေ အမေ၊ ကိုယ့်သားရဲဘဝကို တန်ဖိုးကျအောင်လုပ်တတ်လိုက် ကြသည်။ သူ့မျှားမိဘတွေက ချစ်စရာကောင်းမလေးနဲ့ သားကို ကြံ စည်နေကြချိန်မှာ သူတို့ကျတော့ ကြမ်းကြမ်းတမ်းတမ်း၊ ပူပူဆာ ဆာ မိန်းမကြီးနဲ့၊ နေရာချင်းလဲချင်ရင်တောင် ကိုယ့်ဘက်က ... အောက်ဈေးနဲ့ အလိုက်ပေးရဦးမဲ့ဘဝ။

www.burmeseclassic.com

www.burmeseclassic.com



"တော်ပြီကွာ ... မင်းမလဲချင်နေ ... ဘယ်တော့ပြန်လာမှာ လဲပြော"

ဒီလိုဆိုတော့လည်း ကမ္ဘာဦးက တွေဝေသွားရပြန် သည်။ ကိုယ့်မိသားစုက ပိုပြီး မက်မောစရာကောင်းတယ်ဆိုပေမယ့် မေပန်းချီက သူ့အကြိုက်ဇနီးလောင်းမှမဟုတ်တာ။ အေးဆေးနူးညံ့ လွန်းပြီး ဆရာမကြီးကလည်းလုပ်ချင်သေး။ သူ ကတယ်ချစ်တာက သွက်လက်ပြီး ကလေးဆန်သည့် ချစ်စဖွယ် ယိမ်းကလေး။

"မလဲသေးဘူးကွာ ... ငယ်လေးပြန်လာမှလဲတော့မယ်"

ဒီတစ်ခါတော့ သားရွှေရောင်က တဟားဟားရယ်ရ မဲ့အလှည့်။ သူ့နေရာကို ကမ္ဘာဦးကလည်း မစွန့်လွှတ်နိုင်ဘူးဆိုတဲ့ အချက်ကို ပေါ်လွင်အောင် တူးဖော်ထားနိုင်ပြီ။



စိတ်ညစ်ဖွယ်ရာ ထမင်းဝိုင်း။

ဟင်းရည်ပန်းကန်လုံး သပ်သပ်ယူပေးပါဦး။ ထမင်း နည်းနည်းလျှော့ပါဦး၊ လက်သုတ်ပဝါတစ်ထည်လောက်၊ ရေတစ် ခွက်လောက်ခပ်ပေးပါ။ နောက်ဆုံး ဘုံပိုင်ခေါင်းကြပ်နေလို့ ဖွင့်ပေး ပါဦးဆိုတာအထိ။

ပုံစံကြည့်လိုက်တာနဲ့ လူတွေကို နိုင်းမ ဖို့ မွေး ထားတာဆိုတာ သိသာသည်။ အကွက်ဈေးဈေးမြင်ဟတ်လိုက်တာ တာလည်း မပြောပါနဲ့တော့။ အရောင်းအဝယ်မှာ သိပ်တော်ပြီး စီး ပွားရေးဘက်မြင်တတ်လွန်းသည်ဆိုတဲ့ အချက်ကို ကြည့်ပြီး ချေး ချေးတတ်သည့် သားရွှေရောင်ရဲ့ အမေဟာ ကိုယ့်သားလေး မိန်း မတစ်ယောက်ထံမှာ ... ပြားပြားဝပ်နိုင်းစားခံရတော့မည်ဆိုတာ လောက်ကိုမှ ထည့်တွေးမိရဲ့လား။

www.burmeseclassic.com

www.burmeseclassic.com



ထမင်းစားပြီး အချိုပွဲက သစ်သီးတွေထိုင်စားနေသော အေးအေးစိုးဆိုသည့် မိန်းမကိုကြည့်ပြီး တတ်သည့်ပညာမနေသာဆိုသလို နည်းနည်းတော့ ပညာပေးလွှတ်လိုက်ချင်သည့် စိတ်ကလေးပေါက်လာသည်။

"မမအေး"

အေးအေးစိုး မျက်ခုံးတွေပင့်တက်သွားကာ ...

"ရှင်ဘယ်လိုခေါ်လိုက်တယ်"

"မမအေးက ကျွန်တော့်ထက် သုံးနှစ်ကြီးတယ်မဟုတ်လား ဒါကြောင့် လေးစားသမှုနဲ့ခေါ်တာပါ"

မိန်းမများ ဘယ်လိုလူတန်းစားပဲဖြစ်ဖြစ် ကိုယ့်ကို အသက်ကြီးတယ် အထင်ခံရရင် ဘယ်လိုမှ မခံစားနိုင်။ အခုလည်း အေးအေးစိုးမျက်နှာ သိသိသာသာပျက်သွားရင်း ...

"အဲဒီလိုမခေါ်ပါနဲ့"

"ဒါဆို မမစိုးလို့ခေါ်ရမလား"

"ဘာထူးလဲ"

"ဟင် ... နာမည်ဖြင့် နှစ်လုံးတည်းရှိတာ ဘယ်လိုခေါ်ရတော့မလဲ"

"အို ... လူကို မမလို့ခေါ်တာ မကြိုက်ပါဘူးဆိုမှ ... အသက်ချင်းက ဘယ်လောက်မှမကွာတဲ့ဟာကို မမတပ်ခေါ်တော့



လူကို အသက်အကြီးကြီးထင်သွားတော့မှာပေါ့"

ထင်လည်းထင်စရာပါပဲဗျာ။ ဒီမိန်းမ ရုပ်ကလေးမဆိုးပေမယ့် အပြင်အဆင်ကပဲ စကားပြောလေသလား။ ဘဝက်အကျိုးပေးကြောင့်လားမသိ။ ရုပ်ကြီးက ရင့်ရင့်ကြီးဖြစ်နေတာ။ သုံးနှစ်မက ... ငါးနှစ်ခြောက်နှစ်လောက်ကွာတယ်လို့တောင် ထင်ရလောက်လောက်ဖွယ်။

ဘာပဲပြောပြော ဒီမိန်းမရဲ့ အားနည်းချက်ကို သိသွားပြီ။ သူ့ကို ... အသက်ကြီးပြီလို့ လူတွေက အထင်ခံရမှာကို မကြိုက်။ ဒါက အကွက်ပဲ။

"ကျွန်တော်က လေးစားတဲ့သဘောပါဗျာ ... ကိုယ့်ထက် အသက်တစ်ရက်ပိုကြီးလည်း ... အကြီးပဲမဟုတ်လား ... နောက်ပြီး စကားပုံတောင်ရှိသေးတယ် ... မိန်းမရှိုးသွား မကျိုးဆိုတာလေ ... ကျွန်တော့် ... သွားတွေက သိပ်မကောင်းတော့ ကိုယ့်ဇနီးလောင်းကို ရိုသေထားမှဗျ"

"ပြောလေကဲလေပဲ ... ရှင် ကျွန်မကို အေးလို့ခေါ်ချင်ခေါ် စိုးလို့ခေါ်ချင်ခေါ် ... အေးအေးလို့ခေါ်ချင်ခေါ် ... အေးစိုးလို့ခေါ်ချင်ခေါ် ... ကြိုက်တာခေါ်ရှင်"

"ဟာ ... ဘယ်ဖြစ်မလဲ ... ခင်ဗျားရုပ်က ဒီလောက်သန့်သန့်ခန့်ခန့်နဲ့ ... ဟော ... ဆံပင်အလယ်ခွဲပြီး နောက်ကို

www.burmeseclassic.com



တင်းတင်းဆွဲစည်းထားလိုက်တော့ မဟာနဖူးကိုပေါ်လို့ ... အဝတ်အစားဝတ်တော့လည်း မြန်မာဆန်ဆန် ပိုးဝတ်စုံ အကောင်းစားနဲ့ ... တစ်လုံးတည်း စိန်နားကပ်ကြီးဆိုတာလည်း ပြူးနေတာပဲ ... ဒီစိန်လော့ကက်ကြီးနဲ့ စိန်လက်ကောက် လက်စွပ်တွေဆိုတာလည်း ခေါင်ထဲကမှန်း သိသာလောက်အောင် ဖွေးထွက်နေတာ ... ရုပ်ကိုက ... ကတော်ရုပ်ပါဗျာ ... ဒီလောက် ဥပမိရုပ်ကောင်းတဲ့ အမျိုးသမီးတစ်ယောက်ကို ကျွန်တော့်လို ညှာင်းနေနှာ စုတ်ချွန်းချွန်းကောင်က အေးတို့ စိုးတို့ခေါ်တာကို လူတွေကြားရင် ဘယ်ကောင်းပါ့မလဲဗျာ ... ခင်ဗျားက ခွင့်ပြုပေမယ့် ... ကျွန်တော်ကတော့ လူပြောမခံနိုင်ဘူး ခင်ဗျ ... မမကတော့ တပ်ခေါ်ရမှာပဲ”

အေးအေးစိုးရဲ့ မျက်နှာမှာ တော်တော်စိတ်ရှုပ်သွားသည့် အရိပ်အယောင်တွေပေါ်လာသည်။ အဟုတ်ပဲလေ။ အသက်မကြီးချင်ပါဘူးဆိုမှ လူကြီးတွေ သဘောတူပေးစားမည့် ခင်ပွန်းလောင်းက ကိုယ့်ကို ‘မမ’ချည်းပဲခွတ်ခေါ်တော့ မခက်ပေဘူးလား။ သူနဲ့သာ လက်ထပ်ရလျှင် တစ်သက်လုံး ‘မမ’ပဲ အခေါ်ခံသွားရရင်သေပြီပေါ့။

“ရှင်ပြောလို့မရဘူးလား ... ရှင်က ဘယ်လိုပဲခေါ်ချင်ခေါ်



ချင် ကာယကံရှင်ကမကြိုက်ရင် မခေါ်နဲ့ပေါ့ ... လူကြီးတွေက ရှင်နဲ့ကျွန်မကို စီစဉ်ချင်နေကြတာ ... ရှင်က အဲဒီလိုကြီးခေါ်နေတော့ ကျွန်မက ဘယ်လိုလုပ်ရတော့မလဲ”

ဟဲ ... ဟဲ ... ။ ရှင်းရှင်းလေးပါဗျာ။ ကိုယ့်ကို အဲဒီလိုပဲတစ်သက်လုံးခေါ်နေမှာသေချာတဲ့ လူတစ်ယောက်ကို ခင်ပွန်းအဖြစ် လက်မခံနဲ့တော့ပေါ့။

ကမ္ဘာဦးက စိတ်ထဲက ကော်ကောက်ကျစ်ကျစ်တွေးနေလိုက်ပေမယ့် မျက်နှာကတော့ (သားရွှေရောင်အစစ်သာဆိုလျှင် တကယ်ရှိနေမည့်ပုံမျိုး။) သနားစရာရိုးရိုးသားသား ကြည်ကြည်လင်လင်ကလေး လုပ်ထားမြဲ။

လူကြီးတွေကတော့ ... စကားတွေတဖောင်ဖောင်ပြောပြီး အပြန်အလှန်အယူတည့်နေပုံရသည့် လူငယ်တွေရဲ့ အခြေအနေကို အဝေးက လှမ်းကြည့်ပြီး ကျေနပ်နေကြသည်။

“ဘာမှ မခက်ပါဘူးဗျာ ... ဒါနဲ့ စားမစပ် ကျွန်တော်တို့အိမ်ထောင်ကျရင် ကျွန်တော့်နာမည် သားရွှေရောင်ကို အဖျားဆွတ်ခေါ်ပြီး သားလို့ ခေါ်ပါလားဗျာ ... အဲဒီလိုခေါ်တာလေး ကျွန်တော်ကြိုက်လို့ပါ”

“အွတ် ... ရှင့်နှယ့်နော် ... ကြိုက်စရာရှားလို့ ... ဘာကိစ္စခေါ်ရမှာလဲ”

www.burmeseclassic.com



"ခေါ်ပေးပါလားဗျာ ... ကျွန်တော် အမြဲတမ်း စဉ်းစားခဲ့တာ ကျွန်တော့်ချစ်သူ ... ကျွန်တော့်ဇနီးဟာ ကျွန်တော့်ကို သားလို့ ခေါ်စေချင်တာ ... အဲဒီလိုခေါ်ရအောင်ကလည်း ကိုယ့်ထက်ငယ်တဲ့ သူကတော့ ဘယ်လိုမှ မဖြစ်နိုင်ဘူးဆိုတော့ ကိုယ့်ထက် အသက်ကြီးတဲ့ မမတစ်ယောက်ရှာမှဖြစ်မှာလေ ... ကျွန်တော်က ကိုယ်ကမှီရပြီး ကိုယ့်ကိုချီမယ့် အိမ်ထောင်ဘက်မျိုးလိုချင်တာကိုး ... အမှန်အတိုင်းဝန်ခံရရင် ကျွန်တော်က ဘွဲ့လေးတစ်လုံးရတာရယ် ... ရတာနာတွေအကြောင်း တီးမိခေါက်မိရှိတာရယ်ကလွဲရင် ဘာမှ ဟုတ်တိပတ်တိရှိတာမဟုတ်ဘူး ... အလုပ်ကိုလည်း ကြိုးကြိုးစားစားမလုပ်ချင်ဘူး ... ဒီတော့ ကိုယ့်ကို ကလေးတစ်ယောက်လို တစ်သက်လုံး ချီပိုးယုယပြီး အုပ်ထိန်းသွားနိုင်မယ့် သူကိုပဲလိုချင်တာ ... ကျွန်တော့် အမေကလည်း သူ့သားအကြိုက်ကို ကွက်တိဝင်အောင်စီစဉ်ပေးလိုက်တာပဲလေ ... လူကြီးတွေ စီစဉ်တာကို ကျွန်တော်ကတော့ သိပ်သဘောကျတာပဲ".

"ဒုက္ခပါပဲနော် ... မေမေတို့ကလည်း ဘယ်လိုဟာတွေရှာလာတာပါလိမ့် ... ကျွန်မကတော့ ယောကျ်ားယူရင် ကိုယ့်ထက်မသာတောင် ကိုယ့်ထက်တော့ မညံ့စေချင်ဘူးရှင် ... ကိုယ့်ရှေ့က မားမားမတ်မတ်ရပ်စေချင်လို့ ယောကျ်ားယူတာမှ ဘယ့်နှယ် ... ကိုယ်က ချီပိုးထားရဦးမယ် ... ဟုတ်လား ... ရှင့်အမေက ဒီလိုစီစဉ်အကွက်ချပြီး ကျွန်မကို သူ့သားအတွက် နိုင်းစားဖို့ ရွေးပေးတာပေါ့လေ ... တော်ပြီ တော်ပြီ ... ဒါမျိုးတော့ အေးအေးစိုးတို့က ဘယ်ရလိမ့်မလဲ"



ဟဲ ... တဲ။ သွားပြီ။

အေးအေးစိုးဆိုသည့် မိန်းမ စိတ်ဆိုးမာန်ဆိုးနဲ့ ... ဒေါက်ဖိနပ်သံ တခွပ်ခွပ်မြည်အောင် ထွက်သွားပြီ။

ကောင်းလိုက်ပါ့လေဗျာ။ ကိုယ့်ဘက်က လူဆိုးကြီးဖြစ်စရာမလို။ မျက်နှာပျက်စရာမလိုဘဲ မဟာအစီအစဉ်ကြီးပျက်သွားတာ။ သားရွှေရောင်သီလျှင်လည်း ဝမ်းသာရှာပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



ညှော်ခန်းထဲက မြင်ကွင်းကြောင့် သားရွှေရောင့်ရင်ထဲ ဒိန်းခနဲဖြစ်သွားရသည်။

မေပန်းချီနဲ့ လူတစ်ယောက်။ တော်တော့်ကို နီးနီးကပ်ကပ်ခေါင်းချင်းဆိုင်ကာ ထိုင်နေကြတာပါလား။ နဖူးချင်းတောင်ထိလောက်ကာ ... လက်မောင်းချင်းလည်း ပူးနေကြသေးသည်။

ဘယ်လိုကြီးပါလိမ့်။ လူ့ခြေသိက္ခာကြီးမားပြီး လူကြီးမိဘကို ရိုသေသိတတ်လှသည့် မေပန်းချီဟာ ကိုယ့်အိမ်က ညှော်ခန်းထဲမှာ တစိမ်းယောက်ျားတစ်ယောက်နဲ့ အခုလိုပူးပူးကပ်ကပ်ကြီးထိုင်နေတယ်ဆိုတာ ဖြစ်နိုင်ပါ့မလား။ သူများ မျက်စိမှားလေသလား။ မေပန်းချီမှာများ သူနဲ့ ကမ္ဘာဦးလိုမျိုး ရုပ်ချင်းဆင်တဲ့တစ်ယောက်ရှိနေလေသလား။



"မေ"

သားရွှေရောင့်အသံက ထမင်းခုနစ်ရက်မစားရသူတစ်ယောက်ကို လည်ပင်းညှစ်ထားခိုက်မှာ ထွက်လာသည့် အသံမျိုးဖြစ်နေသည်။

"ဪ ... ကိုဦး ... လာလေ ... အကြောင်းမကြားဘာမကြားနဲ့"

အကြောင်းများကြားရဦးတော့မှာလား။ ကိုယ့်ဇနီးလောင်းအိမ်ကို ကိုယ်လာတဲ့ဟာပဲ။

သားရွှေရောင်က စိတ်ထဲက ရန်တွေ့လိုက်သော်လည်း ပါးစပ်ကတော့ ဘာမှမပြောရပါ။

"ကိစ္စက အရေးမကြီးတော့ ကြိုအကြောင်းမကြားလိုက်တာပါ ... ဒီအချိန်ဆို မေလည်း အိမ်မှာရှိမှာပဲထင်လို့"

"မေက အခုအလုပ်ရှုပ်နေတာ ... ရှေ့အပတ်ထဲကျ မေမေ့မွေးနေ့လေ ... အဲဒါ ရတနာပစ္စည်းတစ်ခုခု လက်ဆောင်ပေးမလို့ ... မေ့ မိတ်ဆွေ ကိုအုန်းမောင်ကို မှာထားရတာလေ"

အုန်းမောင်၊ ခေါင်းဟုံးခြောင်။ ရတနာပစ္စည်းပြတာဆိုလည်း မေ့နား ဒီလောက်ကပ်စရာလားကွ။ မင်းပုံက အသား

www.burmeseclassic.com

www.burmeseclassic.com



ယူတဲ့ပုံကြီး သိသိသာသာပေါ်လွင်မနေလွန်းဘူးလား။

"မေရယ် ... ရတနာဝယ်တာများ ဆိုင်ကြီးတွေသွားဝယ်ရောပေါ့ ... ဗိုလ်ချုပ်ဈေးထဲမှာဆိုလည်း လက်ဝတ်ရတနာဆိုင်တွေအများကြီး ... တီဗီမှာ ကြော်ငြာတဲ့ ဆိုင်တွေဆိုတာလည်း ရွေးလို့တောင်မလောက်ဘူး ... အိမ်ခေါ်ပြီး ရွေးတော့ နယ်ကျဉ်းတာပေါ့"

သူ့လေသံကြီးက ဖာတ်လမ်းထဲက ဗီလိန်တွေရဲ့ ... အသံမျိုး မလိုတမာသံကြီးဖြစ်နေသည်။ မဟုတ်သေးပါဘူး။ တော်ကြာ ငါက ဗီလိန်ဖြစ်ပြီး ခေါင်းတုံးပြောင်အုန်းမောင်က မင်းသားဖြစ်သွားဦးမယ်။

"ကိုဦး ... ဘာပြောတာလဲ ... ဒါ မေတို့ အမြဲအားပေးနေကျ မိတ်ဆွေရှင့်"

"ယုဉ်ပြီးရွေးစရာမရှိတဲ့အခါမှာ မေ့ ရွေးချယ်မှုက အမှား အယွင်းဖြစ်နိုင်တာပေါ့ ... ခုပဲကြည့်လေ ... သူ ခင်ကျင်းပြထားတာ ဘယ်လောက်များရှိလို့လဲ ... အဲဒီထဲက ရွေးရမယ်ဆိုတော့ အကောင်းဆုံးကိုဘယ်လိုလုပ်ရတော့မလဲ"

"ရှင်ဘာမှမသိဘဲ ဝင်မပြောနဲ့လေ ... မေက အကောင်းဆုံးဆိုပြီးတော့ ဝယ်မှာမဟုတ်ဘူး ... မေမေ့မွေးနေ့အတွက်



မွေးမစုထားတဲ့ အထဲက တစ်နိုင်သလောက် ငါးသိန်းတန်လောက်ပဲမေးတာ ... အဲဒီထဲက သူနဲ့သင့်တော်မယ်ထင်တာလေးရွေးယူလာတာပဲ ... ဈေးနှုန်းလည်းစိတ်ချရပါတယ် ... ကိုအုန်းမောင်နဲ့ အဆက်အသွယ်ဖြစ်တာ ကြာပဲကြာလှပြီဟာ ... "

စားပွဲပေါ်က ရတနာဘူးကို သားရွှေရောင်က လှမ်းကြည့်လိုက်သည်။ သူ့မျက်စိထဲတော့ သိပ်မတွေ့လှချေ။ သားရွှေရောင်ဆိုတာကလည်း လူကဲခတ်သာ ညှံ့ချင်ညံ့မယ် စိန်ကဲ ရွှေကဲတော့ ကောင်းကောင်းခတ်တတ်သူမဟုတ်လား။

"ကဲ ... ပြစမ်းပါဦး ... မေ့ဝယ်ဖို့စဉ်းစားထားတာတွေ"

မေပန်းချီက နောက်ထပ်ဂူးဂူးဝါးဝါးတွေထပ်မဖြစ်စေချင်လည်းပြီးရောဆိုသည့် သဘောနဲ့ သူမ သဘောကျနေသည့် ... ပတ္တမြားဆွဲသီးလေးကို ထိုးပြလိုက်ပါသည်။

"ဒါက ဘယ်လောက်တဲ့လဲ"

"ခြောက်သိန်းတဲ့ ... မေက ငါးသိန်းဆစ်ထားတာ"

"ပတ္တမြားက ... တစ်လုံး ... နှစ်လုံး ... သုံးလုံး ... ငါးဆယ့်ကိုးလုံး ... ခြောက်ဆယ်ပဲထား ... ဒီအရည်က တစ်လုံးတစ်ထောင်လောက်ပဲရှိတာ ... အားလုံးခြောက်ဆယ်ဆိုခြောက်

www.burmeseclassic.com

www.burmeseclassic.com



သောင်း ... ရွှေက ငါးမူးသားလောက်ပဲရှိမယ် ... နှစ်သိန်းခွဲ ... စုစုပေါင်း သုံးသိန်းတစ်သောင်း ... မေဆစ်တဲ့ ငါးသိန်းက ပိုတောင်ပိုနေပြီ ... သူဘယ်သွားရောင်းရောင်း ဒီထက်ပိုမရနိုင်ဘူး ..."

"အလိုလေးလေး ... သူများလော့ကက်ကို သုံးသိန်းတစ်သောင်း ... ဒါအရင်းတင် ငါးသိန်းခွဲရှိတာ ... တခြားလူကိုဆို ခြောက်သိန်းခွဲဆိုဈေးပဲ ... မေတို့က လူရင်းတွေမို့လို့ဟာတိုမေ ... ပြောပါဦး ... သူများကပဲ မတော်လောဘနဲ့ ဈေးတွေတအားတင်ရောင်းနေတာကျနေတာပဲ ... မေ ... နော်အုန်းအုန်းတို့က နဂိုကလည်းက အကြောင်းသိတွေနော် ... ဆေးလူသွေးခွဲလို့ မကွဲကြကြေးနော် ..."

ဟာ ... ဘယ့်နှာကြီးလဲ။ ခေါင်းတုံးပြောင် အုန်းမောင်က သူကိုယ်သူ အုန်းအုန်းဆိုပါလား။ လေသံကြီးကလည်း ယောက်ျားကြီးတန်မယ့် ချွဲတဲတဲစေးပျစ်ပျစ်ကြီးနဲ့ အန်ချင်စရာကြီးပါလား။

"စိတ်ချ ... စိတ်ချ အုန်းအုန်း ... မေက ဘာဝယ်ဝယ် အုန်းအုန်းဆီကပဲ အားပေးမှာ ... ဒါနဲ့ ရှင်က ပစ္စည်းတွေရဲ့ တန်ဖိုးကို ဘာလို့ဒီလောက်တောင်သိနေရတာလဲ"



"သိတာပေါ့ ... ငယ်ငယ်လေးတည်းက ... ဒီရွှေချောက်တွေကြားထဲ ကြီးပြင်းလာရတဲ့ဟာ ... ဒီစိန်လက်စွပ်က ဘယ်လောက်တဲ့လဲ"

"ဆယ့်နှစ်သိန်း ... မေ့ကိုဆို ဆယ့်တစ်နဲ့ပေးမယ်"

"တွေ့လား ... ဒီစိန်တွေကြည့် ... တစ်ရတီကို ဆယ့်နှစ်လုံးပွားလောက်ရှိတာ ... အရည်ကလည်းမသန့်ဘူး ... ဝါကျင့်ကျင့်နဲ့ တချို့ဆို နီတောင်နီချင်သေး ... အစင်းအခြစ်တွေလည်းပါလိုက်သေးတယ် ... စိန်သားကလည်း ပွတယ်၊ အဲဒါဘယ်လိုလုပ် ဆယ့်နှစ်သိန်းတန်မှာလဲ ... ရှစ်သိန်းလက်ကုန်ပဲ ..."

"ကိုဦး ... ရှင်ဘာတွေလျှောက်ပြောနေတာလဲ"

"နောက်ပြီး ဒီနီလာလက်ကောက်ကလည်း အလွန်ဆုံးတန်ရင် ငါးသိန်းပဲ ... အဲဒါကို သူက ဘယ်လောက်ခေါ်မယ်တဲ့လဲ"

"ခုနှစ်သိန်းတဲ့"

"တွေ့လား ... တွေ့လား ... ရတနာပစ္စည်းတွေဟာ ... ကြိုက်တတ်တဲ့ လူအတွက် ဈေးပေးရတာတန်တယ်ဆိုပေမဲ့ တော့ မှန်ပါရဲ့ ... ဒါပေမဲ့ ပေါက်ဈေးဆိုတာကလည်းရှိသေး

www.burmeseclassic.com

www.burmeseclassic.com



တယ်လေ … တတ်နိုင်လွန်းလို့ … ငွေကိုမတရားသုံးဖြုန်းနိုင်လွန်းလို့ မတန်တဆဈေးပေးတဲ့ သူတွေကတော့ထား … ကိုယ်တတ်နိုင်တာလေးနဲ့ အကောင်းဆုံးလိုချင်တဲ့ သူတွေအတွက်ကျတော့ မတရားရာရောက်နေတာပေါ့ … ”

“ဟဲ့ … လက်ဝတ်ရတနာဆိုတာ လုပ်ထားရတာ … ရင်းထားရတာ … ဝယ်လက်မတွေ့မချင်း စောင့်ရတာနဲ့တင် ငွေက အိပ်နေတာ … ဒါမျိုးအများကြီးဆိုရင် ငွေရင်းဆ ဘယ်လောက်ပေါက်မှတ်လဲ … အောင်မယ်လေးနော် … သူ့ကို ရှင်းပြရတာ ကိုယ်မဟုတ်တာလုပ်နေတာများကျနေတာပဲ … ရတယ် … မဝယ်ချင်လည်းနေ … အုန်းအုန်းတို့က မာနနဲ့နေတာ … လျှာပေါ်မြက်ပေါက်ပြီး ငတ်သေချင်သေသွားပါစေ သူများအပြောတော့ မခံနိုင်ဘူးဟေ့ … ”

အုန်းအုန်းခေါ် ခေါင်တုံးပြောင် … အဲလေ … အုန်းမောင် ပစ္စည်းတွေကောက်သိမ်းပြီး ထွက်သွားတော့သည်။ အောင်မယ်လေးဗျ။ သူထွက်သွားသည့်ပုံကလည်း မိန်းမကြီးတွေလိုမျိုး ခောင့်ခောင့်နဲ့ပါလား။

“ရှင်ဘာတွေပြောလွှတ်လိုက်တာလဲ ကိုဦး … အုန်းအုန်းက ကျွန်မတို့နဲ့ ဟိုးအရင်တည်းက ရင်းနှီးနေတဲ့ မိတ်ဆွေတွေ



ရှင့်”

“သူက မတန်တဆတွေတောင်းနေတာကိုး”

“ရှင်က ဘယ်လိုလုပ်သိနိုင်လဲ … ယောက်ျားကြီးတန်မဲ့ မိန်းကလေးတွေကိစ္စကို သူ့ပဲ ဆရာကြီးလိုလိုနဲ့ … ”

“ယောက်ျားဖြစ်တော့ရော ရတနာပစ္စည်းတွေနားမလည်ရဘူးလား … ကျွန်တော်က မွေးကတည်းက ကျောက်တွေကြားထဲ ကြီးလာတာပါဆို … ”

“အောင်မယ် … တော်တော်ကြွားချင်တယ် … ရှင့်မိဘတွေ ချမ်းသာတာ မေ သိပါတယ် … ဒါပေမဲ့ မွေးကာစ ကလေးကို ကျောက်ပုံ စိန်ပုံတွေကြားထဲ ထည့်တော့မထားနိုင်လောက်ပါဘူးနော် … ”

အဲ … ဟုတ်သဟ။

လောလောဆယ် သူနေ့နေသည့်ဘဝက ကမ္ဘာဦးဘဝလေ။ စိန်တွေ ကျောက်တွေကို ဘယ်လိုလုပ် ရင်းနှီးနိုင်မှာလဲ။

“အဟဲ … ”

သားရွှေရောင်က ရူးသလိုပေါသလိုနဲ့လုပ်ကာ … အားကိုလျော့ချလိုက်သည်။

“ဒါပေမဲ့ ရှင်နောက်တာနဲ့လည်း မတူဘူး … လက်ဝတ်

www.burmeseclassic.com

www.burmeseclassic.com



လက်စားတွေရဲ့ တန်ဖိုးကို ရှင့်ပါးစပ်က အကဲဖြတ်တွက် ချက်သွားလိုက်တာ ချောနေတာပဲ ... လိမ်ချင်တယ်ဆိုရင် ကောင်း ရုတ်တရက်ကြီးတော့ ဒီလိုမျိုးချောနေအောင် ... မပြောနိုင်ဘူးထင်တယ်"

"ဒါကတော့ ပညာပေါ့ဗျာ ... ဟဲ ... ဟဲ"

"ရှင် တကယ်သိတာမဟုတ်ဘဲ အုန်းအုန်းကို အမြင်ကတ်လို့ ချောက်ချတာမျိုးတော့ မလုပ်သင့်ဘူးထင်တယ် ... သူ့ခမျာ ယောကျ်ားစစ်စစ်က ရှေးဘဝကုသိုလ်အကျိုးပေး မကောင်းလို့ စကောစကဘဝရောက်ပြီး သူ့ဘာသာသူ လုပ်ကိုင်စားသောက်နေရှာတာ ... လှောင်တာပြောင်တာ စော်ကားတာတော့ မလုပ်သင့်ပါဘူး"

မေပန်းချီကတော့ ဟိုလူ့ရဲ့ ဘဝအပေးအနေအထား ကို အမြင်ကတ်လို့ ကမ္ဘာဦးက လှောင်လွှတ်လိုက်တာလို့ပဲထင် သည်။ ရှိပါစေတော့။ ဒီအတိုင်းထားလိုက်တာမှ ကောင်းဦးမည်။ ကိုယ်က သဘောရိုးနဲ့ သတိပေးတာဖြစ်တဲ့အကြောင်း ယုံအောင် ဖြေရှင်းလိုက်လျှင် သူ့ရဲ့ ဘဝမှန်ကို ဖော်လိုက်သလိုဖြစ်သွားမှာ။

သားရွှေရောင်က တဟီးဟီး တဟဲဟဲလုပ်ကာ မှုချင်ယောင်ပဲဆောင်နေလိုက်တော့သည်။



ဆိုစည်းခွင့်မရှိနိုင်တော့ဘဲ ဒီဘဝမျိုးမှာတော့ မေ့သွားတို့ စိတ်နာမုန်းတီးသွားလည်း ဘာမှထူးမလာရတော့ပါဘူးလေ။

www.burmeseclassic.com

www.burmeseclassic.com



"ကိုကို့ကို ... အိမ်က ပေးစားတော့မယ် ...
ဆိုတာ သိသိချင်း ... မျက်ရည်မဆည်နိုင်ဝမ်းနည်းမိတယ်...
ကိုကို့ကို ... ကိုကို့ဇနီးချောနဲ့အတူ
တစ်ခါတလေ လမ်းသွားရင်း ... တွေ့ရင်
ဘယ်လိုဖြေသိမ့်ရမှာလဲ"

အိမ်ထဲလှမ်းဝင်ကာနီး ကမ္ဘာဦးရဲ့ ခြေလှမ်းတွေ တုန့်ခနဲဖြစ်သွားသည်။

သူဟာ သားရွှေရောင်လိုမျိုး လူအမဟုတ်တာမို့ ယိမ်းဆိုနေသည့် သီချင်းဟာ ဘာကိုရည်ရွယ်တယ်ဆိုတာ ဒက်ခနဲ သိလေသည်။

ယိမ်း ... ယိမ်း။ သနားစရာလေး။ သူမလေးဟာ ဘယ်လောက်ပဲသွက်လက်ချက်ချာပါသည်ပြောပြော မိန်းကလေး



ဆိုတဲ့ စည်းကိုစောင့်ရကောင်းမှန်းသိသူလေးမို့ ပါးစပ်ကတော့ ဖွင့်မပြောရှာ။ အမူအယာလေးနဲ့ပဲ ရင်ထဲက ခံစားချက်ကို ပြနိုင်ရှာသည်။

အခုနေ ကမ္ဘာဦးကသာ 'ကိုယ်တကယ်ချစ်တာ မင်းကိုပါကွယ်'လို့ ပြောလိုက်ကြည့်။ ကလေးမလေးဝမ်းသာပျော်ရွှင်ပြီး ချက်ချင်းကိုခေါင်းညိတ်အဖြေပေးလိုက်လိမ့်မည် ထင်သည်။

အခွင့်အရေးယူတတ်သည့် လူတစ်ယောက်သာဆိုလျှင်တော့ ဒီနေရာမှာ လူစားထိုးထားရသည့် အခွင့်အရေးကို အပြည့်အဝယူပြီးပြီ။ သားရွှေရောင့်ကို မိဘတွေက သဘောတူထားသည့် သူက ယိမ်းမဟုတ်တဲ့အတွက် သူ့ဘက်မှာ မေပန်းချီအပေါ် သားရွှေရောင် စောင့်ထိန်းရသလိုမျိုး ကမ္ဘာဦးက စောင့်ထိန်းစရာလည်းမလိုချေ။

ဒါပေမဲ့ အခုအခြေအနေကြီးမှာတော့ ကမ္ဘာဦးက ဖွင့်မပြောလိုက်ချင်ပါဘူး။ အခွင့်အရေးယူရာရောက်မှာစိုးတာ မစိုးတာတွေကို ဘေးဖယ်ထား။ ဘစ်သက်မှာ တစ်ခါချစ်သည့် မိန်းကလေးကို ရင်ဖွင့်အဖြေတောင်းရာမှာ 'သူ'မဟုတ်ဘဲ တခြားလူတစ်ယောက်အနေနဲ့ ပြောရမှာများ ဘယ်လောက်အောက်လဲ။ ခင်တစ္ပပ်လို အငှားခန္ဓာမြှောင်ရသည့် ဘဝကြီးနဲ့တော့ ချစ်သူလေးကို ခပိုင်ဆိုင်ချင်ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



"ဟယ် ... ကိုသား ... ဘာလာလုပ်တာလဲ"

ယိမ်းက သူမ ခုနဆိုလိုက်သည့် သီချင်းကို ကမ္ဘာဦး ကြားသွားမှာစိုးသည့် အလန့်တကြားပုံစံကလေးဖြစ်သွားသည်။ ကမ္ဘာဦးကလည်း ဘာမှမသိသလိုဟန်မျိုးနဲ့ ...

"ယိမ်းကို မုန့်ကျွေးမလို့ ..."

"ဘာလို့လဲ"

"ဝမ်းသာတဲ့အထိမ်းအမှတ်ပေါ့ကွာ ... အခက်အခဲတစ်ခုက လွတ်မြောက်သွားတဲ့အတွက်"

"အခက်အခဲ ... ကိုသားက ဘာတွေခက်ခဲပြန်ပြီလဲ ... ဘာလဲ ... ပစ္စည်းတွေ လိမ်သွားတဲ့သူက နောင်တရပြီး လာဝန်ခံပြီလား"

"မဟုတ်တာ ... ကိုယ့်ကို မိန်းမပေးစားဖို့ လူကြီးတွေစီစဉ်ကြတာသိတယ် မဟုတ်လား"

"သိတယ်လေ ... မမစိုးနဲ့ မဟုတ်လား ... ဘာလဲ ... အဆင်ပြေသွားပြီလား"

"စွတ်စွတ်ပြောတော့တာပဲကွာ ... ဟုတ်တယ် ... အဆင်ပြေသွားပြီ ... ဘယ်နေရာမှာလဲဆိုတော့ အဆင်မပြေအောင် လုပ်တဲ့နေရာမှာ"

"မြတ်စွာဘုရားကြီးရယ်တဲ့မှ ဘုရား ... ဘာကို အဆင်မပြေ



အောင်လုပ်ရတာလဲ"

ရင်ဘတ်လေးဖိပြီး အလန့်တကြား၊ တအံ့တသြဖြစ်နေသည့် ပုံစံလေးက ချစ်စရာကောင်းလိုက်တာ။

"ကိုယ်မှ သူ့ကို မလိုချင်တာ ... အသက်လည်းပိုကြီးသေး မာနကလည်း ခေါင်းခိုက်နေသေး ... လူကိုလည်း နိုင်းစားချင်သေး ... သူ့များယူမိရင် သူ့ကျွန်ကြီးလုံးလုံးဖြစ်မှာ"

"ဟီး ... ဟီး ... ကိုသားကလည်း ... မမစိုးက ဒီလောက်အဘက်ဘက်က ပြည့်စုံတဲ့ဟာ"

"ပြည့်စုံတိုင်းလည်း ကိုယ်နဲ့ကြိုက်ဖြစ်ဦးမှလေ ... လူဆိုတာ ဆီဦးထောပတ်ချည်းပဲ ကြိုက်ချင်မှကြိုက်မှာပေါ့ ... ချဉ်ငံစပ်လက်သုပ်လေးကြိုက်တဲ့အခါလည်း ကြိုက်မှာပဲ"

သူမကို 'ချဉ်စပ်လက်သုပ်ဂဒ်လေး'လို့ ရည်ညွှန်းပြောလိုက်သည်ဆိုတာ ကမ္ဘာဦးရဲ့ ရီလဲ့ညို့မှောင်သော မျက်ဝန်းအကြည့်တွေကိုကြည့်ပြီး ယိမ်းက နားလည်လိုက်သည်။

ဒါနဲ့များတောင် ပါးစပ်က ဘာမှမပြောဘဲ နေနိုင်သေးသလား။ အင်းလေ။ သူ့ခမျာလည်း မိသားစု ပြဿနာကြီးဖြစ်ထားကာစ။ အခုမှ ကိုယ့် မိသားစုဝင်တွေရဲ့ ကြည်ဖြူမှုကို ပြန်ရအောင်ကြိုးစားနေကာစဆိုတော့ တခြားစိတ်တွေသေးဖယ်ထားတာလည်း ဖြစ်ချင်ဖြစ်မှာပေါ့။ ယိမ်းက နားလည်သိတတ်ပေးရသည်။

www.burmeseclassic.com



ဒါမှလည်း အမရာတို့၊ ကိန္နရီတို့၊ မဒီတို့လို ပါရမီဖြည့်ဘက်ဖြစ်မှာ။

"ကိုသား မုန့်လိုက်ကျွေးမယ်ဆိုတတော့ စားနေကျ ဘာဂါဆိုင်သွားမလား ... အသားကင်ဆိုင်သွားမလား"

ကမ္ဘာဦးက ရှုံ့မဲ့သွားကာ ...

"ထူးထူးခြားခြားလေးဖြစ်သွားအောင် ရှမ်းစာဘူးဖေး သွားစားကြမလား"

"ဘာလဲ ... ကိုသား ဘတ်ဂျက်နည်းနေပြန်ပြီလား ... ယိမ်းကျွေးမှာပါ ... ကိုသားမှ အဲဒါတွေသိပ်မကြိုက်တာ ... သက်သတ်လွတ်များတယ်ဆို"

"သက်သတ်လွတ်စားချင်လို့"

"ကိုသားကတော့ ခုတစ်လော အရမ်းထူးဆန်းနေတာပဲ ... ဒေါ်ကြီးမိကပြောတယ် ... ကိုသားက ဘကြီးအတွက်ချက်တဲ့ သက်သတ်လွတ်ဟင်းတွေဆို တစ်ဝစားတာပဲဆို ... အသားဟင်းတွေဆို ရှောင်တယ်တဲ့ ... ဘဲပေါင်းတို့ ဘဲကင်တို့တောင် မစားတော့ဘူးဆို"

လာပြန်ပြီ ဒီဘဲ။ သားရွှေရောင်ဆိုတဲ့ ကောင်ဟာ ဒီလောက်ဘဲသားကြိုက်တာ ခြေထောက်မှာ ရေယက်ပြကားထွက်ပြီး တင်ပါးနောက်မှာ ဘဲမြီးများပေါက်နေပြီလားဆိုတာ တွေ့မှ ကြည့်ရဦးမည်။



"ဒေါ်ကြီးမိက ပြောထားတာလေ ... ကိုသားနဲ့ ပတ်သက်တဲ့ အထူးအဆန်းတွေ အများကြီးပဲတဲ့ ... မနေ့ကလည်း ပျော့စိစိရာဘာရုပ်တွေယူလာပြီး တစ်ယောက်ကိုတစ်မျိုးနဲ့ လိုက်နောက်နေသေးတယ်ဆို"

"ရုပါမားကတ်သွားရင်းနဲ့ မြွေရုပ်တို့ ဖားရုပ်တို့ လင်းနို့ရုပ်တို့ အပျော့ရုပ်တွေ တွေ့တာနဲ့ဝယ်လာမိတာ ... အဲဒါ အိမ်ရောက်တော့ တကယ့်အစစ်နဲ့တူလား မတူလားစမ်းကြည့်တာပါကွာ ... "

ယိမ်းက တစ်ခုခုကို အလေးအနက်စဉ်းစားသည့် မျက်နှာမျိုးလေးနဲ့ကြည့်ကာ ...

"ကိုသားက တကယ့်ကို ထူးတော့ထူးခြားနေတာပဲ ... အစ အနောက်ပိုသန်လာတာရယ် ... ဘကြီးကအစ ဘယ်သူ့ကိုမှ သိပ်မကြောက်တတ်တော့တာရယ် ... ကိုယ်လုပ်ချင်ရာကို ဇွတ်လုပ်တတ်လာတာရယ် ... ပြီးတော့ ယိမ်းကို ပိုပြီး ဂရုစိုက်လာတာရယ် ... အားလုံး အရင်က ကိုသားကို ... ပြောင်းပြန်လှန်ပြီး ချုပ်ထားသလိုပဲ ... "

ကမ္ဘာဦးက ကျောထဲစိမ့်ခနဲဖြစ်သွားသည်။

ရုပ်ချင်းဘယ်လောက်တူပါတယ်ပဲ ... ပြောပြော အကျင့်စရိုက်ချင်းက တူမှမတူတာ။ အနေကြာလာသည့်အခါ အထူ

www.burmeseclassic.com

www.burmeseclassic.com



နေ မိသားစုဝင်တွေက သတိထားမိလာကြမှာပေါ့။

တစ်ခုပဲ အံကျိုးရှိတာကတော့ ကမ္ဘာဦးက ကိုယ့်ထုံးစံအတိုင်း ဟိုလူ့ကိုနှောက်၊ ဒီလူ့ကိုလိုက်ခေါ်လုပ်ခြင်းအားဖြင့် သားရှေ့ရောင့်ကို အမြင်ကတ်နေကြသည့် မိသားစုဝင်တွေက နည်းနည်းစိတ်ပြေလာကြပုံရခြင်းပင်။

အဘွားကတော့ သူ့မြေးလေးကို ချစ်လွန်းလို့ ခွင့်လွှတ်ပြီးသားပဲထားတော့။ စိတ်ကြီးသည့် ဘကြီးကစလို့ သားရှေ့ရောင်တစ်ဖြစ်လည်း ကမ္ဘာဦးကို ဘယ်မှာရန်လုပ်နိုင်လို့လဲ။ အရွှေအပေါ်လိုသဲဘောထားကား ခွင့်လွှတ်လိုက်ရတာချည်းပဲ မဟုတ်လား။

ဟိုကောင် သားရှေ့ရောင်ရော အိမ်မှာ ... ဘယ်လောက်ငြိမ်ချက်သားကောင်းရအောင်လုပ်ပြီး နေပြီလဲမသိ။ ထားပါတော့လေ။ ‘ကမ္ဘာဦး’ကို အိမ်ကလူတွေက အမြင်ကြည်လင်လာအောင် မလုပ်နိုင်ဘူးဆိုလျှင်တောင်မှ အမြင်ကတ်ကြည့်မရဖြစ်လောက်အောင်တော့ လုပ်နိုင်မှာမဟုတ်ပါဘူး။ စကားလေးတစ်ခွန်းစ၊ နှစ်ခွန်းစတောင်ပြောနေပြီ။ မေမေနဲ့လည်း ဖုန်းတွေဘာတွေဆက်နေပြီဆိုတော့ အခြေအနေတိုးတက်ပြီနေမှာပါ။

ညီမလေး မိငယ်ပြန်ရောက်လာပြီးရင်တော့ လူချင်းပြန်လဲလိုက်ရလျှင်ကောင်းမည်။ ဒီမှာ ပျော်စရာကောင်းပေမယ့်



ကိုယ့်အိမ်ကိုလည်း လွမ်းလာပြီ။ ယိမ်းအနားမှာ နေချင်သေးပေမယ့်လည်း ဟန်ဆောင်ဘဝကြီးကို မသတီဖြစ်လာပြီ။

လူချင်းပြန်လဲပြီးမှ ယိမ်းထံမှ အဖြစ်မှန်ကို လာဝန်ခံရင်း ချစ်တဲ့အကြောင်းဖွင့်ပြောတော့လည်း နောက်မကျသေးပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ။

ဟုတ်တယ်။ ဖေဖေပဲ။ ခြေသံဖွဖွတရှပ်ရှပ်နဲ့ သူ့အခန်းရှေ့က ဖြတ်သွားကာ အနောက်ဘက်ခြမ်းသို့ တရွေ့လျား သွားသည့် သူက ဖေဖေပဲ။

ဒီလိုအချိန်ကြီး အချိန်မတော် ဖေဖေ ဘာထ,လုပ်တာပါလိမ့်။

ညဦးပိုင်းစောစောကလည်းက ခေါင်းကိုက်ချင်တာနဲ့ ဘိုင်အိုဂျက်ဆစ်တစ်ပြား ဒိုင်ယာဇီပင်တစ်ပြားသောက်ပြီး အိပ်ပစ်လိုက်သော သားရွှေရောင်က ညနစ်နာရီလောက်မှ တစ်ရေးနိုးလာကာ လောကကြီးမှာ ဘာတွေဖြစ်လို့ ဖြစ်မှန်းမသိဖြစ်နေသည်။

ခါတိုင်းညတွေရော ...ဖေဖေ ဒီလိုပဲထွက်ထွက်လာ



တတ်သလား။ ရေထွက်သောက်တာ၊ အိမ်သာဝင်တာလို့တော့ ဆင်ခြေမပေးပါနှင့်။ ဖေဖေတို့ အိပ်ခန်းဟာ ရေချိုးခန်းအိမ်သာတွဲလျက်ရှိသည့်အပြင် ရေခဲသေတ္တာ အသေးစားလေးတစ်လုံးပါရှိတာမို့ ညနေညတာ ကိစ္စအားလုံး အခန်းထဲမှာတင်ပြီးသည်။

အောင်မယ်။ ဖေဖေက တရွေ့ရွေ့နဲ့ ဒေါ်လေး ...အခန်းဘက်သွားနေတာပါလား။

ခါတိုင်းညတွေတော့ ဒေါ်လေးက အိမ်ဖော်ပုစိန်ကိုသူ့အခန်းထဲ ခေါ်သိပ်လေ့ရှိသည်။ ဒီရက်ပိုင်းတော့ ပုစိန်က တောထဲ သူ့အမေနေမကောင်းလို့ ပြန်သွားတာမို့ အခန်းထဲမှာ ဒေါ်လေး တစ်ယောက်တည်း။

သားရွှေရောင်စိတ်ထဲ ခပ်လေးလေးတစ်မျိုးကြီးဖြစ်သွားသည်။

ခုတစ်လော ဖေဖေဟာ အိမ်ပြန်နောက်ကျတ်သည့်အပြင် ပြန်လာတော့လည်း သောက်လာပုံရသည်။ တစ်ခါတစ်ရံကျတော့ ဖေဖေ့ကို လိုက်ပို့သည့် သူငယ်ချင်းတွေက ဟေးလားဝါးလားနဲ့ စီနီးမကိစ္စတွေ ပြောတတ်ကြသေးသည်။

မေမေ မရှိတော့ ဖေဖေဟာ အထီးကျန်ဘဝကို ...ငြီးငြီး ငြီးငွေ့လာပြီလား။ ဒါမှမဟုတ် အစကတည်းက မေမေ့အပေါ် စိတ်ကုန်ပြီး တခြားမှာ အာရုံရောက်နေနှင့်ပြီးသားလား။

www.burmeseclassic.com

www.burmeseclassic.com



သားရွှေရောင်က စိတ်ကိုပိုင်းဖြတ်လိုက်ကာ အခန်းထဲက အသာထွက်လိုက်သည်။ မှောင်ကြီးမည်းမည်းထဲ ဖေဖေသွားသည့် လမ်းကြောင်းအတိုင်း နောက်ကအသာလေးလိုက်သွားလိုက်သည်။

ဟော။ ဖေဖေ တံခါးကို ဖွင့်ဖို့ကြိုးစားနေပြီ။ အသံမမြည်အောင် တိတ်တိတ်လေးကြိတ်ဖွင့်နေတာ ဘာသဘောလဲ။ ညနက်သန်းခေါင် ကိုယ့်ခယ်မအပျိုကြီးရဲ့ အခန်းတံခါးကို တိုးတိုးတိတ်တိတ်ဖွင့်နေတာဟာ အကြံအစည်ကောင်းဖြစ်နိုင်ပါ့မလား။

သားရွှေရောင့် သွေးတွေ ဆူပွက်လာသည်။ မှန်းတီးခြင်းတို့က လည်ချောင်းထဲကနေ လျှာအထိ ခါးသီးမှုအရသာကိုပေးသည်။ ယောက်ျားတစ်ယောက်ဟာ သူခိုး၊ ဓားပြ၊ လူသတ်သမားလူလိမ် ကြိုက်တာဖြစ်လို့ရသည်။ ဒီလို အကျင့်တန်တာမျိုးကျတော့ နည်းနည်းမှ သည်းမခံနိုင်။ မိန်းမ,မရှိတုန်း ဖောက်ပြန်ချင်လျှင်လည်း တခြားမိန်းနဲ့ဆို ထားပါတော့။ ကိုယ့်ခယ်မ အရင်းခေါက်ခေါက်ကိုမှ ... ။

မဖြစ်ဘူး။ မဖြစ်ဘူး။ ဒီကိစ္စဖြစ်မြောက်သွားလို့မရဘူး။ တားမှဖြစ်မည်။ မဖြစ်ဖြစ်အောင်ကိုတားရတော့မည်။

"ဖေဖေ ... ဘာလုပ်မလို့လဲ ... ဒေါ်လေးအခန်းထဲ မဝင်နဲ့ ဒီလိုယုတ်မာတာမျိုး ကျွန်တော်လက်မခံဘူးဗျ"



သားရွှေရောင့် အသံက ဟိန်းထွက်သွားသည်။ တစ်ပြိုင်နက်တည်းမှာပဲ တစ်အိမ်လုံး မီးတွေဖြောင်းခနဲနေအောင် လင်းလာသည်။

ဖေဖေက ဒေါ်လေးအခန်းဝမှာ။ အဲ ... မဟုတ်သေးဘူးဗျ။ ဒေါ်လေးအခန်းဘေးကပ်လျက် စတိုခန်းတံခါးဝမှာပါလား။

"ဟဲ့ ... ဘာဖြစ်တာလဲ ... နင် ဘာအော်တာလဲ"

နောက်ဘက်က အသံကြားလို့ လှည့်ကြည့်လိုက်တော့ တီဗွီရိုမှတ်ကြိုးကိုင်လျက်သားနဲ့ ဒေါ်လေး။ ပြီး အိမ်က ကားမောင်းသည့် ကိုတင်ဖေနဲ့ မအေးတို့လင်မယား။ သူတို့ သားအကြီးကောင်းလေးတောင်ပါလိုက်သေး။

ဒီအချိန်ကြီး ဒေါ်လေးက တီဗွီရိုမှတ်ကြိုးကိုင်ပြီး ... ဘာလုပ်တာလဲ။ ကားဒရိုင်ဘာ ကိုတင်ဖေတို့ မိသားစုကလည်း သူ့အော်သံကြားလို့ ပြေးတက်လာတာတော့ မဖြစ်နိုင်။ အစ,ကတည်းက အိမ်ပေါ်မှာရှိနေကြတာပဲဖြစ်မည်။ သူတို့ကရော ဘာလုပ်နေတာလဲ။

"ဒေါ်လေးက အခန်းထဲက မဟုတ်ဘူးလား ... ပြီးတော့ ဖေဖေကရော ဘာလို့ ဒေါ်လေးအခန်း ... အဲ ... "

"မင်းအဒေါ်အခန်းရှေ့မှာ ငါ ရပ်မိလို့လားကွ ... ငါဘယ်

www.burmeseclassic.com

www.burmeseclassic.com



မှာရပ်နေတာလဲ သေချာအောင်ကြည့်ဦး ... ”

ဖေဖေက အသားတွေ တဆတ်ဆတ်တုန်နေပုံနှင့် အသံကြီးကလည်း မူမမှန်စွာ ဟိန်းအက်နေသည်။

သားရွှေရောင်လည်း အခြေအနေကို နားမလည်နိုင်ပေမယ့် သူ တစ်ခုခုမှားသွားခဲ့ပြန်ပြီဆိုတာကိုတော့ သဘောပေါက်စွာ ချွေးတွေစိမ့်ယိုထွက်လာရသည်။

“ဟို ... ဟို ... မီးပျက်နေတာလား”

“မီးပျက်နေလို့ ငါ့ကား ဧည့်ခန်းရောက်မှ လွတ်သွားတာပေါ့ဟဲ့ ... ဟိုမှာ စန်းစွံစိတ်ဆိုးပြီး ထွက်သွားတာကို ကျိနောက လိုက်သွားတာ ... မီမလား ... မမီဘူးလား ... မသိလိုက်ရတဲ့ကြားထဲ ... မီးပြန်လာတော့လည်း နှင့်အသံကြီးနဲ့ အလန့်တကြားနိုင်လွန်းလို့ ... ဘာတွေအော်နေတာလဲ ... ”

“တီဗွီ ... ဒေါ်လေးက ဒီအချိန်ကြီး ဘာလို့တီဗွီထ,ကြည့်နေတာလဲ”

“ဒီအချိန်မကြည့်လို့ ဘယ်အချိန်ကြည့်ရမှာလဲ ... ညဘက် ဇာတ်လမ်းက ကိုးနာရီခွဲမှာလာတာဟဲ့ ... အခုမှ ဆယ်နာရီ ဆယ်မိနစ်ပဲရှိသေးတယ် ... လာ ... လာ ... သူတို့ ဂရုစိုက်မနေနဲ့ ... ဇာတ်လမ်းက မီဦးမယ် ... ”



ဒေါ်လေး ဦးဆောင်သည့် အဖွဲ့ အိမ်ရှေ့ခန်းသို့ ပြန်ထွက်သွားကြသည်။ ဒေါ်လေးက သူ့ဇာတ်လမ်းကြည့်ဖို့ကလွဲလို့ ဘာမှ စိတ်ဝင်စားသည့် ပုံရပေမယ့် ကိုတင်ဖေတို့ လင်မယားကတော့ အဖြစ်အပျက်ကို သဘောပေါက်သွားကြပုံနဲ့ ပြုံးစိစိတွေ။

“ဖောင်း”

“အား”

သေပါပြီဗျာ။ ကမ္ဘာဦး အဖေရဲ့ လက်သီးချက်က မိုက်တိုင်ဆန်ရဲ့ လက်သီးထက်တောင် ပြင်းထန်သေးလားမသိ။ မေးရိုးကို အောင်ကပင့်ထိုးလိုက်တာများ လူက လန်ထွက်ပြီး ... မြောက်တက်သွားပြီးမှ ကြမ်းပြင်ပေါ် ဘုန်းခနဲ ပြန်ကျသည်။

“မင်း ... မင်း ... ငါ့ကို ဘယ်အငြိုးနဲ့ ဒီစကားတွေပြောတာလဲ ... ငါ့အရှက် ငါ့သိက္ခာကို ရစရာမရှိအောင် ဇော်ကားလိုက်တာလား ... ဟုတ်လား ... မင်း ငါ့သားမဟုတ်ရင်တောင် လူသားစိတ်ဓာတ်ရှိသင့်တယ် ... လူတစ်ယောက်ကို ဒီလိုအောက်တန်းကျတဲ့နည်းနဲ့ အရှက်ခွဲဖို့ မကောင်းဘူးကွ ... ”

“ကျွ ... ကျွန်တော် တောင်းပန်ပါတယ် ဖေဖေ ... ကျွန်တော်က ... ဟို ... အချိန် ... အိုး ... အခုမှ ဆယ်နာရီခွဲရှိသေးတာကို ... ခုနက ကျွန်တော် အိပ်ရာကနိုးတော့ ဆယ်

www.burmeseclassic.com

www.burmeseclassic.com



နာရီ ဆယ်မိနစ်ကို နှစ်နာရီထိုးဖို့ ဆယ်မိနစ်မှတ်တာပဲဖြစ်ရမယ် … တစ်အိမ်လုံးကလည်း မှောင်နေတော့ မီးပျက်တာလို့မထင်မိဘူး … ညမို့ မီးပိတ်ထားတယ်ပဲထင်တာ … ဖေဖေကလည်း ဖြည်းဖြည်း … ဖြည်းဖြည်းနဲ့"

"ဟော့ကောင် … မှောင်ထဲမှာ ငါက ဖြည်းဖြည်းမသွားလို့ အတင်းတွန်းတိုက်ပြီးသွားရမှာလားကွ … မီးပျက်သွားလို့ ဖယောင်းတိုင်ထွန်းရအောင် စတိုခန်းထဲ ဝင်ယူတာကွ … မင်း အနွေ့ဒါအခန်းတံခါကို ငါဘယ်တုန်းက ဖွင့်ဖူးလို့လဲ … ပြီးတော့ တစ်အိမ်သားလုံးလည်း တီဗွီထိုင်ကြည့်နေကြတာလေ"

"ဟုတ် … ဟုတ်ကဲ့ပါ ဖေဖေ … ကျွန်တော် အခုတော့ သဘောပေါက်ပါပြီ … ခုနက အိပ်ရာကနိုးကာစ နာရီလည်း မှားကြည့်မိတော့ လူက ယောင်တောင်တောင်ဖြစ်သွားပြီး"

"ယောင်တယ် … ယောင်တာက … ကောင်းလွန်းလှချည်လား … အဖေကိုမှ သေကွင်းတည့်တည့်ပို့တဲ့ ယောင်နည်း ငါသိတယ် … ဒါ မင်းသက်သက်လုပ်တာ … မီးငယ်လေး ကိစ္စမှာ မင်းကို ငါက မခေါ်မပြောဆန့်ကျင်ထားလို့ အငြိုး ထားပြီး လက်စားချေတာ … မင်းက လူလည်ပါ ကမ္ဘာဦး ရာ … ယောင်တာတို့ မှားတာတို့ မဖြစ်နိုင်ပါဘူး … ကိုတင်



ဖေတို့လည်း အိမ်ပေါ်မှာရှိမှန်းသိလို့ ငါအံ့ရှက်ကွဲရအောင် တမင်လုပ်တာ … မင်းအကြောင်း ငါအသိဆုံးပါကွာ"

"မ … မဟုတ်ဘူး … "

"ဟော့ကောင် … မင်းပါးစပ်ပိတ်"

"ကျွန်တော် … ကျွန်တော်ရှင်းပြ … "

"တော်စမ်း ကမ္ဘာဦး … မင်းချီးစားပြောရင်တောင် ငါကတော့ ကြိုက်တယ်လို့ပဲမှတ်တယ် … ငယ်လေး ကိစ္စတုန်းကတောင် မတော်တဆဖြစ်ရတာလေ၊ … မင်းမှာ ကြိုတင်ကြံစည်မှုမရှိဘူးဆိုပြီး ငါက ခွင့်လွှတ်နိုင်ခဲ့သေးတယ် … ဒီတစ်ခါတော့ လုံးဝခွင့်မလွှတ်ဘူး … မင်းသွားတော့ … ငါ့အိမ်ကလုံးဝဆင်းသွား … မင်းလိုကောင် တစ်သက်အပြတ်ပဲ"

"ဖေဖေ"

"ဆင်းဆိုဆင်းကွာ … နောက်ထပ် နာရီဝက်အတွင်း မင်းအိမ်ပေါ်ကမဆင်းရင် ငါကိုယ်တိုင်ကန်ချမယ်ကွ"

"ဒီမှာ ဖေဖေ … ကျွန်တော်က ဖေဖေ့သား ကမ္ဘာဦး အစစ်မဟုတ်ပါဘူး … မန္တလေးကလာတဲ့ သားရွှေရောင်ပါ … ကျွန်တော်က ဒီအိမ်ကအကြောင်း သိပ်မသိလို့"

"ဟော့ကောင် … မင်းဘာတွေလာညာချင်သေးတာလဲ … နာမည်အတု လိပ်စာအတုနဲ့ လာလိမ်နေရအောင် ငါက

www.burmeseclassic.com

www.burmeseclassic.com



မင်းကို မွေးကာစထဲက သိလာတဲ့အကောင်မဟုတ်လို့လား
နှုတ်ထွက်သွားကွာ ... ”

ဘယ်လိုမှ ဖြေရှင်းလို့လဲမရတော့ပါလား။ သားရွှေရောင်တို့တော့ ဒီအိမ်မှာ ဆက်နေဖို့ မဖြစ်နိုင်တော့တာ သေချာနေလေပြီ။



“ပျော်တော်ဆက် ... ဘီယာဂါးဒင်း”

အရောင်ပျော့ပျော့ ဆိုင်းဘုတ်ကိုမြင်မှ ခြေဦးတည့်ရာထွက်မိတာ ဒီကိုရောက်နေပေါ့လို့ သားရွှေရောင်က သိတော့သည်။

ပထမတစ်ခါ အိမ်ပေါ်ကဆင်းလာတုန်းကလည်း မန္တလေးကနေ ရန်ကုန်ကိုရောက်၊ ရန်ကုန်ရောက်တော့လည်း ဘယ်သွားရမှန်းမသိဘဲ ရောက်တတ်ရာရာလျှောက်သွားနေရင်းကနေ ... ဒီနေရာကို ရောက်မှန်းမသိရောက်လာရတာ။

အခုတစ်ခါ ... ခတောနားခိုရာ အိမ်ပေါ်က ဒုတိယအကြိမ်ဆင်းလာရပြန်တော့လည်း ဒီနေရာကို ဘယ်လိုဘယ်လိုရောက်လို့လာပြန်မှန်းမသိ။ ကြည့်ရတာ သူနဲ့ ဒီနေရာဟာ ရှေးဘဝအထုံရေစက်ပါလာတယ် ထင်ပါရဲ့။

www.burmeseclassic.com



မနေ့ကဘဲ တစ်နေ့လုံးလည်း ... ခြေဦးတည့်ရာ လျှောက်သွားပြီး ညနက်မှ တည်းခိုခန်းတစ်ခုမှာ ဝင်တည်းရတာ။ သူ့မှတ်ပုံတင်က မန္တလေး မှတ်ပုံတင်မို့ တည်းခိုရတာ အဆင်ပြေသွားသေးသည်။

အိတ်ထဲမှာ်ည ပိုက်ဆံများများ မပါတာမို့ တည်းခိုခန်းချည်းကြာကြာတည်းလို့တော့မဖြစ်။ မနက်ဖြန်တော့ မန္တလေး ပြန်ဖို့ စီစဉ်ရမှာပဲ။

မနေ့ကတစ်နေ့လုံး စိတ်ဓာတ်တွေကျနေတာမို့ ... တမ္မာဦးဆီ ဖုန်းဆက်ဖို့ သတိမရ။ ဒီနေ့တစ်နေကုန်လည်း မေ့နေဆဲ။ အခုမှ သတိရတော့ အချိန်ကလွန်နေပြီ။ ဖုန်းဆက်လို့ရတဲ့ ဆိုင်တွေအားလုံးပိတ်ကုန်ပြီ။ အဲ ... လူကိုယ်တိုင်ကလည်း ဖုန်းဆိုင်ရှားပါးသော မြို့စွန်ဆင်ခြေဖုံးကိုရောက်နေခဲ့ပြီ။

အချိန်တောင်တော်တော်နောက်ကျနေပြီ။ တော်ပါသေးရဲ့။ ဆိုင်ကတော့ ပိတ်ပုံမရသေး။

သားရွှေရောင့် စိတ်ကူးကတော့ ဒီဆိုင်မှာပဲဝင်ပြီး စိတ်ပြေလက်ပျောက် တစ်ခွက်နှစ်ခွက်လောက်သောက်မည်။ ပြီးလျှင် ကိုယ့်ကို မှတ်မိအောင် ပြန်မိတ်ဆက်ထား တစ်ညလောက်တော့ တည်းခိုခွင့်တောင်းမည်။ နောက်နေ့မနက်ကျမှ မန္တလေးကို သွားဖို့ ပြင်ဆင်ရမည်။



"ဆိုင်မပိတ်သေးဘူး မဟုတ်လား"

ခပ်မှောင်မှောင်ဆိုင်လေးထဲ လှမ်းဝင်လိုက်လျှင် ခေါင်းစိုက်နေကြပြီဖြစ်သည့် လူသုံးယောက်က တစ်ဝိုင်း၊ ချောင်ကလေးထဲမှာ တစ်ယောက်တည်း ငြိမ်ငြိမ်ကုပ်ကုပ်ထိုင်နေသူက တစ်ဝိုင်း။ နှစ်ဝိုင်းတောင်ကျန်သေးတာမို့ သားရွှေရောင်က စိတ်အားတက်ကြွသွားရသည်။

"ခဏနေပိတ်တော့မှာ ခင်ဗျ ... စားပွဲတွေတောင် သိမ်းပြီးနေပြီ"

"ဟိုထောင့်က စားပွဲမှာပဲ ဝင်ထိုင်မယ်ကွာ ... ငါ့ကို အရက်တစ်ခွက်ပေး ... မင်းကြိုက်တာသာပေးကွာ"

"အမြည်းတော့ ..."

"အာလူးကြော်တော့ရမယ် ဆရာ ... ခဏနော်"

စားပွဲထိုးကောင်လေးက ထွက်သွားတော့မှ သားရွှေရောင်က လူတစ်ယောက်တည်းထိုင်နေသည့် စားပွဲဆီ လျှောက်သွားသည်။ ကိုယ်က နောက်မှရောက်လာသူမို့ အားနာသမှုနဲ့ ခွင့်တောင်းဖို့ရာ ...

"ဒီမှာ ခင်ဗျ"

သားရွှေရောင်ကလည်း အသံပြုလိုက်ရော ငုံ့ထားသည့် လူရဲ့ ခေါင်းက ဆတ်ခနဲမော့လာသည်။

www.burmeseclassic.com



ဆိုင်ထဲက မီးရောင်ဟာ ခပ်မှိန်မှိန်ဖြစ်ပေမယ့် ... ဒီတစ်ခါတော့ သားရွှေရောင်က မော့ကြည့်လာသူရဲ့ မျက်နှာကို ချက်ချင်းမှတ်မိလိုက်ပါသည်။

မမှတ်မိလို့လည်းမဖြစ်ဘူးလေ။ သူ့ကို မော့ကြည့်သူရဲ့ မျက်နှာဟာ သူ့မျက်နှာပဲ မဟုတ်လား။



အဘွားရဲ့ ခါးက သော့တွဲကြီးကို ကမ္ဘာဦးက စိတ်ဝင်စားနေတာကြာပြီ။

အဘွားဟာ ထိုသော့တွဲကြီးကို တော်တော် ဥစ္စာချောက်တာ သူသတိထားမိသည်။ အပြင်သွားတဲ့အချိန်၊ ခြံထဲဆင်းတဲ့အချိန်၊ ညည့်ခန်းလာလို့ ထွက်ဧည့်ခံတဲ့အချိန်၊ တီဗွီကြည့်တဲ့အချိန်၊ ဘုရားရှိခိုးတဲ့အချိန်၊ ထမင်းစားတဲ့အချိန်၊ နောက်ဆုံး အိပ်ချိန်မှာတောင် အနားမှာပဲထားသည်။

ကမ္ဘာဦးကလည်း အဲဒီလို ဥစ္စာချောက်တာမျိုးဆို နှိန်းပဲ။ ပြီးတော့ အသည်းလည်းယားပဲ။ တစ်ခုခုချောက်ချတာမျိုး၊ နောက်ပြောင်တာမျိုးတွေ လုပ်လိုက်ချင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပထမ နောက်သလိုပြောင်သလိုနဲ့ အဘွား ဘီရို သော့၊ မီးခွသေတ္တာသော့အတွဲကို အလစ်သုတ်ဖို့ ကြံကြည့်သေးသည်။ မရ။ နောက်ဆုံး အဘွားရေချိုးတုန်းကျမှ အဘွားရဲ့ အဝတ်ဘီရိုထဲကနေ သော့တွဲကို အရယူနိုင်ခဲ့သည်။

နဂိုကတည်းက အဘွားသော့တွဲကို သေသေချာချာ လေ့လာထားပြီးသားမို့ သော့တွဲမှာပါဝင်သည့် သော့ချောင်းတွေနဲ့ ခပ်ဆင်ဆင်သော့တွေကို စုပြီးသား။ အသင့်ပြင်ဆင်ထားသည့် သော့တွဲအတုကို အဘွားရဲ့ အသက်ဘူးသော့တွဲနေရာမှာ ထားလိုက်ပြီး အစစ်ကို အသာသိမ်းထားလိုက်သည်။

ကမ္ဘာဦးရဲ့ စိတ်ကူးကတော့ တစ်ချိန်ချိန်မှာ အဘွားဟာ သူတယုတယ သယ်သွားနေသည့် သော့တွဲက အမှားကြီးဖြစ်ကြောင်း သိလာမည်။ အဲဒီအခါ သိပ်လန့်သွားပြီး အစစ်ကို လိုက်ရှာမည်။ အဲဒီတော့မှ သော့ကို အဘွားစားမယ့် ထမင်းထဲ မြှုပ်လို့ပဲဖြစ်ဖြစ်၊ ဆန့်ပြွတ်ပန်းကန်ထဲထည့်လို့ပဲဖြစ်ဖြစ်၊ ပန်းသီးထဲခွဲထည့်ပြီးတော့ပဲဖြစ်ဖြစ် ပြန်ဖော်ပေးလိုက်မည်။ နောက်ပြီ အဘွားကြောက်သည့် ရာဘာမြွေဖားရုပ်ကို အထဲထည့်ထားလိုက်ဦးမည်။ မီးခံသေတ္တာဖွင့်တဲ့ အချိန်ကျ အလန့်တကြားဖြစ်ရအောင်။

သူ့ အစီအစဉ်က နှစ်ဆင့်သုံးဆင့်ဆက်ဆက်ပြီး —



နောက်ပြောင်ရွှင်ရသွားမည့် အစီအစဉ်မျိုးဖြစ်သည်။ ကိုယ့်ဘာသာတော့ ဝမ်းသာအားရ စိတ်ကူးထားပေမယ့် အဘွားမီးခံသေတ္တာထဲ ဖားရုပ်ထည့်ဖို့က သိပ်မလွယ်ပါ။ အဘွားမီးခံသေတ္တာက အဘွားအခန်းထဲမှာရှိသည့်အပြင် အဘွား အခန်းရှေ့မှာ မမလေး အခန်းရှိတာမို့ သူဝင်လိုက်တိုင်း မမလေးနဲ့က တိုးတိုးနေတတ်သည်။

"ဟဲ့ ... နင့်အဘွားအခန်းထဲဝင်လိုက် ... မီးခံသေတ္တာနားတဝဲဝဲလုပ်လိုက်နဲ့ ဘာတွေအလုပ်ရှုပ်နေတာလဲ ... အဘွားကို သွားမနောက်နဲ့နော် ... ဒီတစ်ခါ ဖေဖေ ရိုက်လိမ့်မယ်"

"မမလေးကလည်း ... ကျွန်တော်က အားလုံးပျော်ပါစေဆိုပြီး နောက်တာပါ"

"အေး ... နောက်တာပြောင်တာမှာ အကန့်ရှိတယ် ... ပျော်ရာကနေ ပျက်တဲ့အခြင့်ရောက်လာရင် အားလုံးဆိုးကျိုးတွေဖြစ်ကုန်မှာ ... ဟွက် ... အခုတွက် ... နင့်ဗိုက်ထဲက ဘာလဲ"

"ဘာမှမဟုတ်ဘူး"

"ဗိုးသား ... ခဏပြစမ်း ... နင့်အင်္ကျီထဲမှာ ဖောင်းနေတာ ဘာထည့်ထားတာလဲ"

မမလေးက အတင်းဆွဲတောင်းကြည့်နေပေမယ့် —

www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာဦးက ပြလို့ဘယ်ဖြစ်မတုံး။ ဘောင်းဘီထဲထိုးထိုးထားသည့် တီရှပ်အင်္ကျီရဲ့ အတွင်းထဲမှာတော့ သော့တွဲရှိသည်။ မီးခံသေတ္တာထဲ ထည့်မည့် ဖားရှပ်ရယ် ထည့်ထားတာ။ ပြလိုက်လို့ကတော့ထိ ဖြစ်မလဲ။

"ဘာမှမဟုတ်ဘူး … ခဏနေ အပြင်ထွက်ပြီး လက်ဖက်ရည် သောက်မလို့ … ပိုက်ဆံအိတ်ထည့်ထားတာ"

"ဟယ် … အထဲက ချွင်ချွင် … ချွင်ချွင်နဲ့"…

"ကားသော့ပါဗျာ"

မမလေးက မတတ်သာသည့်အဆုံး လွှတ်ပေးလိုက်ရတော့သည်။ မမလေး လက်ကလည်းလွှတ်ရော ကမ္ဘာဦးကလည်း ဖောင်းကလွှတ်လိုက်သည့် မြင်းလို ပြေးထွက်ခဲ့တော့တာပင်။ မနီးမဝေးက လက်ဖက်ရည်ဆိုင်မှာ တစ်နာရီလောက် အချိန်ဖြုန်းပြီးမှ အိမ်ကို ပြန်လာခဲ့သည်။

အဲဒီအချိန် အပြင်ထွက်လိုက်မိတာကပဲ မှားသလား။ မထွက်မိလည်း ပြဿနာကတော့ ဖြစ်မှာပဲဆိုတာတော့ မသိနိုင်တော့ပါဘူး။ ကမ္ဘာဦးလည်း ပြန်ရောက်ရော …

"လာစမ်း … လာစမ်း ဖိုးသား … ငါတို့က နင့်ကို ရိုးရိုးသားသား … မိသားစုစိတ်ဓာတ်ရှိတဲ့သူလို့ပဲ ထင်ထားတာ … နင်က လူလိမ် … သစ္စာဖောက် … အသားထဲက လောက်



ထွက် … ကိုယ့်မိဘ ကိုယ့်အဘွားအပေါ်တောင် မတော် လောဘတက်ချင်တဲ့ ကောင်ပါလား"

"အဘွား … အဘွား ဘာတွေပြောနေတာလဲ … ကျွန်တော် နားမလည်ဘူး"

"အ,ချင်ယောင်ဆောင်မနေနဲ့တော့ ဖိုးသား … မင်းကို ငါ့မြေးလေးက တုံးပေ အ,ပေမယ့် စိတ်ထားဖြူစင်ရှာတယ် လေဆိုပြီး မိသားစုတစ်ခုလုံး နစ်နာမယ့် အမှားမျိုးမှာတောင် ခွင့်လွှတ်ထားတာ … နင်က လုပ်ရက်တယ် … အဲဒီတုန်းကလည်း နင် ဟိုလူနဲ့ပေါင်းပြီး ငါတို့ မိသားစုကို ဒုက္ခပေးတာ ဖြစ်ချင်ဖြစ်မှာ"

"ဟုတ်လောက်တယ် အဘွား … သူပါ ဝိုင်းလိမ်တာဖြစ်မယ် … ကိုယ့်မျက်စိအောက်တင် စိန်တွေကို အလုံးလိုက်လဲသွားတယ်ဆိုတာ ယုတ္တိမှ မရှိတာဘဲ"

"အဲဒါတွေအသာထားဦး … သူယူထားတာတွေ ဘယ်မှာလဲဆိုတာ အရင်မေး"

"တံခါးတွေလည်း သေသေချာချာပိတ်ထားဦး … ဒင်းက အထုပ်အပိုးတောင် ပြင်ထားပြီးပြီ … အခွင့်သာတာနဲ့ အပြီးအပိုင်လစ်ထွက်တော့မှာ"

www.burmeseclassic.com



"သူ့ဘကြီးသာရှိလို့ကတော့ တစ်ခါတည်း သတ်တောင် သတ်ပစ်မယ်ထင်တယ် ... ဘကြီးမရှိတာ နင်ကံကောင်းတယ်မှတ်"

ဘာတွေဖြစ်ကုန်ကြတာပါလိမ့်။ ဧည့်ခန်းထဲမှာ ... ကမ္ဘာဦးရဲ့ အဝတ်သေတ္တာကပွင့်လျက်သားရှိနေပြီး အထဲက အဝတ်အစား အသုံးအဆောင်တွေအားလုံး ပြန့်ကျဲလို့။

အိမ်ကိုလွှမ်းလုပြီမို့ သားရွှေရောင်နဲ့ အချိန်းအဆက်လုပ်ပြီး လူချင်းပြန်လဲတော့မယ်လို့ ဆုံးဖြတ်ကာ ကိုယ့်အဝတ်အစားတွေကို ပြန်သိမ်းထားတာ။ လောလောဆယ်တော့ သားရွှေရောင့် အဝတ်အစားကိုပဲ သူက ယူဝတ်နေတာလေ။

"နေပါဦး ... ဘာတွေဖြစ်နေတယ်ဆိုတာ ကျွန်တော့်ကိုလည်း သေချာရှင်းပြပါဦး"

"နင့်အကြောင်းတွေပေါ်ပြီလေ ... အေးအေးဆေးဆေးမှ ပေါ်လိမ့်မယ် ... မပေါ်ခင် အရင်လစ်မယ်လို့ နင်က အကြံထားပေမယ့် ကံဆိုးတော့ ချက်ချင်းကို ပေါ်တာပေါ့ ... ငါ့ သူငယ်ချင်း မင်္ဂလာဆောင်သွားဖို့ အဘွားဆီမှာ လက်ဝတ်လက်စားငှားတော့မှ မီးခံသေတ္တာကို ဖွင့်ကြည့်လိုက်တော့လား လား ... အဘွား ပစ္စည်းတွေ အများကြီးလျော့



နေတာကိုး ... စိန်တစ်ဆင်စာလုံး ရှိမှမရှိတော့တာ"

"အဲဒါ ကျွန်တော်နဲ့ ဘာဆိုင်လဲ"

"နင် ... အဘွားအခန်းထဲ ဝင်လိုက်ထွက်လိုက်နဲ့ တစ်ခုခု ချောင်းမြောင်းနေတာ မြင်ကတည်းက ငါမသင်္ကာတာ ... အဘွားသော့တွဲလည်း နင်ခိုးထားတယ် ... သော့တွဲအတုနဲ့လဲထားတယ် ... အဘွားက သော့အပိုနဲ့ ဖွင့်လိုက်တော့ အထဲမှာ ပစ္စည်းတွေလျော့နေတာပဲ ... မနက်က နင်နဲ့ငါ အဘွားအခန်းရှေ့မှာ တွေ့တုန်းက နင့်အင်္ကျီထဲမှာ ဘာတွေလဲလို့ ငါမေးတော့ နင်မပြရဲဘူးလေ ... အဲဒါ ... အဘွားသေတ္တာထဲက ခိုးလာတဲ့ လက်ဝတ်လက်စားတွေပဲ မဟုတ်လား ... အဲဒါတွေယူပြီး နင်ထွက်သွားပုံထောက်ရင် ဝစ္စည်းတွေ အိမ်ထဲမှာ ဖွက်ထားမှာမဟုတ်ဘူး ... အပြင်ကို ပို့ပြီးပြီ ပြီးမှ အရိပ်အခြေကြည့်ပြီး လစ်တော့မယ် ... ဟုတ်တယ်မဟုတ်လား"

"သမီးငယ် ... သူသိပြီးသားတွေ ရှင်းပြမနေနဲ့တော့ ... ပစ္စည်းတွေ ဘယ်မှာ ဝှက်ထားလဲသာမေး"

သေပြီ။ သေပါပြီကော။

သေမယ့်အပတ်ထဲမှ စစ်ထဲဝင်ဆိုတာလို အဘွား...

www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းတွေအကြောင်း တစ်ခုခုနဲ့ ပျောက်မည့်အချိန်ကျမှ သူဟာ
လည်း သော့ကို ယူထားမိတာကိုး။ အခုတော့ ဘယ်လိုမှ ရှင်းပြရ
နိုင်သည့် အရှုပ်ထုပ်ကြီးထဲမှာ ကွိခနဲမိနေပြီပေါ့

"ကျွန်တော် ရှင်းပြပါရစေဦး ဖေဖေ ... အဘွား ... မေမေ
ကျွန်တော်က အဘွား သူ့သော့တွဲကြီးကို ဥစ္စာခြောက်လှန်
လို့ နောက်ချင်လာတာနဲ့ ခဏယူထားတာပါ ... ပြီးမှ ...
အဘွားလန့်သွားအောင်လုပ်ပြီး ပြန်ပေးမလို့ပါ ... မနက်က
မငယ်နဲ့ အခန်းဝမှာ တွေ့တော့လည်း လူလစ်ရင် မီး
သေတ္တာထဲ အဘွားကြောက်တဲ့ ဖားရုပ်ထည့်ထားမလို့ ...
ဖွက်ယူလာတာပါ ... ဒီမှာ သော့တွဲ ... ဒီမှာအရုပ်"

ကမ္ဘာဦးက အကျီရင်ဘတ်ထဲထည့်လာသည့် အရုပ်
ကို သက်သေအဖြစ် ထုတ်ပြလိုက်ပါသည်။ ဒါပေမဲ့ မိုးကြီးပစ်တာ
ထန်းလက်နဲ့ကာသလိုပဲ ဒီလောက်ကြီးမားတဲ့ အမှုကြီးကို ဒီအရုပ်
လေးနဲ့ ဖြေရှင်းလို့ ဘယ်လောရပါလိမ့်မလဲ။

"မင်းက ဝန်မခံဘူးပေါ့ ... ဖိုးသား ... မင်း အမှန်အတိုင်း
စောစောစီးစီးပြောရင် ငါတို့သားဖြစ်တာကို ထောက်ထား
ပြီး တိုးတိုးတိတ်တိတ်ပဲ ကျေအေးမယ်နော် ... ဝန်မခံရင်
တော့ ရဲတိုင်ပြီး စစ်ဆေးရမှာပဲ"



မဖြစ်ဘူး။ ရဲတိုင်လို့ကတော့ လူချင်းလဲထားတာ
တွေပါ ပေါ်ကုန်တော့မည်။ သူတို့သား သားရွှေရောင်မဟုတ်မှန်း
သာ သိသွားလို့ကတော့ ဘယ်လိုပဲဖြေရှင်းဖြေရှင်း ကမ္ဘာဦးက သူတို့
ပစ္စည်းတွေလိုချင်လို့ တမင်အကြံအဖန်လုပ်ပြီး လူစားလဲခဲ့တယ်
ဆိုပဲ ယုံကြည်ကြတော့မှာပဲ။

လောလောဆယ်တော့ ... လူစားလဲထားတယ်ဆို
တာ မပေါ်အောင် အရင်ဖုံးမှ။ တော်သေးတယ်။ မှတ်ပုံတင်ကခါ
တိုင်းလို အဝတ်အိတ်ထဲ ထည့်မထားမိဘဲ လမ်းကြိုတာနဲ့ ရန်ကုန်
ခင်းဖို့ ကားလက်မှတ်ဝယ်ရအောင် အိတ်ထဲ အဆင်သင့်ဆောင်
ထားမိပေလို့။ မှတ်ပုံတင်သာ တွေ့သွားလျှင် သူဟာ သားရွှေရောင်
မဟုတ်တဲ့အကြောင်း ချက်ချင်းသိသွားမှာ။ ထိုအခါ ငှဲညာမှု၊
လိမ်လည်မှု တွေ့ရှိတယ်ဆိုတာလည်း ဘာတစ်ခုမှ ရှိလာမှာမဟုတ်တော့။

"ကျွန်တော် မလုပ်ဘူး ဖေဖေ"

"ဒီလောက် လက်ပူးလက်ကြပ်မိနေတာတောင် ငြင်း
နေသေးတယ်ဆိုတော့ မင်း ... တော်တော်ကြောက်စရာ
ကောင်းတာပဲ ... ကောင်းပြီလေ ... ဒါဆိုလည်း ဘယ်သူမှ
ဆက်မေးမနေကြနဲ့ ... ဒီကောင့်ကို ဂိုဒေါင်ထဲထည့်ပြီး သော့
ခတ်ပိတ်ထား ... ထမင်းလုံးဝမကျွေးနဲ့ ... ရေလုံးဝမတိုက်

www.burmeseclassic.com

www.burmeseclassic.com



နဲ့ ... ဘယ်လောက်ကြာရင် ဝန်ခံမလဲဆိုတာ ငါစောင့်ကြည့်မယ်”

ကမ္ဘာဦးတို့ နေရာမှာတင် ပုံခနဲသာ လဲကျသွားတော့တာပဲ။ စိတ်ညစ်တယ်ဆိုပြီး မြစ်ကမ်းဘေးသွားထိုင်ကာ – သပွတ်အူမျှောလာတာနဲ့ ကြုံရတဲ့အဖြစ်။

ကံများမကောင်းလျှင် အစာငတ်ရေငတ်နဲ့ပဲ သေမလား၊ ရဲလက်ပဲအ,အပ်ခံရကာ ... ထောင်နန်စံရဦးမလားဆိုတာတောင် မသိနိုင်တော့ပါဘူး။



“မင်းက ဒါနဲ့ ဘယ်လိုလုပ်ပြီး ရန်ကုန်ရောက်လာတာလဲ”

“ငါ့ကို ယိမ်းက သော့လာဖွင့်ပေးတာလေကွာ ... မင်းသိတဲ့အတိုင်း ယိမ်းက ဒေါ်ကြီးမိကို အပိုင်ဆိုတော့ အားလုံးအလစ်မှာ သော့ခိုးဖွင့်ပေးပြီး ငါ ရန်ကုန်ကို ထွက်လာနိုင်အောင် စီစဉ်ပေးလိုက်တာပဲ ... တော်တော် ထောင့်စေ့အောင်ကူညီပေးလိုက်တာပါကွာ ... လမ်းမှာ ငါစားဖို့အစားအသောက်ကအစ ခရီးစရိတ်အဆုံးအားလုံး စီစဉ်ပေး ... လက်မှတ်လည်း သူပဲစီစဉ်ပေးပြီး လွှတ်လိုက်တာ ... ငါ့မှာကွာ ... တစ်လမ်းလုံး စစ်ဆေးရေးဂိတ်တွေရောက်တိုင်း မင်းအိမ်က တိုင်ထားလို့များ ငါ့ကို ဖမ်းမလားလို့ ရင်ထဲထိတ်လိုက်ရတာ ...”

www.burmeseclassic.com

www.burmeseclassic.com



“ဒီလောက်တော့လည်း မရက်စက်နိုင်ပါဘူးကွာ”

“ရက်စက်တယ်လေ … ငါ့မှာ တစ်ညလောက် ထမင်းမစားဘဲ နေလိုက်ရတာ … ရေတော့ ဒေါ်ကြီးမိက ခိုးလာတိုက်လို့ သောက်ရသေးတယ် … မင်းတို့ တစ်အိမ်လုံးမှာ … ဒေါ်ကြီးမိပဲ စိတ်ကောင်းရှိတယ်”

“ငါ့အိမ်က ရက်စက်တယ်ဆိုရင် မင်း အဖေကရော မရက်စက်ဘူးလားကွ … ဒီမှာ ငါ့မေးရိုး အထိုးခံထားရတာ ပါးစပ်တောင်ကျယ်ကျယ်မဟနိုင်ဘူး”

“မင်းက ဘာတွေသွားပြဿနာရှာလို့လဲ”

သားရွှေရောင်ကလည်း သူ့အဖြစ်အပျက်ကို ပြန်ပြောပြရပါသည်။

“မင်း တော်တော် အ,တဲ့ကောင်ပဲကွာ … ငါ့အဖေက … ကတယ့်သိက္ခာရှိတဲ့ သူပါကွ … စကားပြော ဘုကျပြီး စည်းကမ်းကြီးပေမယ့် စိတ်ရင်းကောင်းတယ် … မိန်းမကိစ္စ ရှုပ်ဖို့မပြောနဲ့ … အလုပ်ကြောင့် မတတ်သာလို့ ဆက်ဆံရရင်တောင် တင်းတင်းပြတ်ပြတ်ပဲ … သူ့ သိက္ခာကိုလည်း သူ သိပ်တန်ဖိုးထားတာကွ … ဒီလို လူမျိုးကိုမှ မင်းက လူရှေ့သူရှေ့သွားပြောလိုက်တော့ သိပ်ရှက်သွားမှာပေါ့ကွာ …



မင်းကို သတ်မပစ်လိုက်တာတောင် ကံကောင်း”

“အေးလေ … ငါ့အိမ်ကလည်း ငါ့ကြောင့် ဒုက္ခကြီးရောက်ပြီးမှ မင်းက ထပ်ပြဿနာရှာတာကိုးကွ … မင်းကလည်းကွာ အဘွား မီးခံသေတ္တာနဲ့များ သွားပြီးနောက်ရတယ်လို့ … အိမ်မှာ အဲဒီလို ပေါက်ပေါက်ရှာရှာ အစအနောက်သန်တဲ့ လူမျိုး ရှိမှမရှိတာ … ငါကလည်း အဲဒီပုံစံမှမဟုတ်ဘဲ … မင်းပြောတော့ ဘယ်ယုံမလဲ”

“ငါ့ရှေ့မှာ လူလဲထားတဲ့အကြောင်း ပေါ်သွားမှာစိုးလို့ … တအားကြောက်နေရတာ … သိသွားလို့ကတော့ကွာ … ကိုယ့်သားမို့ ညှာတာထောက်ထားတာတွေ ဘာတွေရှိတော့မလဲ … ငါ့ကို ရဲစခန်းတန်းပို့လိုက်ပြီပေါ့ … ”

“ဒါတော့ မင်းထိုက်နဲ့ မင်းကံပဲ … အစအနောက်သန်လို့ ကိုယ့်အိမ်မှာတောင် မနေနိုင်တဲ့ကောင် ဒါတောင် နောင်တမရနိုင်ဘဲ ထပ်ပြီး အစအနောက်သန်ချင်သေးတာပေါ့ … မင်းကြောင့် တကယ်ဒုက္ခရောက်ရတာက ငါပါကွ … မင်းနဲ့ လူပြန်လဲပြီး ကိုယ်အိမ်ကိုယ်ပြန်ဖို့မှာ မင်းလုပ်ထားတော့ ပြဿနာကြီးနဲ့ … ဘယ်လိုလုပ်ပြန်တော့မလဲ”

“မင်းကြောင့်လည်း ငါက ဒုက္ခရောက်တာပါပဲ … အခုနေ

www.burmeseclassic.com

www.burmeseclassic.com



ငါ အိမ်ပြန်သွားရင် အဖေက ငါ့ကို ရိုက်ထုတ်တော့မှာပေါ့ သေပါပြီကွာ ... ငါ့မှာ သွားစရာကိုမရှိတော့ပါဘူး"

"ငါလည်း သွားစရာမရှိပါဘူးကွာ ... အစကတော့ အခြေအနေကောင်းရင် မင်းနဲ့တိုင်ပင်ပြီး မန္တလေးကို ပြန်တော့မလို့ဘဲ ... ခုကျတော့ ဘယ်ပြန်လို့ရတော့မလဲကွ ... ငါ သွားတာနဲ့ ခိုးမှုနဲ့ ထောင်ထဲတန်းဝင်ရမဲ့ကိန်း"

"ငါကတော့ အဖေ့ ဒေါသနဲ့ တစ်ခါတည်း အသက်ပါပျောက်မဲ့ကိန်း"

"သေသာသေလိုက်ပါတော့ကွာ"

"စိတ်ညစ်ပါတယ်ကွာ"

နှစ်ယောက်သား အရက်မမူးပါပဲ စားပွဲပေါ် ဇက်ကျိုးသွားကြသည်။

"လောလောဆယ်နေဖို့တော့ စီစဉ်ရမယ်ကွ ... "

"ဒီတစ်ညတော့ ဒီမှာပဲ ထောင်းပန်ပြီး အိပ်မယ်ကွာ"

"နောက်နေ့တွေကျတော့ရော ... ငါ့မှာ ပိုက်ဆံက သိပ်ရှိတာမဟုတ်ဘူး"

"ငါ့လက်ထဲမှာလည်း ယိမ်း ထည့်ပေးလိုက်တဲ့ ပိုက်ဆံပဲရှိတာကွ ... ဩော် ... ယိမ်းလေး ယိမ်းလေး ... ငါ့အတွက်



သူရှိတဲ့ မုန့်ဖိုးလေးအကုန်ပေးလိုက်ရှာတာ ... နောက်ဆက်တွဲပြဿနာလည်း သူပဲ ရှင်းပေးမယ်တဲ့ ... မိဘအရင်းက ရက်စက်သလောက် တစိမ်းတွေကမှ ကောင်းတယ် ... ဒါနဲ့ ဟော့ကောင် ... မင်းက မင်းအမေအရင်းရဲ့ သားရင်းကော ဟုတ်ရဲ့လား ... မွေးစားတာများလား ... ငါနဲ့မင်းက ဒီလောက်ရုပ်ချင်းဆင်နေတာ အမွှာတွေဘာတွေဖြစ်ပြီး တော့ ငါက မိဘအရင်းနဲ့ကျန်ခဲ့ ... မင်းကို သူများကမွေးစား ... မဖြစ်နိုင်ဘူးလား ... "

"အောင်မာ ... မွေးစားသားဖြစ်ရင်းဖြစ် မင်းဖြစ်ပါလား"

"ငါ့အမေ အဖေက ငါ့ကိုချစ်တယ်ကွ ... မင်းမိဘတွေကတော့ ပစ္စည်းပျောက်တာနဲ့ပဲ လူကို အစာတော်ချုပ်နှောင်ထားတာနဲ့ ရဲတိုင်မှာနဲ့ ... သားအရင်းကို ဆက်ဆံတာနဲ့ကို မတူပါဘူးကွာ ... "

"ကမ္ဘာဦး ... မင်းသေတော့မယ်နော် ... ဘာလို့ ငါ့ကိုလာစနေသေးတာလဲ"

သားရွှေရောင့်အသံက တကယ်ပဲ တွေးပူပြီး ထိခိုက်ခံစားသွားရသလို တုန်ခါနေသည်။ ကမ္ဘာဦးရဲ့ အတွေးကို သူလည်း ငြင်းသာငြင်းနေရတာယ် သက်ာမတင်းဖြစ်ပြီး စိတ်ပူလာတဲ့ပုံဝင်း

www.burmeseclassic.com

www.burmeseclassic.com



"မင်း အခု အိမ်ကိုမပြန်ရဲဘူး မဟုတ်လား ... ငါက ပြန်မယ်ကွာ ... အဖေ့ကို အကြောင်းစုံဖွင့်ပြောမယ် ... သူ မကျေနပ်လို့ ရိုက်လည်းခံမယ် ... အဖေက ငါ့ကို ဒီထက်ပိုဆိုးအောင်တော့ ဘာမှမလုပ်ဘူး သေချာတယ်"

"ပြန် ... ပြန် ... မင်းပဲပြန် ... ငါကတော့ ခြေဦးတည့်ရာပဲ လျှောက်သွားနေတော့မယ်"

သားရွှေရောင့်အသံမှာ ဒိုသံကြီးပေါက်နေသည်။ တစ်ညလုံး မအိပ်ဘဲ ငိုင်တွေသွားသည့်အပြင် နောက်တစ်နေ့မနက်ရောက်တဲ့အထိ စကားလည်း တစ်ခွန်းမှ မပြောတော့ပေ။

မနက်ရောက်တော့ ကမ္ဘာဦးက မျက်နှာသစ်၊ သွားတိုက်၊ ခေါင်းလေးဘာလေးဖြီးကာ အဝတ်အစားကို သပ်သပ်ရပ်ရပ်ဖြစ်အောင်ပြုပြင်၊ ညက ... အိပ်ထားသည့် အိပ်ရာကို သိမ်းဆည်း။ သားရွှေရောင်ကတော့ မလှုပ်။

"မင်း တကယ်သွားတော့မှာလား ... "

"သွားမှာပေါ့ ... မင်းကရော ဘယ်တော့ပြန်မှာလဲ"

"ငါမပြန်ဘူး"

သားရွှေရောင်က ဓာလေးကြီးတစ်ယောက်လို ပြန်ဖြေသည်။ သူ့ ပုံစံက ရယ်စရာကောင်းပေမယ့် ကမ္ဘာဦးကတော့ သနားသွားပုံရပါသည်။



သူတို့နှစ်ယောက် လူချင်းတွေ့ဖူးတာ ဒါဒုတိယအကြိမ်၊ ဖုန်းနဲ့ စကားပြောဖူးတာ သုံးကြိမ်ပဲရှိသေးသည်ဆိုပေမယ့် ကိုယ့်မျက်နှာကို ပိုင်ဆိုင်ထားသည့် ဒီကောင့်ကို ကမ္ဘာဦးက ... သံယောဇဉ်ရှိပါသည်။

ရုပ်ရှင်တွေထဲကလို့ သွေးက စကားပြောတယ်တို့၊ မြင်လို့ရတာနဲ့ စိတ်ထဲ တစ်မျိုးပဲခံစားရတယ်တို့ စတာတွေမရှိပေမယ့်လည်း ကိုယ့်မျက်နှာကြီးနဲ့ကောင်ကို ဒီအတိုင်း ပစ္စလက္ခတ်တော့လည်း မထားရက်ပြန်ပေ။

"ဒီလိုလုပ်ကွာ ... မင်းကို ငါ့သူငယ်ချင်းတစ်ယောက်အိမ်မှာ ခဏအပ်ထားပေးမယ် ... ပြီးရင် ငါအိမ်ကိုပြန်မယ် ... အဖေ ကျေနပ်အောင်ရှင်းပြပြီး တောင်းပန်မယ်ကွာ ... အဖေက လက်ခံရင် မင်း ငါ့အိမ်လိုက်နေပေါ့ ... မန္တလေးက မင်းအိမ်ကိုတော့ ဒီကနေပဲ လှမ်းပြီးရှင်းပြတောင်းပန်ရအောင် ... "

"တကယ်လား ... "

"တကယ်ပေါ့ ... ဒီတစ်ခါ ငါတို့ နေရာချင်းပြန်လဲတာက ဒွတ်ကြီးလုပ်လို့မှမရတာ ... မင်းဘက်ကို သေချာညှိရမယ်

www.burmeseclassic.com

www.burmeseclassic.com



ငါကိစ္စကတော့ ရှင်းလို့ရပါတယ် ... ”

“မင်းကြိုက်သလိုသာစီစဉ်ပါတော့ကွာ ... ”

သားရွှေရောင် ပုံစံက အရာရာကို အရှုံးပေးလက်မြှောက်ထားပြီးသား လူတစ်ယောက်ရဲ့ ပုံပေါက်နေလေသည်။



“ဟဲ့ ... မောင်ဦး ... မတွေ့တာတောင်ကြာပြီ”

“အန်တီမြိုင်ပါလား ... မေရော မပါလာဘူးလား”

“မေက အလုပ်ရှိသေးလို့လေ ... သူ့ဆရာ သမိုင်းပါမောက္ခ အိမ် ခဏသွားတာ ... အပြန်ကျ အန်တီ့ကို ဝင်ကြိုမှာပါ ... အန်တီက စုစုနဲ့ မတွေ့ရတာကြာလို့ လာလည်တာ”

သားရွှေရောင်ကို ခဏအပ်ထားဖို့ အပိုင်ဆုံးဖြစ်မည့် ထွန်းလင်းရဲ့ အိမ်ကို ရွေးလာကာမှ မေပန်းချီ့ရဲ့ အမေနဲ့ တည့်တည့်ကိုတိုးနေတော့တာပါလား။

ထွန်းလင်းတစ်ယောက်တည်းကိုပဲ သူမဟုတ်တဲ့ အကြောင်း အသိပေးပြီး ထွန်းလင်းရဲ့ ... အိမ်သားတွေကိုတော့ ကမ္ဘာဦးလို့ပဲ အသိပေးမည်လို့ ကမ္ဘာဦးက တွေးထားတာ။ ဘာဘာ

www.burmeseclassic.com

www.burmeseclassic.com



ညာညာအကြောင်းမရှိပေမယ့် ရုပ်တူလူနှစ်ယောက်ဖြစ်နေသည့်အတွက် လူကြီးတွေ ခေါင်းရှုပ်ကုန်ကြမှာ စိုးရိမ်တာ။

ကမ္ဘာဦး မေ့သွားတာက သူ့ ဒေါ်လေးရယ်၊ မေပန်းချီ့အမေ အန်တီမြိုင်ရယ်၊ ထွန်းလင်းအမေ အန်တီစုရယ်ဟာ သိပ်ခင်ကြသည့် သူငယ်ချင်းတွေဖြစ်ပြီး။ အန်တီမြိုင်က နှစ်ယောက်စလုံးရဲ့ အိမ်ကို အမြဲဝင်ထွက်နေတတ်တာပင်။

"မောင်ဦး... မင်းအဖေနဲ့ မင်းနဲ့ ရန်ဖြစ်တယ်ဆို ... မနက်ကဈေးထဲမှာ မင်းတို့အိမ်က ကားမောင်းတဲ မောင်တင်ဖေမိန်းမနဲ့တွေ့လို့ ပြောပြလိုက်တယ်"

သတင်းပြန့်သွားတာကလည်း မြန်ပုံ။ ကိုတင်ဖေမိန်းမက အတင်းသိဂ်ပြောတာ။ နောက်ထပ် လူဘယ်နှယောက်ဆီဆင့်ပွားသွားတော့မှာလဲမသိ။

ဒါကြောင့်လည်း ... ဖေဖေက တအားစိတ်ဆိုးတာ။ ဒီလိုသာ သတင်းပြန့်နေရင် ဖေဖေ့သိက္ခာတွေ ရေစုန်မျောပြီပေါ့။

"အလကားပါ အန်တီမြိုင်ရာ ... ကျွန်တော် မှားသွားတာလေးကို"

"မင်းမှားတာလား ဘာလားတော့မသိဘူး ... တစ်ခုခုလွဲနေပြီလို့ အန်တီတော့ထင်တာပဲ ... သား အဖေက ဒီလိုလူမျိုးမဟုတ်ပါဘူးကွယ်"



"ကျွန်တော်တော့ တော်တော်ရှင်းရတော့မှာပဲ အန်တီရယ်နောက်မှ ကျွန်တော် အန်တီ့ဆီ သက်သက်လာပြီး ပြောပြပါ့မယ် ... အခုတော့ ... ဪ ... ဟော့ဒ်ကောင် ... မင်းကဘာလို့ လိုက်လာရတာလဲ"

"မင်းက ကြာနေတာကိုးကွ ... ကားဆရာက သိပ်မစောင့်နိုင်တော့ဘူး ... ဒါနဲ့ ငါလည်း ငွေရှင်းပြီး ဆင်းပဲနေလိုက်တာ ... ငါဝင်လိုက်လာလို့ မရဘူးလား"

"ဒီလောက်သေသေချာချာရှင်းပြခဲ့ရဲ့သားနဲ့ကွာ ... မင်းက တုံးကိုတုံးလွန်းတယ်"

"ဟဲ့ ... ဒီကလေးနှစ်ယောက်က"

ထွန်းလင်းအမေ အန်တီစုမျက်လုံးတွေက လှည်းဘီးလောက်ပြူးထွက်ကာ တအံ့တသြဖြစ်နေသည်။ သို့သော် ကမ္ဘာဦးအတွက် ပိုအံ့သြစရာကောင်းနေတာကတော့ အန်တီမြိုင့်ပုံစံကတအားကြီး အံ့သြသွားသည့်ပုံမရတာပါဘဲ။

"ဘယ်သူက ကမ္ဘာဦးလဲဟင် ..."

"ကျွန်တော်ပါ အန်တီ ... သူက ကျွန်တော့် သူငယ်ချင်းပါ သားရွှေရောင်တဲ့"

"မင်းတို့က ဘယ်လိုလုပ် သူငယ်ချင်းဖြစ်ကြတာလဲ ... ဒို သားလေးက မန္တလေးက မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



ဘုရား၊ ဘုရား။ အန်တီမြိုင်ဟာ စုံထောက်ဦးစံရှား ဝတ္ထုတွေဖတ်ပြီး လူတစ်ယောက်ကိုမြင်တာနဲ့ သူ့အကြောင်းတစ်ဝက်လောက်တန်းပြောနိုင်လောက်အောင်များ ... လေ့ကျင့်လေသလား။

"အန်တီက ကျွန်တော့်ကို သိနေလို့လား ... "

"သိတာပေါ့ကွယ်"

"ဒီလိုပါ အန်တီ ... အရင်တုန်းကလည်း ကျွန်တော်နဲ့ ... အန်တီဆုံဖူးပါတယ် ... ဒါပေမဲ့ ကျွန်တော့်ကို ကျွန်တော် အနေနဲ့ သိခဲ့တာမဟုတ်ဘူး ခင်ဗျ ... ကမ္ဘာဦးအနေနဲ့ပဲ တွေ့ဖူးတာပါ"

"မင်းတို့တွေက ရုပ်ယှက်ကိုခတ်နေတာပဲ ... ဟော ... သမီးလေးရောက်လာပြီး ... ကဲ ... စောင့်ဦး ... မင်းက မောင်းထွန်းလင်းကိုတွေ့ဖို့ တော်တော်အရေးကြီးမနေဘူးဆိုရင် အန်တီမြိုင်နဲ့ လိုက်ခဲ့ပါဦး ... ပြီးမှ မင်းတို့ လာချင်ရင် သမီးကို ပြန်လိုက်ပို့ခိုင်းတာပေါ့"

အရေးထဲအရာပေါ် အန်တီမြိုင်က ... တမျောင်း ကမ္ဘာဦးက စိတ်ညစ်သွားပေမယ့် သားရွှေရောင်ကတော့ မေနဲ့တွေ့ရတော့မှာမို့ အားတက်သရောဖြစ်သွားလေသည်။

"သမီးရေ ... ဘာမှ အံ့ဩမေးမြန်းမနေနဲ့ ... အိမ်ကိုသာ



မောင်း ... အိမ်ရောက်မှ ပြောတာကောင်းတယ်"

အန်တီစုကတော့ တအံ့တဩတွေဖြစ်ကာ ကျန်ခဲ့သည်။ နောက်ထပ် အံ့ဩစရာတစ်ခုကတော့ မေ့ကလည်း သူတို့နှစ်ယောက်ကို တွေ့နေတာတောင် သိပ်အံ့ဩပုံမရတာပင်။

"မေလည်း ထင်တော့ထင်သားပဲ ... အခုတစ်လော မေနဲ့တွေ့တွေ့နေရတဲ့ လူက ကိုဦးနဲ့ မတူပါဘူးလို့ ... ငယ်လေး ပြဿနာဖြစ်ပြီး နောင်တရလို့ ခြေငြိမ်သွားတာများလားလို့ပဲ ပြန်ပြန်တွေးရတာ ... အရင်လို သက်သတ်လွတ်လည်း မစားတော့ဘူး ... ဟိုနေ့က ကျောင်းလာလည်တော့ ဘဲပေါင်းဆီချက်တွေ မှာစားနေကတည်းက မသင်္ကာတော့တာ ... နောက်ပြီး အုန်းအုန်းလာပြတဲ့ လက်ဝတ်လက်စားတွေကို ဘယ်ဈေး ဘယ်အရည်အသွေးဆိုပြီး ဒက်ခနဲပြောနိုင်တဲ့ အခါကျတော့ တော်တော်လေးကို သေချာသွားပြီ... ဘာအကြောင်းကြောင့်မှန်းမသိပေမယ့် ကိုဦး နေရာကို သူလူစားဝင်နေပြီဆိုတာလေ"

"ဒါဖြင့် မေက ကျွန်တော်တို့ ရုပ်ဆင်တူနှစ်ယောက်ရှိမှန်း အစတည်းက သိနှင့်တာပေါ့"

"မေမေ ပြောပြဖူးလို့ပါ"

"ကာယကံရှင် ကျွန်တော်တောင်မသိဘဲ မေက ဘယ်လို

www.burmeseclassic.com

www.burmeseclassic.com



သုပ်သိနေရတာလဲ"

စောစောက ဖုန်းလာလို့ သွားပြောနေသည့် အန်တီ မြိုင်က ပြန်ရောက်လာကာ ...

"မေမေတို့ သိတာမသိတာ အရေးမကြီးပါဘူး သမီးရေ — အခုပဲ ကိုမင်းဇင် ဖုန်းဆက်တယ် ... သူတို့အိမ်မှာ ပြဿနာ ကြီးတက်နေပြီတဲ့"

"ဗျာ ... မေမေ ဖုန်းဆက်တယ် ... ဟုတ်လား ... ဘာတွေ ဖြစ်လို့လဲ"

"မင်း အမေလည်း မှန်းထားတာထက်စောပြီး ဒီညနေပိုင်း ပြန်ရောက်မယ်တဲ့ ... မင်း ဒေါ်လေးကတော့ အိမ်မှာ — ဆရာဝန်ခေါ်ထားရတယ်တဲ့ ... သူနာပြုပါခေါ်ထားရတာ တဲ့ တအားသောင်းကျန်းနေလို့ဆိုပဲ ... အဲဒါ မင်းအဖေက အန်တီမြိုင့်ကို လာခဲ့ဖို့ လှမ်းခေါ်ရင်း မင်းတို့ ရှိနေတာကိုပါ သိသွားတော့ ..."

"မေမေ စိတ်ဆိုးသွားသေးလားဟင် ..."

"စိတ်မဆိုးအားပါဘူး ... မိချစ်က သူ့သားကို အရမ်းတွေ့ ချင်နေတာဆိုတော့ ချက်ချင်းခေါ်ခဲ့ပေးဖို့မှာတာ"

"သူ့သား ... ကျွန်တော့်ကို ပြောတာလား"

"မင်းပဲပေါ့ကွယ်"



အားလုံးရှုပ်ယှက်ကိုခတ်နေတာပဲဟု သားရွှေရောင်က တွေးသည်။ ကိုယ့်မှာ ပြန်စရာအိမ်မရှိပေလို့သာ တစ်နေ့ကုန်ပိုပြေးလိုက် ဒီပြေးလိုက်ကိစ္စကြီးမှာ လျှောက်ပါနေရတာ။ ကိစ္စက ကိုယ်နဲ့လည်းမဆိုင်တော့တာမို့ အဆင်ပြေလို့ကတော့ ပစ်ထားခဲ့ လိုက်ပြီ။

"လာလေကွာ ... ငါ့ ဒေါ်လေးနေမကောင်းဘူးတဲ့ကွ ... အဲဒါ မင်းကြောင့်ပဲ ... မင်းပဲ"

"ငါ့ကြောင့် မဟုတ်ဘူး ... မင်းအဖေကြောင့် ... သူ့ဘာသာ စိတ်တွေဆိုးပြီး ငါ့ကို နှင်မချလိုက်ရင် အခုလိုဖြစ်ပါ့မလား ဟား ... ဟား ... မင်းဒေါ်လေးကလည်း ရယ်ရတယ် ... ငါ အထိုးခံရတုန်းကရော ... အိတ်ဆွဲပြီး ဆင်းလာတုန်းက ရော တစ်ချက်လှည့်ကြည့်တာမဟုတ်ဘူး ... သူ့ဖာတ်လမ်း ကြည့်ပျက်မှာစိုးလို့တဲ့ ... ခုကျမှ သေကောင်ပေါင်းလဲထ, ဖြစ်ရသေးတယ် ... ဖြစ်ချင်းဖြစ် ငါမသွားခင်ဖြစ်လိုက်ပါ တော့လား"

"သားရယ် ... မိချစ်က စိတ်သိပ်မမှန်ရှာဘူးလေ ... သူ့ စိတ်က ဒီလိုပဲ ကောင်းချင်ကောင်းနေတယ် ... ဆိုးချင် လည်းထ,ဆိုးပြန်ရော ... ဒါပေမဲ့ မိခင်စိတ်ကတော့ သူ့ ရင်ထဲမှာ အမြဲရှိပါတယ်ကွယ်"

www.burmeseclassic.com

www.burmeseclassic.com



"မိခင်စိတ်မဟုတ်ပါဘူး အန်တီမြိုင်ရဲ့ ... သွေးသားစိတ်ပါ အန်တီမြိုင့်ပြောတာကလည်း နေမကောင်းတာ ဒေါ်လေး မဟုတ်ဘဲ ကျွန်တော့်အမေကျနေတာပဲ"

အန်တီမြိုင်က ဘာမှဆက်မပြောတော့ချေ။ကမ္ဘာဦးတို့ အိမ်ရောက်တဲ့အထိ အားလုံး ကိုယ့်အတွေးနဲ့ကိုယ် တိတ်ဆိတ်ငြိမ်သက်နေကြသည်။



ညှော်ခန်းထဲမှာ ... အသက်ရှူသံမကြားရလောက်အောင် တိတ်ဆိတ်နေကြသည်။

စားပွဲပေါ်က ဖွင့်ထားသည့် ယွန်းသေတ္တာလေးထဲက ... စိန်ထည်ပစ္စည်းတွေက အရောင်တဖျတ်ဖျတ် လက်နေသလောက် အားလုံးရဲ့ စိတ်ထဲမှာတော့ ညှိုးငယ်မှိန်ဖျော့နေကြသည်။

"သားရယ် ... ဒါတွေ မင်းယူသွားတယ်ဆိုလည်း မေမေ့ကို ပြောဆိုတောင်းရမ်းပြီး ယူသွားပါလား"

"နှစ်ရက်သုံးရက်လေးပဲဟာကို မေမေရာ ... ပြီးတော့ ဒါတွေကို ဘိုးတော်က သိန္ဒိတင်ဝီတင်ပေးချင်လို့ ဆုံးရှုံးသွားတဲ့ ပစ္စည်းတွေဖိုး ကာမိအောင် ပြန်ပွားစည်လာစေချင်လို့

www.burmeseclassic.com



မန်းမှတ်ပေးမယ်ဆိုရင် မေမေတို့ ယုံလည်းယုံမှာမဟုတ်ဘူး ... နောက်ထပ် လူလိမ်ခံရဦးမလားဆိုပြီးတော့လည်း ကျွန်တော် ပြန်မရောက်မချင်း တပူပူတပင်ပင်ဖြစ်နေကြတော့မှာမဟုတ်လား"

ဦးဇမ္ဗူဒီပ အတွက်ကတော့ သူ့အကြောင်းပြချက်နဲ့သူ ဟုတ်လို့။ ကျန်တဲ့ သူတွေမှာတော့ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ ပျော်ပဲပျော်ရမလိုလို၊ ငိုပဲငိုရမလိုလို။

"ပြောသွားလို့ စိတ်ပူရတာက ခဏပဲသား ... အခုမှ ... တကယ်ပူပင်ရတော့မှာ"

"ဗျာ ... ဘာလို့လဲ အမေရ"

"သား မပြောမဆိုလုပ်ခဲ့တဲ့အတွက် ဒီပစ္စည်းတွေပျောက်မှုနဲ့ တခြားလူတစ်ယောက်စွပ်စွဲခံရမှာ ပြဿနာတက်မှာကို သားထည့်မတွက်မိဘူးလား"

"ဒီပစ္စည်းတွေက အသုံးနည်းပါတယ် မေမေရာ ... တစ်နှစ်တစ်ခါတောင် ထုတ်ဝတ်ဖူးလို့လား ... ပြီးတော့ အိမ်မှာရှိတာကလည်း လူရင်း ... လူယုံတွေချည်းပဲဟာ ... မိမြင်တောင် ... တောကနေ ဒီရောက်လာတာ ငါးနှစ်လောက်ရှိပြီ ... သူတို့ စာရိတ္တကို စိတ်ချရတာပဲဟာ ... ဘယ်သူ့ထင်စရာရှိမလဲ ... ကျွန်တော်ကလည်း စုစုပေါင်း



မှ ငါးရက်ကလေးပဲယူသွားတာလေ ... "

"အေး ... အဲဒီငါးရက်အတွင်းမှာမှ ပြဿနာတက်တာပေါ့ နှင့်တူမက ... မင်္ဂလာဆောင်သွားဖို့ လက်ဝတ်လက်စားတောင်းတာနဲ့ ထုတ်ကြည့်တော့ စိန်တစ်ဆင်စာလုံးမရှိတော့ဘူး ... ဒီကြားထဲလည်း ဟိုကောင်လေးက ငါ့သော့ကို နောက်ချင်တာနဲ့ပဲ ယူဖျောက်ထားတာဆိုတော့ သူ့ကိုပဲ ယိုးစွပ်မိပြီး ...

"ဘယ် ... ဘာရယ် မေမေ ... ဘယ်ကောင်လေးလဲ"

"ဖိုးသားပေါ့"

"ဗျာ ... ဖိုးသားခိုးတယ်ထင်တယ် ... ကိုယ့်မြေး ... ကိုယ့်သားကို မေမေတို့က ဘာလို့ထင်ကြတာလဲ ... ကောင်လေးက သွေးရင်းသားရင်းဖြစ်တဲ့အပြင် စာရိတ္တမှာရော ဘာပြောစရာရှိခဲ့လို့လဲ ... ကိုယ့်မိသားစု ပစ္စည်းကိုရော ဘယ်သူက ပြန်ခိုးမှာလဲ"

"အဲဒီတုန်းကတော့ သူပဲ ထင်စရာရှိတောတာကိုး ... လူဆိုတာ အရေးအကြောင်းကြုံလာရင် မိသားစုသော ဘာသောသိတော့တာမဟုတ်ဘူး ... ပြီးတော့ သူကလည်း တကယ်တော့ ငါတို့ သွေးသားရင်းမဟုတ် ... "

"မေမေ ... ဒီလိုမပြောနဲ့လေ ... ရက်သားလေးတည်းက

www.burmeseclassic.com

www.burmeseclassic.com



မေမေတို့လက်ထဲရောက်နေတာပြီး အဲဒီတုန်းက, ကလေး အသေလေးမွေးထားလို့ အရမ်းစိတ်ထိခိုက်နေတဲ့ မမကဲ သူ့သားအရင်းလို နို့တိုက်မွေးလာတာမဟုတ်လား — ဒီကိစ္စ ကျွန်တော်တို့ဒီမိသားစုနဲ့ ကြီးမေကလွဲရင် ... ဘယ် သူမှတောင်မသိကြဘူး ... အားလုံးက မမမွေးတဲ့ ကလေး ပဲ ထင်ကြတာတဲ့ဟာ ... ”

“အဲဒါ မင်းအပြစ်လေ ... ငါတို့က သူဝန်မခံမချင်း အခန်းထဲ မှာပိတ်ထားတာ ... ယိမ်းက သော့ဖွင့်ပေးလိုက်လို့ ပြေး ပြီ ... ရန်ကုန်ကိုသွားမယ်တဲ့”

“ဟာ ... မရဘူး ... မရဘူးဗျာ ... အမေတို့ သူ့ကို တစိမ်း လိုမြင်နေပေမယ့် အဲဒါ ကျွန်တော့်သား ... ကျွန်တော့် သားဗျ”

ဦးဇမ္ဗူဒီပ အသံက ငိုသံပေါက်လာသည်။ ငိုသံ ပေါက်ရုံတင်မက ဟီးခနဲနေအောင်ကို ငိုချလိုက်တော့တာပါပဲ။

“ဒီကလေးဟာ ကျွန်တော့်ရဲ့ အမှားဒဏ်ကို ခံရ ပြန်ပြီပေါ့ဗျာ ... သနားစရာကောင်းလိုက်တဲ့ ငါ့သားလေး”

ဘယ်တုန်းကမှ မနှုးညှို့ခဲ့ဖူးသော ဦးဇမ္ဗူဒီပရဲ့ ဝမ်းနည်းကြေကွဲနေသည့် မျက်နှာကို ကြည့်ကာ အားလုံး စိတ် မကောင်းကြ။



“ကျွန်တော် ရန်ကုန်လိုက်သွားမယ် ... ”

“ဟဲ့ ... ဟိုက ဘယ်သွားမှန်းမသိ ... ရန်ကုန်တင်လည်း ဟုတ်ချင်မှဟုတ်မယ် ... တစ်နေရာဆက်သွားချင်သွားမှာ ယိမ်း ပြောသလိုဆိုရင် သူ့မှာ ပိုက်ဆံလည်းသိပ်မပါသွား ပါဘူး ... ယိမ်းရဲ့ မုန့်ဖိုးလေးလောက်ပဲယူသွားရတာ ... ငွေကုန်ရင် သူပြန်လာမှာပါ”

“ဒီလောက် အယိုးအဖွပ်ခံရပြီးမှ သူက ပြန်လာရဲပါတော့ မလား ... နောက်ပြီး ကလေးက အတီးအ,တရယ် သူများ ရပ်ရွာမှာ ဒုက္ခရောက်မှာပေါ့ ... ကျွန်တော် စိတ်မပူဘဲ မနေနိုင်ဘူး အမေ ... ဖိုးသားက ... ကျွန်တော့်သွေး ကျွန်တော့်သားအစစ်ဗျ”

www.burmeseclassic.com



အိပ်ရာထဲမှာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသည့် ဒေါ်လေးကိုကြည့်ပြီး သူ့ဘဝရဲ့ ရုတ်တရက် ပြောင်းလဲသွားသည့် အပြောင်းအလဲကို ကမ္ဘာဦးက တအံ့တသြပြန်တွေးကြည့်နေသည်။

သူရောက်လာတာကိုမြင်မှ ဒေါ်လေးတစ်ယောက် စိတ်အေးချမ်းသွားပြီး အိပ်ဆေးတွေဘာတွေသောက်၊ အိုဗာတင်း တစ်ခွက်ပါသောက်ပြီး စိတ်ချလက်ချအိပ်သွားနိုင်တာ။

သူအိမ်ထဲ လှမ်းဝင်လိုက်စဉ်မှာ ... ကပိုကရိုနဲ့ ဖြေထွက်လာပြီး သူ့ပါးကို ဘယ်ပြန်ညာပြန်ဖက်နမ်းရင်း မျက်ရည်တွေ တွေကျထားသည့် ဒေါ်လေးရဲ့ အပြုအမူကို ကမ္ဘာဦးက တော်တော်နဲ့ နားမလည်နိုင်ပါ။

"နင်က ငါ့သား ... နင့်အဖေကို မုန်းပေမယ့် ငါ့သားကိုတော့



ငါမုန်းပါဘူး ... 'လို့' တဖွဖွပြောနေပေမယ့် ဒါဟာ ဒေါ်လေး ပါးစပ်က, ကယောင်ကတမ်း ရေရွတ်မှုတစ်ခုလို့ပဲ သူက ထင်လိုက်ပါသေးသည်။

ညနေပိုင်း မေမေ ပြန်ရောက်လာတော့မှ ...

"သား ... တကယ်တော့ သားကြီးက မေမေတို့ သားအရင်း မဟုတ်ဘူးကွဲ့"

"ဗျာ"

"ဟုတ်တယ် ... သားကို မေမေတို့ မွေးစားခဲ့တာ ... သား လေး ရက်သားအရွယ်မှာပဲ မေမေတို့က သားဖေဖေ တာ ဝန်ကျတဲ့ နယ်ကနေ ရန်ကုန်ပြောင်းလာတာဆိုတော့ နယ် မှာ မေမေ မွေးခဲ့တာဆိုပြီး တစ်ခါတည်း လိမ်လိုက်တော့ ဘယ်သူကမှ သံသယမဖြစ်ခဲ့ဘူးလေ"

"ကျွန်တော်က ဖေဖေနဲ့ မေမေရဲ့ သားအရင်း မဟုတ်ဘူး မဟုတ်လား ဒါဆို ... ကျွန်တော်က ဒီမိသားစုနဲ့ လုံးဝ မသက်ဆိုင်တဲ့ တစိမ်းပေါ့နော် ... "

"နေပါဦး သားရဲ့ ... သားက မေမေ့ သားမဟုတ်ပေမယ့် မေမေတို့နဲ့ သွေးချင်းအတူတူပါကွယ် ... သားရဲ့ အမေရင်း က သားဒေါ်လေး ခင်ချစ်ဝေပဲလေ ... "

"ဗျာ ... ဒေါ်လေးက ... "

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ... သားဒေါ်လေးက ... တာဝန်မယူတတ်တဲ့ ယောကျ်ားတစ်ယောက်နဲ့ အိမ်ထောင်ကျပြီး သားကို မွေးခဲ့တာ ... နောက်တော့ နှစ်ယောက်လက်ထပ်ပေါင်းသင်းလို့ မဖြစ်နိုင်ဘူးဆိုပြီး သားတို့ကို တစ်ယောက်စီခွဲယူပြီး လမ်းခွဲလာခဲ့ကြတာပဲ ... ဒါပေမဲ့ မေမေက ကိုယ့်ညီမလေးကို အိမ်ထောင်ပျက်ဘဝနဲ့ မျက်နှာမငယ်စေချင်လို့ သားကို မေမေတို့သားလို့ပြောခဲ့ပြီး ညီမလေးကိုလည်း တစ်သက်လုံးနှုတ်ပိတ်ခိုင်းခဲ့တာ ... ညီမလေးက သနားစရာကောင်းပါတယ် ... ငယ်ငယ်လေးတည်းက ဦးနှောက်လေးက တစ်မျိုးဖြစ်ပြီး စိတ်က သိပ်မမှန်ပေမယ့် မေမေ့စကားကိုတော့ နာထောင်ရှာတယ် ... အခု ပြဿနာဖြစ်တော့မှ သူ့ရဲ့ မိခင်စိတ်က ပြန်ပြီးပေါ်လာရတာကွဲ့"

ကမ္ဘာဦးက ဘာစကားမှပြန်မပြောနိုင်တော့ပါ။ သူဟာ ဒီမိသားစုနဲ့ တစိမ်းပြင်ပြင်ဖြစ်မသွားခဲ့သေးတာကိုဘဲ ဝမ်းသာရဦးမည်။

သူ တစ်သက်လုံး အဒေါ်အဖြစ်နဲ့ အနိုင်ကျင့်လိုက်၊ ရန်စလိုက်၊ နောက်ပြောင်လိုက်လုပ်ခဲ့သူက သူ့ အမေတဲ့။ အံ့ဩစရာ။ ပြောင်းလဲမှုမြန်ဆန်သည့် လောကကြီးကို မယုံနိုင်စရာ။

"အမေ ..."



ဒေါ်လေး ခုတင်ဘေးမှာထိုင်ရင်း ကမ္ဘာဦးက တိုးတိုးလေး ရေရွတ်ကြည့်မိပါသည်။ လျှာဖျားမှာ ဆန်းနေပေမယ့် ရင်ထဲက ခံစားချက်ကတော့ တစ်မျိုးပဲ။ နာကျင်တာလား၊ လှုပ်ရှားနေတာလား။

ဒီတော့မှ ကမ္ဘာဦးလည်း သားရွှေရောင်ကို သတိရတာ သွားခေါ်လာခဲ့ရသည်။ ဒီအိမ်ရောက်ရောက်ချင်းတုန်းကတော့ ဒေါ်လေး စိတ်လှုပ်ရှားမှာစိုးလို့ သားရွှေရောင့်ကို သူ့အခန်းထဲဝင်ခိုင်းခဲ့တာ။ ကိုယ့်ကိစ္စနဲ့ကိုယ်မို့ အခုမှပဲ သူ့ကို သတိရတော့သည်။

"သူ့နာမည်က သားရွှေရောင်တဲ့ ... မန္တလေးမှာနေတာ ... သူကလည်း အိမ်မှာ ပြဿနာဖြစ်လာပြီးတော့ ..."

ကမ္ဘာဦးက သူတို့နှစ်ယောက်ဆုံတွေ့ခဲ့ပုံ၊ လူစားလဲခဲ့ပုံကအစ ကိုယ်ရောက်နေသည့် အိမ်မှာ ပြဿနာတွေတက်ကာ ရှုံ့ဆင်းလာခဲ့ရပြီး ပြန်ဆုံတွေ့ကြ အဆုံး ခပ်မြန်မြန်ရှင်းပြလိုက်ရသည်။

"အင်းကွယ် ... သားတို့နှစ်ယောက်ကလည်း ရုပ်ချင်းတူလိုက်တာ ... သားမှာသာ မိရင်းဘရင်းတွေသာမရှိခဲ့ရင် သားတို့နှစ်ယောက်တို့ အမွှာလို့ထင်မိမှာပဲ ..."

မေပန်းချီတို့ ... သားအမိ ... တစ်ယောက်ကိုတစ်ယောက်လှမ်းကြည့်လိုက်ကြသည်။ ဒီနေရာမှာ သူတို့ တစ်ခုတစ်ခု

www.burmeseclassic.com

www.burmeseclassic.com



ဝင်ပြောဖို့သင့်သလား မသင့်ဘူးလား။ မျက်လုံးနဲ့ကြည့်ရင်း တိုင်ပင်နေကြတာ။

"မပြောပါနဲ့ဦး မေမေ ... ကာယကံရှင်ဘက်က သိစေချင်လား မသိစေချင်လား မပြောတတ်ဘူးလေ ... ဟိုဘက်မိသားစုကိုလည်း ငဲ့ရဦးမှာပေါ့"

"အသည်းတောင်ယားတယ်ကွယ် ... ဟိုလူ့ကို တစ်ခါတွေ့တုန်းကသာ အကျိုးအကြောင်းသေချာမေးထားမိရင် အိမ်လိပ်စာတို့ ဖုန်းနံပါတ်တို့သိနေမှာ"

"မေမေ့ ဖုန်းနံပါတ်တော့ပေးလိုက်တယ် မဟုတ်လား"

"ပေးတာတော့ ပေးတာပဲလေ ... သူကလည်း သေချာမှတ်မသွားပါဘူး ... ပြီးတော့ သူက မေမေ့ကို လာဆက်သွယ်စရာအကြောင်းလည်း ရှိမှမရှိတာ ... "

"သူ့ကိုကျတော့ ဒီအိမ်မှာပဲ ခဏခေါ်ထားနိုင်ရင် ကောင်းမယ်ထင်တယ်နော် ... ဟိုမှာက ကိုဦးလုပ်လာတဲ့ ပြဿနာကြီးက နည်းတာမဟုတ်ဘူး"

"ခေါ်ထားရမှာပေါ့ကွယ် ... ကမ္ဘာဦး ... အဲလေ ... သားရွှေရောင့် ပြဿနာက ပြေလည်သွားပြီပဲဟာ"

"မေ ... "



"ဩော် ... ကိုသားရွှေရောင် ... ဘာကိစ္စရှိလို့လဲ"

"ကျွန်တော် မေ့ကို တောင်းပန်ချင်တာပါ ... ဟိုလေ ... ကမ္ဘာဦးဟန်ဆောင်ပြီး မေ့နဲ့အတူသွား အတူလာ ... နီးနီးစပ်စပ်နေမိတာ ... မေ့ကို ... လိမ်လိုက်သလိုဖြစ်နေတယ်လေ"

ဒေါ်လေး အိပ်ရာကနိုးလာပြီဆိုတော့ အားလုံး ... တဝုန်းဝုန်းထွက်သွားချိန်မှာ သားရွှေရောင်က ဧည့်ခန်းထဲကျန်ခဲ့သည့် မေ့နားကပ်ကာ တောင်းပန်လိုက်တာပင်။

"ရပါတယ် ... ကိုသားရွှေရောင်တို့မှာလည်း ကိုယ့်အခက်အခဲနဲ့ကိုယ်ပဲ ... မေ ထင်တော့ထင်နေသား ... ကိုဦးက အမူအယာရော အကြိုက်ချင်းရော အားလုံးပြောင်းလဲသွားပါလားလို့ ... အမှန်အတိုင်းပြောရရင် ကိုသားရွှေရောင်တို့ လူစားများလဲထားသလားလို့ အစတည်းက မေ သံသယဝင်မိပါတယ် ... ရှင်တို့မှာ ရုပ်ချင်းဆင်တူရှိတယ်ဆိုတာက သိနေတာကိုး"

"ကျွန်တော် အံ့ဩတယ် ... မေက အဲဒီအကြောင်း ဘာလို့သိနေရတာလဲ"

မေပန်းချီ့မျက်နှာ တစ်မျိုးဖြစ်သွားသည်။

"စိတ်တော့မရှိပါနဲ့ ကိုသားရွှေရောင်ရယ် ... မေတို့ သား

www.burmeseclassic.com

www.burmeseclassic.com



အမိက ကြားလူတွေဖြစ်နေလို့ပါ ... ကာယကံရှင်တွေရဲ့ သဘောထားကို မသိရသေးဘဲ မေတို့ဘက်က ကြိုပြောတာမျိုး မဖြစ်စေချင်လို့ပါ"

"ထားလိုက်ပါတော့လေ ... မေ ကျွန်တော့်ကို စိတ်မဆိုးရင်ပြီးတာပါပဲ ... ကျွန်တော် လိမ်နေတာသိရဲ့သားနဲ့ _ မပြောခဲ့ဘူးဆိုတော့ မေက တော်တော်နေနိုင်တာပဲ"

"ရှင်ကလည်း ... ကလေးကျနေတာပဲ"

"ကျွန်တော်က ကမ္ဘာဦးလို လူလည် လူသွက်မဟုတ်ဘူးဗျ ထုံတယ် ... အတယ် ... ကိုယ်သိချင်တာဆိုရင် ပညာသားပါပါသွယ်ဝိုက်မမေးတတ်ဘူး ... တိုက်ရိုက်ပဲမေးတတ်တာ"

မေပန်းချီက ကလေးသူငယ်လေးတစ်ယောက်ကို နှစ်သိမ့်တော့မည့် ဆရာမတစ်ယောက်ရဲ့ အပြုံးမျိုးပြုံးရင်းက _

"အမှန်တော့ ကိုဦးနဲ့ မေက သိပ်ပြီး စကားပြောအဆင်ပြေတာမဟုတ်ဘူး ... အတွေးအခေါ်ခံယူချက်မှ မတူတာ _ ကိုသားရွှေရောင်ကတော့ မေနဲ့ စိတ်ထားချင်းတူတယ် _ ကိုသားရွှေရောင်နဲ့ စကားပြောရတာ မေ့အတွက် ပိုပြီး စိတ်ကျေနပ်စရာကောင်းပါတယ်"

"ဝမ်းသာလိုက်တာဗျာ ... မေ ... တကယ်နော်"



လောလောဆယ်တော့ ... ဒီစကားလေးလောက်ပဲ စိတ်ညစ်စရာတွေ ဆက်တိုက်ကြုံခဲ့ရသည့် သားရွှေရောင်အတွက် စိတ်ဖြေအားဆေးပဲဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုဇမ္ဗူ ... အံ့ဩစရာပဲ ... ရှင်က ကျွန်မဆိုင်ကို ရောက်လာတယ် ... တိုက်ဆိုင်လိုက်တာ ... ရှင့်ကို သိပ်တွေ့ချင်နေတုန်းရောက်လာတာ"

"တိုက်တိုက်ဆိုင်ဆိုင်ရောက်လာတာတော့ မဟုတ်ဘူးဗျ ... ကျွန်တော် မမြိုင်ကို တွေ့ချင်လို့ တမင်ဝင်လာတာ ... မမြိုင်က ဗိုလ်ချုပ်ဈေးထဲမှာ အထည်ဆိုင်ဖွင့်ထားတယ်ဆိုတာ သာမှတ်မိတာ ... ဆိုင်နာမည်မေ့သွားလို့ တစ်ဈေးလုံး လှည့်ရှာရတာဗျာ ... တော်သေးတယ် ... တွေ့ပေလို့"

"ကိစ္စအထူးရှိလို့လား"

"ကျွန်တော့် ချစ်ချစ်နဲ့ တွေ့ချင်လို့"

"ရှင်က! ... အံ့ဩစရာပဲ ... ရှင်ပဲ ချစ်ချစ်ကို ရက်ရက်စက်



စက် ဥပေက္ခာပြုထားခဲ့တာလေ"

"ကျွန်တော်က ရက်ရက်စက်စက်လုပ်ခဲ့တာ မဟုတ်ပါဘူးဗျာ ... ကျွန်တော်တို့ လက်ထပ်ဖို့ မဖြစ်နိုင်ဘူးလို့ပဲ ငြင်းခဲ့တာပါ ... ကလေးတွေတာဝန်ကိုတော့ ကျွန်တော်ယူမှာပါ သူ ကျွန်တော်နဲ့နေမယ်ဆိုရင်လည်း ကျွန်တော့် အမေ့အိမ်မှာပဲခေါ်ထားပြီး နှမလေးတစ်ယောက်လို စောင့်ရှောင်ဖို့ ကျွန်တော် အတန်တန်ပြောခဲ့ပါသေးတယ် ... သူက သူ့ကို တရားဝင် လက်မထပ်နိုင်ရင်တော့ ဘာမှစောင့်ရှောက်မနေနဲ့တော့ ... ကလေးလိုချင်လည်း တစ်ယောက်တော့ယူ... အဲဒီတစ်ယောက်ဟာ သူနဲ့ တစ်သက်မဆိုင်တော့ဘူးဆိုပြီး ကလေးတစ်ယောက်ကို ထားခဲ့ပြီး ထွက်သွားတော့တာပဲဗျာ"

"ဟုတ်တယ် ... ချစ်က ရှင့်ကို ... ဘယ်လောက်ပြတ်သားသလဲဆိုရင် ရှင့်ကို ကလေးတစ်ယောက်ပေးခဲ့တဲ့အကြောင်းတောင် ကျွန်မတစ်ယောက်တည်းကိုပဲပြောတာ ... သူ့ သိပ်အားကိုးတဲ့ သူ့အစ်မကိုတောင်ပြောမပြခဲ့ဘူး ... ကလေးတစ်ယောက်ပဲမွေးသလိုပြောခဲ့တာ ... ဒါနဲ့ ရှင့်ကလေးကိုကျတော့ ရှင်က ဘယ်လိုမွေးထားသလဲ ... "

"ကျွန်တော့်ညီမလင်မယားကိုပေးပြီး မွေးခိုင်းခဲ့တာပဲလေ"

"ရှင်တို့ မွေးတာလည်းမွေးပေါ့ ... ဒါပေမဲ့ ကိုယ့်သွေးသား

www.burmeseclassic.com

www.burmeseclassic.com



ရင်းချာကို သူမိုးလို့ ထင်ရက်တာတော့ ရက်စက်လွန်းပါတယ် ... ”

“ဗျာ ... မမြှင် ဘာပြောလိုက်တယ် ... ”

“ကလေးက အစအနောက်သန်တာပါ ... ပစ္စည်းပျောက်မဲ့ အချိန်ကျမှ နောက်ဖို့စိတ်ကူးရမိတာကတော့ ကလေးကံဆိုးတာပဲ ... ”

“ခင်ဗျား ... ခင်ဗျားက ဘာလို့ ဒီကိစ္စတွေ သိနေရတာလဲ” ရှင့်ဆီက ကလေး သားရွှေရောင်က ရန်ကုန်ရောက်နေတယ်လေ”

“ဗျာ ... သူဘယ်မှာရှိတယ်ဆိုတာ ခင်ဗျားသိလား”

“သိတယ် ... သူ့အမေဆီ ရောက်နေတယ်လေ”

“သူ့အမေဆီ ... သူက ဘယ်လိုလုပ်ရောက်နေရတာလဲ ... ကျွန်တော့်အကြောင်းရော သူသိသွားပြီလား”

“ကျွန်မ မပြောရသေးပါဘူး”

“ကျွန်တော် သားနဲ့တွေ့ချင်တယ် ... မန္တလေးကိစ္စလည်း အထင်လွဲပြီးဖြစ်ကြတာပါ ... ကျွန်တော်က, ကလေးကို မွေးစားဖို့ပေးတုန်းက ကျွန်တော့်အဖြစ်ကို မပြောချင်တာနဲ့ ခရီးသွားရင်း တွေ့ခဲ့တဲ့ မိဘမဲ့ကလေးလိုလိုပြောပြီး ... ပေးခဲ့တာဆိုတော့ သူတို့ စိတ်ထဲမှာ တစိမ်းတွေဆိုတဲ့ အသိ



ကဝင်နေတာကိုး ... ”

“ရှင် တော်တော်ရက်စက်တာပဲနော် ... ကိုယ်မွှားမိတဲ့ မိန်းကလေးကိုလည်း လက်ထပ်မယူဘူး ... ကိုယ့်ကလေးကျတော့လည်း သူများသွေးသားပါဆိုပြီး ညာပြောရက်ရတယ်လို့ ... ”

“အဲဒီတုန်းက ကျွန်တော်က တရားသမားလိုလို ... အကျင့်ထူး တစ်ခုခုကိုကျင့်ပြီး တန်ခိုးတစ်ခုခုရတော့မလိုလို ... အကြားအမြင်ရပြီး သီလစင်ကြယ်နေတဲ့ လူလိုလိုနေခဲ့တာကိုး ... ကျွန်တော် လိမ်ညာတာတော့ မဟုတ်ဘူးဗျာ ... ကိုယ်တိုင်ဖြစ်ချင်လို့ ကြိုးစားလေ့ကျင့်နေတဲ့ အချိန်ပါ ... ခင်ဗျားတို့ သူငယ်ချင်းနှစ်ယောက်က ကျွန်တော့်ကို ယုံကြည်လို့ မေဒင်မေး ... ယတြာချေခိုင်း ... အစီအရင်တွေလုပ်ခိုင်းနဲ့ လာချဉ်းကပ်တဲ့ အချိန်ကျတော့ ပုထုဇဉ်စိတ်ကလည်း ... မကုန်သေးတော့ ချစ်ချစ်ကို သံယောဇဉ်ဖြစ်မိပါတယ် ... ချစ်ချစ်ကလည်း ကျွန်တော့်ကို ယုံကြည်အားကိုးရာကန သဒ္ဒါလွန်ပြီး ... အင်းဗျာ ... ကျွန်တော်မှားခဲ့ပါတယ် ... ကိုယ်က နာမည်လေးရကာစဆိုတော့ မိန်းမသာကောက်ယူလိုက်ရင် အားလုံးက ကဲ့ရဲ့နှာခေါင်းရှုံ့ကြမှာကို ရှက်မိတာ ... ကျွန်တော်က လက်မထပ်ချင်ဘူးဆို

www.burmeseclassic.com

www.burmeseclassic.com



တော့ ချစ်ချစ်ကလည်း သိပ်စိတ်နာသွားတာ”

“ကဲ … ကဲ … ရှင့် အပြစ်တွေကို မိချစ်တို့ မိသားစုရှေ့ကျ မှပဲ ဝန်ခံမေတော့ … ကျွန်မ တာဝန်ကတော့ ရှင်တို့ကို ပြန်ဆုံအောင်ပေးဖို့ပဲရှိတယ် … ဒါ ကျွန်မ သမီးလေးလေ ရှင့်သားအကြီးနဲ့ သဘောတူထားတာ”

“မေမေကလည်း … ဒီလောက်အရေးကြီးနေတဲ့ အချိန်မှာ ဒါတွေပြောမနေပါနဲ့”

မေပန်းရှိကတော့ အကြောင်းသိနေဖြစ်နေတာမို့ မအံ့သြပေမယ့် သားရွှေရောင် (အဲ … ကမ္ဘာဦးလည်းပါ့ပါရဲ့)သာ အဖြစ်မှန်ကို ကြားရလျှင် သိပ်အံ့သြရှာမှာပဲလို့ တွေးမိနေသည်။

ဆိုင်ကိုတော့ အလုပ်သမားတွေအပ်ထားပြီးတော့ ကမ္ဘာဦး အိမ်က လူတွေကိုကြိုချိန်းကာ မေပန်းရှိုတို့ သားအမိက ဦးဇမ္ဗူဒီပကို ကမ္ဘာဦးတို့ အိမ်ခေါ်သွားရပါသည်။

“ဟာ … ဘကြီး … ကျွန်တော် သူခိုးမဟုတ်ဘူး … ဘကြီး ကျွန်တော့်ကို မဖမ်းပါနဲ့”

ဦးဇမ္ဗူဒီပကိုလည်းတွေ့ရော … ကမ္ဘာဦးက အလန့် တကြားဖြစ်ကာ ထွက်ပြေးဖို့ ပြင်ဆင်လေရော။

“သား … သားလေး … ဖေဖေ့ အပြစ်တွေပါ သားရယ်”

“ဟင် … ဘယ်က ဖေဖေလဲ … ဘကြီး … ဘာတွေလာ



ပြောနေတာလဲ … ”

“သားကို တစ်ခါက ပြောဖူးတဲ့ ဘကြီး … အဲ … ဖေဖေ ဘဝမှာ အကြီးဆုံး လျှို့ဝှက်ချက်ဆိုတာလေ … အဲဒါကို အခုပြောပြတော့မလို့လာတာပါ”

“ဒါဖြင့် အဘွားရဲ့ စိန်တွေရော”

“နောက်တော့ သား သိရမှာပေါ့ကွယ်”

“ဒါပေမဲ့ ကျွန်တော့်က သားရွှေရောင် မဟုတ်ဘူးခင်ဗျ … ကျွန်တော်က ကမ္ဘာဦးပါ … ဒီအိမ်က ဦးမင်းဇော် ဒေါ်အေး ခင်မေ … အဲ … ထားပါတော့ … သူတို့ရဲ့သားပါ”

“သားတို့ လူချင်းလဲကြတဲ့ ကိစ္စလမ်းမှာ ဒီသမီးလေးပြောပြ လို့သိရပါပြီကွယ် … သားကမ္ဘာဦးရော … သားရွှေရောင် ရောဟာ ဖေဖေ့ရဲ့ သားအမြွှာလေးတွေပါ”

“ဗျာ … ဒါဖြင့် ဘကြီးက ဒေါ်လေးရဲ့”

“မြတ်စွာဘုရားရေ … ဘကြီးနဲ့ ဒေါ်လေးတို့က ကျွန်တော် တို့ကို မွေးတာ … ကျွန်တော်တို့က အမြွှာညီအစ်ကို … ဟုတ်လား … ”

“အို … မဟုတ်ဘူး … မဟုတ်ဘူး … လူယုတ်မာ … တား ဝန်မကျတဲ့ယောကျ်ား … သားတို့က သူ့သားတွေမဟုတ် ဘူး … ”

www.burmeseclassic.com



ဘယ်အချိန်က ညွှန်းထဲရောက်လာလဲမသိသော ဒေါ်လေးရဲ့ အသံက စူးအက်လို့နေသည်။ ဆံပင်တွေ ဘယ်ညာဝေ့ဝဲသွားအောင် ခေါင်းကို အဆက်မပြတ်ခါယမ်းရင်း အရူးတစ်ယောက်လို့ ဆောက်တည်ရာမဲ့ဖြစ်နေသည်။

ဒေါ်လေးကို စောင့်သည့် သူနာပြုဆရာမက အတင်းဖမ်းချုပ်ကာ စိတ်ငြိမ်ဆေးတစ်လုံး ထိုးလိုက်ပြီးတော့မှ ငြိမ်သက်သွားတာ။ ဒါတောင် ချောင်လေးမှာ ကုပ်ထိုင်ရင်း ကလေးလို ဇာအိအိငိုကြွေးလျက် 'မဟုတ်ဘူး … မုန်းတယ်'ဆိုတဲ့ စကားလုံးတွေကို တတွတ်တွတ်ရေရွတ်နေသေးသည်။

ကမ္ဘာဦးနဲ့ သားရွှေရောင်တို့ကတော့ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ ဘယ်လိုခံစားချက်မျိုးဖြစ်ပေါ်ရမလဲ မသိနိုင်လောက်အောင်ဘဲ ရှုးချင်ချင်ဖြစ်နေကြတော့သည်။



"ဒါကြောင့် … အစကတည်းက ယိမ်း ထင်တော့ထင်သားကိုသားဟာ အရင်က ယိမ်းကို လုံးဝဂရုမစိုက်တာ … အခုတော့ အရမ်းစိတ်ထားကောင်းနေပါလားလို့"

နွဲ့ယိမ်းဖူးက ခေါင်းကလေးခါခါ၊ မျက်လုံးလေးပြူးလိုက် မှေးလိုက်၊ နှုတ်ခမ်းစုလိုက် ကားလိုက်နဲ့ ပုံစံအမျိုးမျိုးလုပ်ရင်း စကားပြောနေသည်။

မေပန်းချီက အေးစက်စက်ထိုင်နေရင်း မန္တလေးကနေ ရန်ကုန်အထိ ဦးဓမ္မဒီပနဲ့အတူ လိုက်ချလာခဲ့သော ထိုကောင်မလေးရဲ့ အတွင်းသဘောကို အကဲခတ်နေသည်။

ကောင်မလေးပုံစံက ဒီလောက်သိသာတဲ့ … သားရွှေရောင်ကို … သဘောကျနေသည်ဆိုတာ မောင်မေမေရော

www.burmeseclassic.com



တောင်မလို။ ဒါပေမဲ့ မေ သေသေချာချာသိချင်နေတာ။ ကောင်မလေးဟာ သားရွှေရောင့်ကို ချစ်တာလား၊ ကမ္ဘာဦးကို ချစ်တာလားဆိုတာကိုပဲ။

မေ့ခံစားချက်ကရော ဘယ်လိုလဲ ... ဟုတ်လား။ ရှင်းရှင်းလေးပါ။ ဟိုးငယ်ငယ်လေးတည်းက သိကျွမ်းလာရသည့် ကမ္ဘာဦးဆိုတဲ့ ကောင်လေးကို မေက သိပ်မှ ကြည့်လို့မရတာ။ မေနဲ့သူနဲ့က စရိုက်ချင်းမတူဘူးလို့ထင်သည်။ ဒီရက်ပိုင်းအတွင်းမှ ကမ္ဘာဦးဟာ သိပ်တော့လည်း မဆိုးလှပါဘူးလို့ အမြင်ရလာတာဆိုတော့ မေ နှစ်လိုလက်ခံနိုင်သူဟာ သားရွှေရောင်ပဲပေါ့။

မေ့လို့ ... ယိမ်းကလည်း ကမ္ဘာဦးနဲ့ လူကြီးချင်းသဘောတူထားသည်ဆိုပေမယ့် မေပန်းချီ့ကို အကဲခတ်နေတာပင်။

သူမရဲ့ ငယ်အိပ်မက်ဦးဟာ သားရွှေရောင်ဖြစ်ပေမယ့် ဒီရက်ပိုင်းအတွင်း သူ့အပေါ် တယုတယအလိုလိုက်ကြင်နာခဲ့သည့် ကမ္ဘာဦးကသာ သူမရဲ့ ... သံယောဇဉ်အစစ်အမှန်လေးကမ္ဘာဦးမှာက စွဲစပ်ပြီးသားရှိနေပြီဆိုတော့ ... ။ မေပန်းချီဆိုတဲ့ ချောချောလှလှလို မမကရော ကမ္ဘာဦးကို တကယ်ကြည်ဖြူလို့ လက်ခံထားတာလား။

"ယိမ်း ... ကိုယ် တစ်ခုပေးမယ် ... ကိုယ်နဲ့ သားရွှေရောင်



တစ်ယောက်ယောက်က မန္တလေးအိမ်ကို ပြန်လိုက်ပြီး တစ်ယောက်က ရန်ကုန်မှာ ကျန်ခဲ့ရမယ်ဆိုရင် ဘယ်သူက လိုက်ရမလဲ ... ဘယ်သူက နေခဲ့ရမလဲ"

မေးပုံက ပညာသားပါ့ပါလေးပဲ။ ဒါပေမဲ့ ထိုမေးခွန်းရဲ့ အဖြေဟာ ယိမ်း ဘယ်သူ့ကို ပိုတွယ်တာသလဲဆိုတာပဲလို့ ယိမ်းက သဘောပေါက်ပါရဲ့။

"ယိမ်းကို မမေးဘဲ မမမေကို အရင်မေးပါလား ... "

"ယိမ်းက အငယ်ဆိုတော့ ယိမ်းပဲအရင်ဖြေပါ"

"ယိမ်းက ... ယိမ်းကလေ ... ဟို ... ဒီလိုစဉ်းစားပါလားဟင် ... ကိုသားက မန္တလေးမှာ တစ်သက်လုံးနေခဲ့တာဆိုတော့ ဒီတစ်ခါ ကိုဦးက အဖေနဲ့ပြန်လိုက်နေရင်ကောင်းမလား ... လူချင်းအတူတူပေမယ့် ဘကြီးအတွက်က သူ့သားကြီးကို အကြာကြီးခွဲနေရတာလေ ... ဒီက အမေကျတော့ ကိုသားနဲ့ သိပ်မနေဘူးသေးဘူးဆိုတော့ ... "

ပြောရင်း ယိမ်းက ရှက်လာကာ ပါးပြင်လေးနီလာသည်။

"ဟဲ့ ... ယိမ်း ... နင့်ကို အစပ်တွေသိပ်မစားနဲ့လို့ နင့်အမေဒီလောက်မှာတာကို စားပြန်ပြီ ... မျက်နှာတစ်ခုလုံး နီနေတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ..."

မေက ရယ်ချင်သွားကာ သားရွှေရောင်ကို ဖျတ်ခနဲ လှမ်းပုတ်ရင်း ဟားဆီးလိုက်ရသည်။ ကမ္ဘာဦးကတော့ တဟားဟားရယ်ပြီး။

သားရွှေရောင်တို့ကတော့ အ,ပဲအနိုင်လွန်း။ ကမ္ဘာဦးက ဘယ်လိုအဓိပ္ပာယ်နဲ့ ဒီမေးခွန်းကို မေးခဲ့သလဲဆိုတာကိုလည်း ရိပ်မိပုံမရ။ ယိမ်းက 'သူမ သံယောဇဉ်ဝိုတာဟာ ကမ္ဘာဦးကိုပါ'ဆိုသည့် သဘောမျိုးပြောလိုက်၍ ရှက်သွားတာဆိုတာကိုလည်း နားလည်ပုံမပေါ်။ မိန်းကလေးတစ်ယောက်ရှက်နေတာကို မသိသလို ဟန်ဆောင်နေဖို့လည်း စိတ်ကူးမရ။ သိသာထင်ရှားအောင်ကို ပြောချပစ်လိုက်တာပဲ။

"ကိုသားနော် ... အဲဒါတွေကြောင့် ... ကိုသားကို ပြန်ခေါ်မသွားချင်တာပေါ့ ... သိပ်အ,တာပဲ"

ဒီလိုကျတော့လည်း မေပန်းချီက မခံနိုင်ပါ။ သူမကတော့ ကမ္ဘာဦးရဲ့ လူလည်ကျမှု၊ အစအနောက်သန်မှုတွေထက်စာလျှင် သားရွှေရောင်ရဲ့ ရိုးသားအေးဆေးမှုလေးကိုပဲ ပိုပြီး အမှတ်ပေးမိသူလေ။

"ဒီလိုတော့ မပြောပါနဲ့ကွယ် ... ကိုသားက ရိုးသားဖြူစင်တာပါ ... လူအ,တစ်ယောက်မဟုတ်ပါဘူး ... အရာအား



လုံးကို ရိုးရိုးရှင်းရှင်းပဲတွေးတယ် ... စိတ်ထဲရှိသလိုပြောတယ် ... ဒါက တန်ဖိုးရှိပါတယ်"

"ဩော် ... ဒါဖြင့် ငါက တန်ဖိုးမရှိဘူးပေါ့လေ"

"မေက နှိုင်းယှဉ်ပြောနေတာ မဟုတ်ပါဘူး"

"အေး ... နင့်ကိုတော့ မေးခွန်းမေးနေစရာမလိုဘဲနဲ့ကို ငါကသိသွားပြီ ... နင့် အဆုံးအဖြတ်ကိုမေးရင်လည်း ရန်ကုန်မှာနေခဲ့ရမယ့်သူက သားရွှေရောင်ပဲ"

ပညာရှိအမျက်အပြင်မထွက်စေနဲ့တဲ့။ မေပန်းချီကတော့ ပညာရှိအရှက်အပြင်မထွက်ဖို့ မျက်လေးတည်တင်းကာ ထိန်းသိမ်းထားလိုက်ရပါသည်။

ဒါတောင် ကမ္ဘာဦး လူရွှတ်လုပြောင်က အားမရသေး ...

"သားရွှေရောင် ... မင်းနဲ့ငါ အခုတော့ လယ်ဗယ်တူဖြစ်သွားပြီ ... နှစ်ယောက်စလုံး အန်တီမြိုင့် သူငယ်ချင်းရဲ့ သားတွေချည်းပဲ ... အန်တီမြိုင့်အနေနဲ့ ငါတို့ နှစ်ယောက်ထဲက ဘယ်သူ့ကို သားမက်တော်ရတော်ရ အတူတူပဲ ... ဒီတော့ကာ မေ့ကို ငါနဲ့ပြောဆိုထားလို့ဆိုပြီး အားနာမနေနဲ့ ... စိတ်ထဲရှိတာသာပြောပစ် ... ငါကလည်း ကမ္ဘာဦးပါလို့ အလုံးကို ကြေညာနိုင်မှတော့ ငါကိုယ်တိုင်အနေနဲ့ ပြောချင်တဲ့စကားတွေ ယိမ်းကို ဝိုင်ဝိုင်ကြီးပြောတော့မယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ကမ္ဘာဦး ... မင်းကလဲကွာ"

"ဘာလဲ ... ရုက်ပြန်ပြီလား ... အဲ့တာတုံးတာထက် ရုက်တာက ပိုဆိုးတယ်နော် ... ဘာမှ အထူးမပြောက်ဘူး ... ကဲ ... ယိမ်းရေ ... ယိမ်းကို ကိုဦးပြောစရာရှိတယ် ... လူတွေမကြားနိုင်တဲ့နေရာမှာ သွားပြောမယ် ... ဒီနှစ်ယောက်ကိုတော့ သူတို့ စိတ်ထဲရှိတာ အနှောင့်အယှက်ကင်းကင်းနဲ့ ပြောခွင့်ရအောင် ဒီမှာပဲထားခဲ့တာပေါ့ ... လာ"

ကမ္ဘာဦးက နှုတ်သွက်လက်သွက်နဲ့ ယိမ်းကို လက်ဆွဲကာ ခေါ်ထုတ်သွားလျှင် သားရွှေရောင်နှင့် မေဝန်းချိုတို့ကတော့ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ ရှက်စနိုး၊ ပြုံးစိစိနဲ့ ကျန်ခဲ့ရလေသည်။

4:00 P.M
26.6.2009
FRIDAY

www.burmeseclassic.com